ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ

# ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး
# မြေယာမူဝါဒ

# Karen National Union – KNU
# Land Policy

# မာတိကာ


နိဒါန်း (Preamble)..........၁
အခန်း ၁။ ပဏာမ (Preliminary)..........၇
အပိုဒ် ၁.၁။ ကော်သူးလေ မြေယာမူဝါဒဆိုင်ရာ အခြေခံမူ
(Basic Principle of Kawthoolei Land Policy)..........၇
အပိုဒ် ၁.၂။ ရည်ရွယ်ချက် (Objectives)..........၈
အပိုဒ် ၁.၃။ သဘောသဘာဝနှင့်အတိုင်းအတာ (Nature and Scope).......၁၁
အပိုဒ် ၁.၄။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ (Definitions)..........၁၂

အခန်း ၂။ အထွေထွေ မူဝါဒဆိုင်ရာ ကိစ္စရပ်များ (General Policy Matters)..........၂၁
အပိုဒ် ၂.၁။ အခြေခံသဘောတရားများ (Basic Principles)..........၂၁
အပိုဒ် ၂.၂။ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ အခြေခံမူများ
(Principles of Implementation)..........၂၄
အပိုဒ် ၂.၃။ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ
(Rights and Responsibilities)..........၂၆
အပိုဒ် ၂.၄။ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ (Policy, Legal and Organizational Frameworks related to Land Governance)..........၃၀

အခန်း ၃။ မြေယာလုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများအား အသိအမှတ်ပြုခြင်းနှင့် ခွဲဝေသတ်မှတ်ခြင်း
(Reconignation and Allocation of Tenure Rights and Duties)..........၃၃
အပိုဒ် ၃.၁။ အခြေခံသဘောတရားများ (Basic Principles)..........၃၃
အပိုဒ် ၃.၂။ တားဆီးကာကွယ်ပေးခြင်း (Safeguards)..........၃၅
အပိုဒ် ၃.၃။ 'ကော်'မြေများ ("Kaw" Lands)..........၃၇
အပိုဒ် ၃.၄။ တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့်
(Informal Tenure)..........၄၀
အပိုဒ် ၃.၅။ ကျေးရွာမြေ (Village Lands)..........၄၂
အပိုဒ် ၃.၆။ KNU အာဏာပိုင်များ၏ စီမံခန့်ခွဲမှုအောက်ရှိ အများပြည်သူ အကျိုး စီးပွားအတွက် ရည်ရွယ်ထားသောမြေ

(KNU Authorities-Managed Public Purpose Land) ............ ၄၅
အပိုဒ် ၃.၇။ အသုံးချပိုင်ခွင့်များအား စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း
(Regulating Use Rights) .................................................. ၄၇
အပိုဒ် ၃.၈။ သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်သော
စိုက်ပျိုးရေး (Contract Farming) ........................................ ၅၄
အပိုဒ် ၃.၉။ ရင်းနှီးမြှုပ်နှံမှု (Investment) ............................................... ၅၅

အခန်း ၄။ မြေယာလုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဆိုင်ရာ
ပြောင်းလဲမှုများ (Changes to Tenure Rights and Duties)................ ၆၃
အပိုဒ် ၄.၁။အခြေခံသဘောတရားများ (Basic Principles) ....................... ၆၃
အပိုဒ် ၄.၂။ လျော်ကြေးပေးခြင်း (Restitution) ........................................ ၆၅
အပိုဒ် ၄.၃။ ပြန်လည်ခွဲဝေပေးခြင်း (Redistribution)............................... ၆၈
အပိုဒ် ၄.၄။ ရုတ်သိမ်းခြင်း (Rescission)................................................ ၇၁
အပိုဒ် ၄.၅။ ပြန်လည်ပြင်ဆင်ခြင်း (Readjustment)............................... ၇၄
အပိုဒ် ၄.၆။ ရင်းနှီးမြှုပ်နှံမှု (Investment) ............................................... ၇၅

အခန်း ၅။ မြေယာလုပ်ပိုင်ခွင့် စီမံခန့်ခွဲခြင်း (Administration of Tenure) ............. ၇၇
အပိုဒ် ၅.၁။မှတ်ပုံတင်ခြင်း (Registration)............................................... ၇၇
အပိုဒ် ၅.၂။ တန်ဖိုးဖြတ်ခြင်း (Valuation)............................................... ၇၈
အပိုဒ် ၅.၃။ အခွန်ကောက်ခံခြင်း (Taxation).......................................... ၇၉
အပိုဒ် ၅.၄။ နေရာချထားရေးအစီအစဉ်အား ထိန်းညှိခြင်း
(Regulated Spatial Planning) ............................................ ၈၁
အပိုဒ် ၅.၅။ မြေယာလုပ်ပိုင်ခွင့်များနှင့် မြေယာလုပ်ပိုင်ခွင့်များနှင့်ပတ်သက်
သော အငြင်းပွားမှုများအား ဖြေရှင်းခြင်း (Resolution of
Tenure rights and Tenure Rights related Disputes) .......... ၈၁

အခန်း ၆။ အကောင်အထည်ဖော်ဆောင်ခြင်း (Implementation) ........................... ၈၄
အပိုဒ် ၄.၆။ ရင်းနှီးမြှုပ်နှံမှု (Investment) ............................................... ၇၅
အပိုဒ် ၆.၁။ သင်တန်းပို့ချခြင်း (Training).............................................. ၈၄
အပိုဒ် ၆.၂။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း
(Monitoring and Evaluation) ............................................... ၈၅

အင်္ဂလိပ်စာလုံး အတိုကောက်များ...................................................................... ၈၇

# နိဒါန်း
# (Preamble)

**KNU – ကရင်အမျိုးသားအစည်းအရုံး**ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွဲ့စည်းခဲ့သည်။ ရန်ကုန်မြို့တွင်ရှိသော အင်းစိန် ဌာနချုပ်မှ ဆုတ်ခွာခဲ့ပြီးနောက် **ကော်သူးလေအစိုးရ**အား ၁၉၄၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ တွင် တောင်ငူမြို့၌ ထူထောင်ခဲ့သည်။ ဌာနတော်တော်များများသည် ၎င်း၏ကြဇာအောက်တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ထိုအထဲမှ အထင်ရှားဆုံးမှာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာန ဖြစ်သည်။ KNU ၏ ပထမဦးဆုံး မြေယာမူဝါဒအား ၁၉၇၄ ခုနှစ်တွင် ကျင်းပသည့် KNU ၏ (၉) ကြိမ်မြောက် ညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၎င်းမူဝါဒသည် မိမိတို့ ကရင်အမျိုးသား များ ပိုင်ဆိုင်ခဲ့သည့်မြေအား မဆုံးရှုံးစေရန် **"လက်ငုတ် လက်မလွတ်ရေး"** ဟူသောဆောင်ပုဒ်အား အခြေပြုရေးဆွဲထားခြင်း ဖြစ်သည်။ သို့သော် ဗိုလ်ချုပ် နေဝင်း၏ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (BSPP) သည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းမှုမှတဆင့် အာဏာရရှိခဲ့ပြီး မြန်မာအစိုးရက မြန်မာနိုင်ငံသား များ၏ မြေများနှင့် ငှားရမ်းထားသည့်မြေများအား သိမ်းဆည်းကာ နိုင်ငံပိုင် အဖြစ် ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဆိုရှယ်လစ်အစိုးရခေတ်တွင် မြေအား နိုင်ငံပိုင်အဖြစ် သိမ်းယူခဲ့ကာ ကရင်လယ်သမားများ အပါအဝင် လယ်သမားအချို့သည် လျော်ကြေးများမရရှိဘဲ ၎င်းတို့၏ မြေပိုင်ဆိုင်မှုနှင့် အသုံးချပိုင်ခွင့်များကို

ဆုံးရှုံးခဲ့ကြရသည်။ ထို့နောက် ဗမာအစိုးရသည် ဖြတ်လေးဖြတ်စစ်ဆင်ရေးအား ၁၉၇၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ကရင်ပြည်သူများသည် ၎င်းတို့၏မြေများအား နည်းပေါင်းစုံဖြင့် ထပ်မံဆုံးရှုံးခဲ့ကြရပြန်ကာ ထိုအထဲတွင် စစ်တပ်ဦးဆောင်ပြီး ကျေးရွာများအား တိုက်ခိုက်ခြင်းနှင့် ဗမာစစ်စခန်းများ ချထားလာခြင်း၊ လမ်းများဖောက်လုပ်ခြင်းနှင့် ရေကာတာများ တည်ဆောက်ခြင်း အစရှိသော အခြေခံ အဆောက်အအုံဆိုင်ရာဖွံ့ဖြိုးမှုလုပ်ငန်းများလည်း ပါဝင်သည်။ ထိုအချိန်မှစပြီး ကရင်ပြည်သူများအပေါ် စစ်တပ်ဦးဆောင်သည့် တိုက်ခိုက်ခြင်းများ အကြိမ်များစွာဖြစ်ပွားခဲ့ကာ မြေယာလုပ်ပိုင်ခွင့်နှင့်လူနေမှုဘဝ လုံခြုံရေးတို့အပေါ် ထိခိုက်မှုများ ထပ်မံဖြစ်ပေါ်လာစေသည်။ ကရင်ပြည်သူများသည် ၎င်းတို့၏ကျေးရွာများအား စွန့်လွှတ်ခဲ့ကြရပြီး ယနေ့တိုင်အောင် နိုင်ငံအတွင်းတွင် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် (IDPs) များနှင့် ထိုင်း နိုင်ငံအတွင်းဒုက္ခသည်များအဖြစ်သို့ ရောက်ရှိသွားကြရသည်။

မြန်မာအစိုးရ၏ဥပဒေအောက်က လွတ်မြောက်ပြီး ကရင်လူမျိုးများ မိမိတို့မြေများအား အသုံးချနိုင်ရန် KNU သည် ၎င်း၏မြေယာမူဝါဒအား ချမှတ်ခဲ့သည်။ သို့သော် ၂၀၀၀ ခုနှစ်များအလယ်ပိုင်းတွင် KNU ၏ မြေယာမူဝါဒသည် ခေတ်မမီတော့ဘဲ ဆီလျော်မှု လျော့နည်း လာသောကြောင့် KNU ၏ စိုက်ပျိုးရေးဌာနအကြီးအကဲဖြစ်သည့် P'doh Thu Thay Kor သည် မူဝါဒအား ၂၀၀၅ ခုနှစ်တွင် **"မြေသည် ဒေသခံပြည်သူများအတွက် ဖြစ်သည်"** ဟူသော ခေါင်းစဉ်အသစ်ဖြင့် ပြန်လည်ပြင်ဆင် ရေးဆွဲခဲ့သည်။ ထိုပြင်ဆင်ထားသော မူဝါဒအား မေလ ၆ ရက်၊ ၂၀၀၉ ခုနှစ်တွင် ကျင်းပသည့် KNU ၏ ၁၄ ကြိမ်မြောက် ညီလာခံတွင် KNU ၏ အမှုဆောင်ကော်မတီ (EC) က အတည်ပြုခဲ့သည်။ တဖန် ၎င်းမြေယာမူဝါဒကို ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံး (၁၅) ကြိမ်မြောက်ညီလာခံအပြီး၌ မြေယာပိုင်ဆိုင်မှုကို စီမံခန့်ခွဲရာတွင် လူ့အဖွဲ့အစည်း တိုးတက်မှုနှင့် လူမှုဘဝ ဖူလုံရေးကို ဖြည့်ဆည်းပေးစေပြီး တရားမျှမှုရှိစေရန် ရည်ရွယ်၍ လက်ရှိ ခေတ်စနစ်နှင့်အညီ **"မြေယာသည် ပြည်သူလူထုကပိုင်ဆိုင်သည်"** ဟူသောခေါင်းစဉ်ဖြင့် ထပ်မံပြင်ဆင် ရေးဆွဲပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သည့် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးမှ အတည်ပြုလိုက်ပါသည်။

ဤကရင်အမျိုးသားအစည်းအရုံး (KNU) ၏ မြေယာမူဝါဒသည် မြေယာလုပ်ပိုင်ခွင့်များနှင့် အဆိုပါ အခွင့်အရေးများအား တောင်းဆိုရန် အရည်အချင်း ပြည့်မီသော တောင်းဆိုသူ အမျိုးအစားများကို ကိုင်တွယ်ဖြေရှင်းပေးရန် ဖြစ်သည်။ ဤလုပ်ပိုင်ခွင့်များအား ပြန်လည်ပြင်ဆင်ထားသည့် မြေယာလုပ်ပိုင်ခွင့်မှတဆင့် လုပ်ဆောင်ရမည်။ ဤမူဝါဒသည် ကြိုးကိုင်ခြယ်လှယ်မှုနှင့် ရှုပ်ထွေးမှု ဖြစ်နိုင်ခြေများ ပိုမိုများပြားမလာစေသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ပြီး ကရင်ပြည် (ယခုမှစ၍ **"ကော်သူးလေ"** ဟု သုံးသွားမည်) အား လူမှုရေးတရားမျှတမှုအပေါ် အခြေခံသော ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ကရင်လူမျိုးအားလုံးနှင့် ကြာမြင့်စွာ အခြေချခဲ့သည့် ရပ်ရွာလူထုအသိုင်းအဝိုင်းတို့၏ **လူမှုရေးအရတရားဝင်သည့်**[၁] မြေယာပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုရန်၊ လျော်ကြေးများ ရရှိရန်၊ အကာအကွယ်များပေးရန်နှင့် အထောက်အကူပေးရန် ရည်ရွယ်ပြီး ထိုမှတဆင့် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအပေါ် ပိုမိုကောင်းမွန်လာသည့် နိုင်ငံရေးဆိုင်ရာနှင့် ဂေဟဗေဒဆိုင်ရာ အုပ်ချုပ်မှုမျိုး ရရှိရန် ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေအနေအတွင်းမှ ပိုမိုခိုင်မာသည့် ကိုယ်ပိုင်အုပ်ချုပ်မှုဆီသို့ ဦးတည်သည်။

မြေယာမူဝါဒများသည် မည်သည့်အခါမျိုးတွင်မှ ကြားနေ အနေအထားတွင် မရှိပါ။ ၎င်းတို့သည် ရှိရင်းစွဲအနေအထားအား အတိုင်းအတာတခုထိ အားဖြည့်ခြင်း (သို့မဟုတ်) အားနည်းအောင် ပြုလုပ်ခြင်းဖြင့် လိုအပ်သလို ပြောင်းလဲပေးသည်။ ထို့ကြောင့် မြေယာမူဝါဒတခုသည် မည်သည့် ချဉ်းကပ်ပုံအား အသုံးပြုထားသည်ဆိုသည်မှာ အရေးကြီးသည်။ ကော်သူးလေအတွက် အချက်နှစ်ချက်အား ဦးစားပေးသည့် ချဉ်းကပ်ပုံတခု လိုအပ်သည်။ ပထမအချက်မှာ မိရိုးဖလာအရနေထိုင်ခြင်းနှင့် လုပ်ပိုင်ခွင့်တို့ကို လူမှုရေးအရတရားဝင်အောင်ပြုလုပ်ရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်း များနှင့် ဆက်စပ်သည့် သဘာဝသယံဇာတ

၁ ပိုဒ်ခွဲ ၁.၄ ရှိ အဓိပ္ပါယ် ဖွင့်ဆိုချက်များတွင်ကြည့်။

များအား စီမံခန့်ခွဲခြင်းနှင့် အပြိုင်အဆိုင် တောင်းဆိုမှုများအား ဖျန်ဖြေပေးခြင်း အတွက် ဥပဒေများအသိအမှတ်ပြုခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ ရေးဆွဲခြင်းတွင် လက်ရှိကျင့်သုံးနေသောကြောင့် ဖြစ်သည်။ အဆိုပါ ဓလေ့ ထုံးတမ်းအရ ကျင့်သုံးမှုတွင် တောင်ယာစိုက်ပျိုးခြင်း၊ ပြည်သူအစုအဖွဲ့ပိုင် သစ်တောနှင့်စားကျက်မြေတို့ပါဝင်သည်။

ဒုတိယအချက်မှာ ထိုကဲ့သို့သော ချဉ်းကပ်ပုံသည် ကရင်လူမျိုးများက ယခင်ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ၎င်းတို့၏ဆန္ဒမပါဘဲ မိမိတို့နေရပ်များမှ စွန့်ခွာသွားရခြင်းနှင့် မိရိုးဖလာအရ ဝင်ရောက်နေထိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များကိုဆုံးရှုံးခဲ့ရခြင်းတို့အား အသိအမှတ် ပြုရမည်ဖြစ်ပြီး မြေယာမူဝါဒနှင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ပြုပြင်ပြောင်းလဲ ခြင်းများသည် ၎င်းအခြေအနေမျိုးအားဖြေရှင်းပေးရန် လိုအပ်သည်။

ကော်သူးလေတွင် အထူးသဖြင့် ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်း မရှိသူများနှင့် ရပ်ရွာလူထု အသိုင်းအဝိုင်းများအပါအဝင် လူများစု၏ ဘဝ များနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းများသည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား လက် လှမ်းမီနိုင်မှု၊ ထိရောက်စွာ ထိန်းချုပ်မှုနှင့် ရေရှည်အသုံးချနိုင်မှုတို့အပေါ် မူတည်နေသည်။ မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ် သည့် သဘာဝသယံဇာတများအား ထိရောက်စွာ လက်လှမ်းမီနိုင်ခြင်းသည် ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းများ တည်ဆောက်ခြင်း၊ လူမှုရေး ဆိုင်ရာပါဝင်မှုအတွက် အခြေခံအုတ်မြစ်များချပေးခြင်း၊ နိုင်ငံရေးပါဝင်မှုတွင် စွမ်းအားမြှင့်တင်ခြင်း (အထူးသဖြင့် ဖွံ့ဖြိုးမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် များ ချမှတ်သည့်အခါများတွင်) နှင့် ယဉ်ကျေးမှုနှင့် အစုအဖွဲ့တို့၏ ကိုယ်ပိုင် စရိုက်လက္ခဏာများ ထိန်းသိမ်းနိုင်ရန်အတွက် အလွန်အရေးကြီးသည်။ အဆိုပါအရင်းအမြစ်များအား အပြည့်အဝ၊ အဓိပ္ပါယ်ရှိရှိနှင့် ထိရောက်စွာ လက်လှမ်းမီနိုင်ခြင်းနှင့် ထိန်းချုပ်နိုင်ခြင်းသည် လူတို့၏တည်ရှိမှု၊ ကောင်း ကျိုးချမ်းသာနှင့် ရှင်သန်ရပ်တည်မှုတို့အတွက် အဓိကကျသည်။ ထိရောက်စွာ လက်လှမ်းမီနိုင်ခြင်းနှင့် ထိန်းချုပ်နိုင်ခြင်းဆိုသည်မှာအချိန်ကာလနှင့်အညီ

မြေနှင့်အခြားဆက်စပ်သည့် သဘာဝအရင်းအမြစ်များအား အသုံးချရန်နှင့် အကျိုးအမြတ်ရယူရန်၊ နှင့် ၎င်းတို့အား မည်ကဲ့သို့အသုံးချမည်နှင့် မည်သည့်အတွက် အသုံးချမည်ကို ဆုံးဖြတ်ချက်များချရာတွင် ပါဝင်ရန် အသိအမှတ်ပြုထားသော အခွင့်အရေးအဖြစ် ဤနေရာတွင် နားလည်ထားသည်။

ပြည်သူများ၊ လူထုအသိုင်းအဝိုင်းများနှင့် အခြားသောသူများသည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား နေထိုင်ရန်နှင့် အသုံးချရန် အသိအမှတ်ပြုခံရခြင်းနှင့် လူမှုရေးအရ တရားဝင်သော အခွင့်အရေးအား မည်ကဲ့သို့ ရရှိပြီး ထိန်းသိမ်းသည်ကို လူမှုရေးအရ တရားဝင်စနစ်များဖြစ်သော မြေယာလုပ်ပိုင်ခွင့်မှတဆင့် လူ့အဖွဲ့အစည်းများနှင့် ရပ်ရွာမိရိုးဖလာအရ လူထုအသိုင်းအဝိုင်းများက တရားဝင်ဖြစ်စေ၊ တရားဝင် မဟုတ်သည်ဖြစ်စေ အဓိပ္ပါယ်ဖွင့်ပြီး စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားသည်။ မြေယာလုပ်ပိုင်ခွင့်စနစ်များသည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများကို မည်သူက ရပိုင်ခွင့်ရှိသည်၊ မည်မျှကြာအောင်နှင့် မည်သည့်ယာယီကာလများနှင့် မည်သည့် ရည်ရွယ်ချက်များအတွက်ဆိုသည်တို့ကို အဆုံးအဖြတ်ပေးသည်။ မြေယာလုပ်ပိုင်ခွင့် စနစ်များသည် ချရေးထားသည့် မူဝါဒများနှင့်ဥပဒေများအပြင် ချရေးထားခြင်းမရှိသည့် ဓလေ့ထုံးတမ်းများနှင့် အလေ့အထများအပေါ်လည်း အခြေခံထားနိုင်သည်။

နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ဤမူဝါဒသည် ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်းမရှိသူများနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ ဝင်ရောက်နေထိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များအား ဦးစားပေးပြီး မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများ၏ လူမှုရေးနှင့် ဂေဟဗေဒဆိုင်ရာ အသုံးဝင်မှုများအား အသားပေးသည့် လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်စနစ်မှတဆင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုအား ပံ့ပိုးပေးသည်။

ဤမူဝါဒသည် လူ့အခွင့်အရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းနှင့် ကော်သူးလေ

ဒေသရှိ လူ့အဖွဲ့အစည်းဝင်အားလုံးအတွက် တရားမျှတပြီး ငြိမ်းချမ်းသည့် အနာဂတ်အား အစဉ်မပြတ်ဖော်ဆောင်ရေးကို လှုံ့ဆော်ပြီး မြှင့်တင်ရန် ရည်ရွယ်သည်။

# အခန်း၁။ ပဏာမ

# (Preliminary)

## အပိုဒ်၁.၁။ ကော်သူးလေမြေယာမူဝါဒဆိုင်ရာအခြေခံမူ

## (Basic Principle of Kawthoolei Land Policy)

**၁.၁.၁။** မြေယာ၊ သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့် သဘာဝ သယံဇာတများအား တိုင်းရင်းသား ပြည်သူလူထုက ပိုင်ဆိုင်သည်။

**၁.၁.၂။** ဒေသခံ တိုင်းရင်းသားပြည်သူလူထု နှင့် ရပ်ရွာအဖွဲ့ အစည်းများ၏ မိရိုးဖလာအရ တရားဝင် မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရမည်။

**၁.၁.၃။** တိုင်းရင်းသားပြည်သူလူထုတိုင်း (နိုင်ငံသားတိုင်း) သည် မြေယာပိုင်ဆိုင်ခွင့်ရှိပြီး ၎င်းအား အကန့်အသတ်အားဖြင့် ပိုင်ဆိုင်မှု ရှိစေရမည်။ မိမိကိုယ်တိုင် ခါးမဦးချ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်သူသည် အဆိုပါ လယ်ယာမြေကိုလည်းကောင်း၊ ဥယျာဉ်ခြံမြေကိုလည်းကောင်း ပိုင်ဆိုင်ခွင့်ရှိသည်။

**၁.၁.၄။** ပြည်သူလူထုက ၎င်းတို့ပိုင်ဆိုင်သည့် မြေယာအား ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ ငှားရမ်းခွင့် နှင့် အမွေဆက်ခံပိုင်ခွင့် ပါဝင်သည့် လွှဲပြောင်းပိုင်ခွင့်ရှိသည်။

**၁.၁.၅။** ပြည်နယ်ဒေသအတွင်း၌ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့သော ဒေသခံ တိုင်းရင်းသား ပြည်သူများသည် ၎င်းတို့အသက်ရှင်နေထိုင်သော နယ်မြေ၊ ကျေးရွာတဝိုက်ရှိ သဘာဝမြေ၊ တောရိုင်းမြေ၊ သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်တို့ကို စုပေါင်းပိုင်ဆိုင် အသုံးချခွင့်ရှိသည်။

**၁.၁.၆။** အစိုးရအာဏာပိုင်အဖွဲ့ အစည်းများက ဖွံ့ ဖြိုးရေးစီမံကိန်းလုပ်ငန်းများ

ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးအလို့ငှာ မြေယာများသိမ်းယူရန် လိုအပ်ပါက မြေယာအပေါ် (အကန့်အသတ်နှင့်) တဦးချင်း ပိုင်ဆိုင်ခွင့်၊ ဒေသခံပြည်သူများ၏ စုပေါင်းပိုင်ဆိုင် အသုံးချခွင့်၊ မိရိုးဖလာအရ မြေယာ ပိုင်ဆိုင်ခွင့်တို့အား အသိအမှတ်ပြုသည့် အခြေခံတွင် ဒေသခံပြည်သူများနှင့် ညှိနိုင်းပြီး အသုံးဝင်တန်ဘိုးအရ ကာလပေါက်ဈေးနှင့် လိုက်လျှောညီထွေစွာ ထိုက်သင့်သည့် လျော်ကြေးပေးခြင်း၊ သင့်တင့်မျှတသည့်မြေနေရာ အစားထိုး ပေးခြင်း၊ နစ်နာဆုံးရှုံးသူတို့အား ဘဝပြန်လည် ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

**၁.၁.၇။** အထက် အပိုဒ်(၁.၁၆) ပါ အခွင့်အရေး ရပိုင်ခွင့်ရှိသူများအား အသိ အမှတ်ပြုပြီး ၎င်းတို့အား အခြားသူများက ပိုင်နက်ကျူးကျော်ခြင်း၊ တရားမဝင် ဝင်ရောက်နေထိုင်ခြင်း၊ အသုံးချခြင်း၊ အဓမ္မသိမ်းယူခြင်းတို့မှ အကာအကွယ် ပေးရမည်။

**၁.၁.၈။** မိမိနေရင်းရပ်ကို စွန့်ခွာထွက်ပြေးနေရသူများသည် ၎င်းတို့ ပိုင်ဆိုင်ခဲ့ သော မြေယာများအား ပြန်လည်ရပိုင်ခွင့်နှင့် လျော်ကြေးရပိုင်ခွင့်ရှိသည်။

**၁.၁.၉။** ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ) အနေဖြင့် မြေယာပိုင်ဆိုင်မှု ကို အသိအမှတ်ပြု မှတ်တမ်းတင် ဆောင်ရွက်ပေးသည့် မြေယာမှတ်ပုံတင်စနစ် နှင့် မြေယာကို စီမံခန့်ခွဲမှု စနစ်တို့ကို ဖော်ဆောင်သည့် ယန္တယားတည်ဆောက် လည်ပတ်စေရမည်။ မြေယာနှင့်စပ်လျှဉ်း၍ အငြင်းပွားမှုများအား ဖြေရှင်း ဆောင်ရွက်သည့် ကော်မတီများ ဖွဲ့စည်းရာတွင် ကေအဲန်ယူအာဏာပိုင်များ သာမက လူထု၏ ပါဝင်ပတ်သက်မှုကို အခြေခံလျှက် တောင်သူလယ်သမား သမဂ္ဂများ၊ ဥပဒေပညာရှင်များ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းစေရမည်။

## အပိုဒ်၁.၂။ရည်ရွယ်ချက် (Objectives)

**၂.၁.၁။** ယခုမြေယာမူဝါဒနှင့်အတူ ကရင်အမျိုးသားအစည်းအရုံး– KNU (ယခု မှစ၍ **"KNU အာဏာပိုင်များ"** ဟု သုံးသွားမည်) သည် နိုင်ငံတကာ လူ့အခွင့်အ

ရေး စံချိန်စံနှုန်းများ ထိန်းသိမ်းရန်၊ ကရင်လူမျိုးအားလုံးနှင့် ကြာမြင့်စွာ အခြေချခဲ့သည့် ရပ်ရွာလူထုအသိုင်းအဝိုင်းတို့ ဖူလုံရေးကို မြှင့်တင်ရန်နှင့် ကော်သူးလေအနံ့တွင် ဒေသတွင်းအစားအစာ ထုတ်လုပ်မှုစနစ်များ၊ ဂေဟစနစ်များနှင့် အစားအစာလုံခြုံမှုတို့အား ကာကွယ်ပေးရန် ကြိုးပမ်းလုပ်ဆောင်လျှက်ရှိသည်။ မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများနှင့် ပတ်သက်ပြီး ဤမူဝါဒအတွင်းရှိ သီးခြားဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

**၁.၂.၂။** ကရင်လူမျိုးများနှင့် ကြာမြင့်စွာအခြေချခဲ့သည့် ကျေးရွာလူထု အသိုင်းအဝိုင်းများ၏ မြေယာလုပ်ပိုင်ခွင့်များအားအသိအမှတ်ပြုရန်၊ ကာကွယ်ရန်၊ ဦးစားပေးရန်နှင့် မြှင့်တင်ရန်အတွက်၊ ဆင်းရဲနွမ်းပါးသူများ၊ ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်းမရှိသူများ၏ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များအား အသားပေးပြီး၊ အမျိုးသမီးများနှင့်လူငယ်များ၏ အခွင့်အရေးများကိုလည်း အထူးဂရုပြုကာ ၎င်းတို့၏ အခွင့်အရေးများနှင့် အသုံးချမှု အကျိုးအမြတ်များ ဆုံးရှုံးခြင်းမှ ကာကွယ်ပေးရန်။

**၁.၂.၃။** မြေယာလုပ်ပိုင်ခွင့်ပုံစံမျိုးစုံ (Tenure) နှင့် ၎င်းတို့နှင့်ပတ်သက်သည့် အခွင့်အရေးများ၊ စည်းမျဉ်းများ၊ တာဝန်ဝတ္တရားများနှင့် ပိုင်ဆိုင်မှု၊ ဝင်ရောက်နေထိုင်မှု၊ အသုံးချမှုတို့ဆိုင်ရာ အကန့်အသတ်များနှင့် စီမံခန့်ခွဲမှုဓလေ့များအား တရားမျှတပြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ကာ ဖူလုံသောလူ့အဖွဲ့အစည်း အခြေအနေအောက်တွင် ပြဋ္ဌာန်းပေးရန်။

**၁.၂.၄။** ဓလေ့ထုံးတမ်းအရမြေယာလုပ်ပိုင်ခွင့် (Customary Tenure Rights) နှင့် ကျင့်သုံးထားခြင်းများအား အသိအမှတ်ပြု၊ ဦးစားပေးပြီး မြှင့်တင်ရန်နှင့် နေထိုင်ခွင့်များ တည်တံ့ခိုင်မြဲခြင်း၊ အသုံးပြုခြင်းနှင့် အများပိုင်မြေများအား အသုံးချနိုင်ခြင်းတို့အား အာမခံနိုင်ရန် – အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်းမရှိသူများနှင့် ကြာမြင့်စွာအခြေချခဲ့သည့် ရပ်ရွာလူထုများ အသုံးချနိုင်ရန်နှင့် ၎င်းတို့အား အခြားသူများ၏ ပိုင်နက်ကျူးကျော်ခြင်း၊ တရားမဝင် လာရောက်နေထိုင်ခြင်းနှင့် အသုံးချခြင်းများမှ လွတ်ငြိမ်းရန်။

**၁.၂.၅။** ၎င်းတို့၏မြေများ၊ အသက်မွေးဝမ်းကျောင်းများနှင့် အိုးအိမ်များထံမှ အတင်းအဓမ္မ ဖယ်ရှားခြင်းခံရသော ဒုက္ခသည်များနှင့် မိမိနေရင်းအရပ်ကို စွန့်ခွာထွက်ပြေးနေရသူများ၏ လျော်ကြေး ရပိုင်ခွင့်များကို အသိအမှတ်ပြု၊ ဦးစားပေးပြီး မြှင့်တင်ရန်။

**၁.၂.၆။** ဂေဟဆိုင်ရာ သင့်တော်ကောင်းမွန်သည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းများ (ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း၊ သီးနှံများ ကောက်ခြင်းနှင့် တိရိစ္ဆာန် ထိန်းကျောင်းခြင်းအပါအဝင်) အား ထိန်းသိမ်းရန် ကြိုးပမ်းအားထုတ်ခဲ့သောဒေသခံများနှင့် ကြာမြင့်စွာအခြေချ နေထိုင်နေသူများ၏ လုပ်ဆောင်မှုများအား အပြည့်အဝ အသိအမှတ်ပြုရန်နှင့် အားလုံး၏ လူမှုရေးဆိုင်ရာဖူလုံမှုနှင့် ဂေဟဆိုင်ရာ ဖူလုံမှုများကို အကျိုးပြုသည့် အထွေထွေ နေထိုင်မှု ဓလေ့များအား အသိအမှတ်ပြုရန်။

**၁.၂.၇။** ရေရှည်တည်တံ့ခိုင်မြဲသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကောင်းမွန်သည့် ဂေဟစိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်း မွေးမြူထုတ်လုပ်ရေး ဓလေ့များအား ဦးစားပေးမြှင့်တင်ရန်။

**၁.၂.၈။** ဒေသခံပြည်သူများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများ ကျင့်သုံးနေသော ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်များ (Customary Tenure) အပါအဝင် လူမှုရေးအရတရားဝင်သည့် မြေယာလုပ်ပိုင်ခွင့်များ (Socially-Legitimate Tenure) ကို တိကျစွာမှတ်တမ်းတင်ပြီး မှန်ကန်ကြောင်း တရားဝင်ထောက်ခံသော အားလုံးတတ်နိုင်ပြီး အလွယ်တကူ အသုံးပြုနိုင်သည့် မြေယာမှတ်ပုံတင် စနစ်တခုအား ပြဋ္ဌာန်းရန်။

**၁.၂.၉။**မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် နစ်နာမှုများနှင့် အငြင်းပွားမှုများအား ကိုင်တွယ်ကုသပေးရန်အတွက် သင့်တော်ပြီး လက်လမ်းမီနိုင်သော ထိရောက်သည့်စနစ်တခု ချမှတ်ရန်။

**၁.၂.၁၀။** သက်ဆိုင်ပြီး သင့်တော်သည့် KNU ဌာနနှင့် အေဂျင်စီအားလုံးအတွက် သက်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် အခန်းကဏ္ဍများ ချမှတ်ရန်။ အဆိုပါ မူဝါဒထဲတွင် –ကရင်စိုက်ပျိုးရေးဌာန (KAD)၊ ကရင်သစ်တောဌာန (KFD)၊

ကရင်ရေလုပ်ငန်းဌာန (KFiD)၊ ကရင်သတ္တုတွင်းဌာန (KMD)၊ ကရင်ပြည်ထဲရေးရာဌာန (KID) နှင့် ကရင်တရားရေးဌာန (KJD) တို့ပါဝင်သည်။

## အပိုဒ်၁.၃။ သဘောသဘာဝနှင့်အတိုင်းအတာ (Nature and Scope)

**၁.၃.၁။** ကော်သူးလေနယ်မြေအတွင်းရှိ မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများလုပ်ပိုင်ခွင့်ကို မျှတပြီး တရားဝင်သော၊ ငြိမ်းချမ်းစွာနှင့် ဂေဟဆိုင်ရာ အုပ်ချုပ်ခြင်းအား အထောက်အကူပြုမည့် စည်းမျဥ်းဥပဒေများကို ဤမူဝါဒက ချမှတ်ပေးသည်။

**၁.၃.၂။** ဤမူဝါဒသည် ကော်သူးလေနယ်မြေအတွင်းရှိ မိရိုးဖလာ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် အခြား ကြာမြင့်စွာအခြေချခဲ့သည့် ရပ်ရွာလူထုများနှင့် မြေ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဇီဝမျိုး ကွဲများနှင့်သက်ဆိုင်သည့် မိရိုးဖလာ နေထိုင်မှု၊ အသုံးချမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ဓလေ့များကို အသိအမှတ်ပြုသည်။

**၁.၃.၃။** ဤမူဝါဒအား နိုင်ငံတကာ လူ့အခွင့်အရေး အခြေခံသဘောတရားများနှင့် စံချိန်စံနှုန်းများနှင့်အညီ အဓိပ္ပါယ်ဖွင့်ပြီး စီမံခန့်ခွဲရမည်ဖြစ်သည်။[၂]

**၁.၃.၄။** ဤမူဝါဒသည် အနာဂတ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် ဖက်ဒရယ်ပြည်ထောင်စုအား လိုလားသည့် KNU ၏ ဦးတည်ချက်နှင့် တပြေးညီဖြစ်သည်။

---

၂ ဤမူဝါဒသည် နိုင်ငံတကာလူ့အခွင့်အရေး ကိရိယာမျိုးစုံတို့အား ကိုးကားပြီး ၎င်းတို့ထဲတွင်– inter alia ၊ လူ့အခွင့်အရေး ကြေငြာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ညီလာခံ၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ညီလာခံတို့ အပါအဝင် အခြား ဆက်နွယ်သည့် ကိရိယာများဖြစ်သော ILO ညီလာခံ နံပါတ် ၁၆၉၊ ဇီဝမျိုးကွဲဆိုင်ရာ ညီလာခံ၊ ဌာနေတိုင်းရင်းသား ပြည်သူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေငြာစာတမ်း၊ the Right to Food, the Right to Water, the UN Principles on Housing and Property Restitution for Refugees and Displaced Persons (the “Pinheiro Principles”) ESifh FAO-Tenure Guidelines

အကြောင်းမှာ အောက်တွင် ဖော်ပြထားသော မူဝါဒသည် ဒေသခံပြည်သူများ၏ ဓလေ့ထုံးတမ်းဥပဒေများနှင့် အညီ (သို့မဟုတ်) ဒေသခံပြည်သူများ၏ ဓလေ့ထုံးတမ်းဥပဒေများကို လက်လှမ်းမီနိုင်သော ပြည်နယ်နှင့် မြို့နယ်အဆင့်တို့တွင် အကောင်အထည်ဖော်ထားသည့် မြေယာစီမံခန့်ခွဲမှုအာဏာတို့အပေါ် လုံးဝတည်နေသည်။

## အပိုဒ်၁.၄။အဓိပ္ပါယ်ဖွင့်ဆိုချက်များ (Definitions)

**၁.၄.၁။ အများပိုင်မြေများ (Communal Lands)** ဒေသခံကျေးရွာလူထု၏အဖွဲ့ဝင်အားလုံးက ဘုံအဖြစ်ထားရှိကာ ထိန်းသိမ်းပြီး အသုံးပြုသောမြေကို ဆိုလိုသည်။ အများပိုင်မြေများသည် ရိုးရာ 'ကော်' မြေယာလုပ်ပိုင်ခွင့် စနစ်များ၏ အဓိကအချက်ဖြစ်ပြီး ဤမူဝါဒတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ကျေးရွာမြေများ၏ အစိတ်အပိုင်းတခုလည်း ဖြစ်နိုင်သည်။ အများပိုင်မြေများသည် မြေတခုတည်းသာ ပါဝင်ခြင်းမဟုတ်ဘဲ ပတ်သက်သည့် သစ်တောနှင့် ရေသယံဇာတများပါ ပါဝင်သည်။

**၁.၄.၂။ "ကော်"**သည် ကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်ပုံစံ (Customary Tenure) ပင် ဖြစ်သည်။ ၎င်းထဲတွင် ပါဝင်သည်မှာ အများပိုင် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများဖြစ်ပြီး ၎င်းတို့အား သီးခြား ရပ်ရွာလူထု အဖွဲ့အစည်းတခု၏ ကြီးကြပ်အုပ်ချုပ်မှုနှင့် မြေယာလုပ်ပိုင်ခွင့်အစီအမံအောက်တွင် ဝင်ရောက်နေထိုင် အသုံးပြုပြီး စီမံအုပ်ချုပ်သည်။ ကော်အား အောက်ပါအတိုင်း ဖွဲ့စည်းထားသည် –

- မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား အစုလိုက် ဝင်ရောက်နေထိုင်ပြီး အသုံးချခြင်း – ပြည်သူအစုအဖွဲ့ပိုင်သစ်တောများ၊ စားကျက်မြေများ၊ ကျေးရွာ (လူနေ

ထိုင်သော)၊ အများပိုင် ဥယျာဉ်များ၊ ရေလုပ်ငန်းများနှင့် အချို့ 'ကု'[၃] တောင်ယာအလှည့်ကျ စိုက်ပျိုးရေးဇုန်များ (ပလပ်မြေများ အပါအဝင်) နှင့် အခြား အမျိုးအစားများ ပါဝင်သည်။

- မိသားစုများ သို့မဟုတ် အိမ်ထောင်စုများ ဝင်ရောက်နေထိုင်ပြီး အသုံးချသည့် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများ၊ နေအိမ်ဝင်းများ၊ နေအိမ်တွင်းရှိ ဥယျာဉ်များ၊ 'ကု' တောင်ယာအလှည့်ကျ စိုက်ပျိုးရေးဇုန်များ (ပလပ်မြေများ အပါအဝင်)၊ သစ်သီးခြံများ၊ မြေပြန့်လယ်မြေများ နှင့် အခြားအမျိုးအစားများ။

- ရိုးရာသင်္ချိုင်းမြေများကဲ့သို့သော ဘာသာရေးအရာ အထွတ်အမြတ်ထားသည့် နယ်မြေများ

- ယဉ်ကျေးမှုအမွေအနှစ်တည်နေရာများ

စသည်တို့ကို အသိအမှတ်ပြုရမည်မှာ ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းဥပဒေများသည် အချိန်နှင့်အညီ ပြောင်းလဲတတ်ပြီး သက်ဝင်လျှက်ရှိကာ ကျေးရွာတခုမှတခုနှင့် ဒေသတခုမှတခု မတူညီမှုနှင့် ပြောင်းလဲမှုများ ရှိနိုင်သည်။

**၁.၄.၃။ ကျေးရွာမြေများ (Village Lands) –** ကျေးရွာမြေများဆိုသည်မှာ ဒေသခံကျေးရွာလူထုတခု၏ အဖွဲ့ဝင်များ နေထိုင်ပြီး အသုံးပြုသောမြေများကို ဆိုလိုသည်။ ၎င်းကျေးရွာမြေများထဲတွင် ဒေသခံကျေးရွာ လူထု၏ အဖွဲ့ဝင်အားလုံးက ဘုံအဖြစ်သတ်မှတ်ကာ ထိန်းသိမ်းပြီး အသုံးပြုသော အများပိုင်မြေများအပြင် စိုက်ပျိုးရေး သို့မဟုတ် နေထိုင်ရန်အတွက်အသုံးပြုသော အိမ်ထောင်စု/မိသားစုပိုင်မြေလည်း ပါဝင်သည်။ ကျေးရွာမြေများအား အခန်း ၃.၅ တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ကျေးရွာမြေယာကော်မတီများက စီမံအုပ်ချုပ်သည်။

**၁.၄.၄။ "ကု"** – ကရင်တောင်ယာ အလှည့်ကျစိုက်ပျိုးရေး၏ ရိုးရာစနစ် (Karen upland Rotational Farming) ဖြစ်သည်။ ဤစနစ်သည် ဂေဟဗေဒအရ

---

၃ အပိုဒ် ၁.၄.၄ တွင် ကြည့််။

ရေရှည်တည်တံ့နိုင်ပြီး သစ်တောများ ပြန်လည်ရှင်သန်လာရန်အတွက် ရေရှည် ပလပ်ကာလများနှင့်အတူ ရေတိုသီးနှံများ စိုက်ပျိုးခြင်းအပေါ် အခြေခံသည်။ 'ကု' ကျင့်သုံးမှု ဓလေ့များသည် ကရင်ယဉ်ကျေးမှု၊ လူမှုရေးဓလေ့ထုံးတမ်း အစဉ်အလာ၊ ဘာသာရေးဆိုင်ရာ ကျင့်သုံးမှုများနှင့် 'ကော်' မြေယာလုပ်ပိုင်ခွင့် စနစ်တို့တွင် စွဲမြဲစွာ အမြစ်တွယ်နေသည်။ အစဉ်အလာအရ ကျေးရွာအဖွဲ့ဝင် များသည် နေရာတခုချင်းစီတွင် မည်သူက စိုက်ပျိုးနေသည်ကို သိရှိကြပြီး မြေပေါ်တွင် ထုတ်လုပ်မှုများပြုလုပ်နေသော စိုက်ပျိုးသူများ၏ အခွင့်အရေး များအားလည်း လေးစားကြသည်။ ပလပ်မြေများသည် မြေဆီလွှာ အားဖြည့်ရန် အဓိကကျသည်။ ထို့ကြောင့် 'ကု'စနစ်အား ကျင့်သုံးနေသော ရပ်ရွာလူထုများ အတွက် ပလပ်မြေများ လုံခြုံစိတ်ချစွာ ထားရှိပိုင်ခွင့်သည် မရှိမဖြစ် လိုအပ် သည်။

**၁.၄.၅။ တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့် (Informal Tenure)** – မြေတွင် ဝင်ရောက် နေထိုင်သူများနှင့် အသုံးချသူများ၏ မြေယာအသုံးချမှုဓလေ့များအား KNU အာဏာပိုင်များ နှင့်(သို့မဟုတ်) ဓလေ့ထုံးတမ်းအရ အာဏာပိုင်များက ၎င်းတို့၏ မြေအသုံးချမှုလုပ်ထုံးများအား အသိအမှတ် မပြုသေးသော အခြေ အနေမျိုးကို ဆိုလိုပြီး ၎င်းတို့ထဲတွင် စစ်ဘေးရှောင်များ (IDP) များနှင့် ဒုက္ခ သည်များကဲ့သို့သော အထူးသဖြင့် ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်း မရှိ သူများ (Marginalized and Vulnerable People) နှင့် လူထု အသိုင်းအဝိုင်းများ ပါဝင်သည်။

**၁.၄.၆။ KNU အာဏာပိုင်များ၏စီမံခန့်ခွဲမှု အောက်ရှိ အများပြည်သူ အကျိုးစီးပွား အတွက်ရည်ရွယ်ထားသောမြေ (KNU Authorities-Managed Public Purpose Land - KMPPL)**အဆိုပါမြေသည် အများပြည်သူအကျိုး (သို့မဟုတ်) ဂေဟ စနစ်ဆိုင်ရာ ဝန်ဆောင်မှုအတွက် ရှင်းလင်းပြတ်သားစွာ ကြေငြာထားသော KNU အာဏာပိုင်များက စီမံခန့်ခွဲသည့် သဘာဝရှုခင်း နယ်မြေများကိုဆိုလို သည်။ ၎င်းအား ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များဖြင့် ပိုင်းခြားသတ်မှတ်ပေးသည်။ ကော်သူးလေဒေသတွင် KNU အာဏာပိုင်များ၏ စီမံခန့်ခွဲမှုအောက်ရှိ အများပြည်သူအကျိုးစီးပွား

အတွက် ရည်ရွယ်ထားသော မြေ (KMPPL) အမျိုးအစား (၃) မျိုးရှိသည်။ ၎င်းတို့မှာ – အခါအားလျော်စွာ ပေါ်ပေါက်သည့်မြေယာ (Periodic Land)၊ ထိန်းသိမ်းကန့်သတ်ထားသည့်မြေ (Reserved Land) နှင့် အများပြည်သူပိုင်သည့်မြေယာ (Public Land) တို့ဖြစ်သည်။

- **အခါအားလျော်စွာ ပေါ်ပေါက်သည့်မြေယာ (Periodic Land)** – ယခု (သို့မဟုတ်) နောက်တွင် KAD က မြေယာကော်မတီနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အာဏာပိုင်များ၏ ကြိုတင်၍ လွတ်လပ်စွာပေးသော သဘောတူခွင့်ပြုချက် (FPIC) နှင့် ပူးပေါင်းဆောင်ရွက်ကာ ချမှတ်ပေးသည့်မြေ ဖြစ်သည်။ ၎င်းတို့သည် ရေစီးဆင်းမှု (သို့မဟုတ်) မိုးရေတို့ အပေါ်မူတည်ပြီး ရေလမ်းကြောင်းတလျှောက်တွင် အချိန်ကာလအားလျော်စွာ ပေါ်ပေါက်တတ်သော မြေယာဖြစ်သည်။

- **ထိန်းသိမ်းကန့်သတ်ထားသည့် မြေယာ (Reserved Land)** – ယခု (သို့မဟုတ်) နောက်တွင် ကရင်သစ်တောဌာန (KFD) က သီးခြားသတ်မှတ်ပေးထားသော မြေယာများဖြစ်ပြီး ၎င်းတို့ထဲတွင် ‘သစ်တောကြိုးဝိုင်း’၊ (Reserved Forest)၊ ‘ထိန်းသိမ်းထားခြင်းမရှိသည့် သစ်တောများ’ (Unreserved Forest)၊ ‘တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောများ’ (Wildlife Protected Areas)၊ ‘အမျိုးသား ပန်းခြံနေရာများ’ (National Park Areas) နှင့် ထိုကဲ့သို့ ထိန်းသိမ်းထားသော မြေများနှင့်အတူရှိသည့် ကြားခံနယ်မြေများ (Buffer Zones) ပါဝင်သည်။

- **အများပြည်သူပိုင်သည့်မြေယာ (Public Land)** – ယခု (သို့မဟုတ်) နောက်တွင် KAD သည် အများပြည်သူ၏ အခြေခံအဆောက်အအုံအတွက် အသုံးချရန်ဟု သတ်မှတ်ထားသော မြေယာများဖြစ်သည်။ အဆိုပါ အခြေခံအဆောက်အအုံတွင် လမ်းများ၊ တံတားများ၊ KNU အာဏာပိုင်များ၏ အဆောက်အဦးများ၊ ကျောင်းများ၊ ဆေးရုံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် လူထုအသိုင်းအဝိုင်းဆိုင်ရာ အဖွဲ့အစည်းများ၏ရုံးများနှင့် အခြား အများပြည်သူသုံးစွဲရန်ဟု အများကသတ်မှတ်ထားသော အခြေခံအဆောက်အအုံများ ပါဝင်သည်။

**၁.၄.၇။ ဗဟိုမြေယာကော်မတီ**– အစိုးရဆိုင်ရာနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း/ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ ပါဝင်သည့် KNU ကော်မတီတခုဖြစ်ပြီး အဆိုပါကော်မတီအား ဤမူဝါဒ၏ ပိုဒ်ခွဲ (၃.၄) တွင်ဖော်ပြထားသည့် KNU မြေယာမူဝါဒနှင့် ၎င်း၏ အကောင်အထည်ဖော်ခြင်း တို့နှင့်ပတ်သက်သည့် ကိစ္စအားလုံးတို့အား စီမံခန့်ခွဲရန် KAD အောက်တွင် ရေရှည်လုပ်ပိုင်ခွင့်နှင့် အတူ ထူထောင်ထားရမည် ဖြစ်သည်။

**၁.၄.၈။ ကျေးရွာမြေယာကော်မတီ** – ရိုးရာ 'ကော်'မြေယာ အုပ်ချုပ်မှုဖွဲ့စည်းပုံများ မရှိသည့် ရပ်ရွာလူထုများထဲတွင် သင့်တော်သော အရေအတွက်ဖြင့် ရွေးချယ်ထားသည့် ဒေသခံ ခေါင်းဆောင်များနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် ဒေသခံ ကျေးရွာမြေ ကော်မတီတခုကို ဤမူဝါဒ၏ အပိုဒ် (၃.၅) အရ ထူထောင်ရမည်။ ၎င်းကော်မတီသည် ဤမူဝါဒတွင် အဓိပ္ပါယ်ဖွင့်ထားသော ကျေးရွာမြေများအား ဤမူဝါဒ၏ အပိုဒ် (၃.၅) အရ အုပ်ချုပ်ရန်တာဝန်ရှိပြီး ထိုအထဲတွင် မြေယာမှတ်ပုံတင်ခြင်း၊ စည်းမျဉ်းဥပဒေများအား ပြဋ္ဌာန်းခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းတို့ ပါဝင်သည်။

**၁.၄.၉။ ဓလေ့ထုံးတမ်းအရအာဏာပိုင်များ (Customary Authorities)** – 'ကော်' စနစ်တွင် 'ကော်' နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များချသော ကျေးရွာခေါင်းဆောင်များရှိသည်။ ဓလေ့ထုံးတမ်းအရ အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း အနေအထားသည် ဒေသခံရပ်ရွာလူထု၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအယူအဆများနှင့် အဖွဲ့အစည်းများမှ ဆင်းသက်လာသည်။

**၁.၄.၁၀။ စိုက်ပျိုးရေးဆိုင်ရာ စည်းမျဉ်းများ (Cultivation Rules)** – သည် ဗဟိုမြေယာကော်မတီနှင့် ပူးပေါင်းလုပ်ဆောင်၍ KAD က ချမှတ်ထားသည့် စိုက်ပျိုးရေးအား စီမံအုပ်ချုပ်သည့် စည်းမျဉ်းဥပဒေများကို ဆိုလိုပြီး ၎င်းတို့ထဲတွင် ပါဝင်သည်မှာ (၁) မြေယာအား ဈေးကစားမှု သက်သက်အတွက် အသုံးပြုရမည် မဟုတ်ဘဲ ဒေသတွင်း အစားအစာထုတ်လုပ်ရေးစနစ်များ၏ ကြံ့ခိုင်မှုအား အထောက်အကူပြုရန် အသုံးချရမည်ဆိုသော လိုအပ်ချက်၊ (၂) အထက်ပိုင်း ရေအသုံးချမှုများသည် အောက်ပိုင်း ရေအသုံးပြုနေသူများအပေါ် သွားရောက်ပြီး ထိခိုက်မှုမရှိစေရ ဆိုသော လိုအပ်ချက်၊ (၃) KAD ထံမှ ကြိုတင်

ခွင့်ပြုချက်အား ရှင်းလင်းစွာမရရှိမီ သဘာဝ မြေဩဇာအစား ဓာတုဗေဒဖြင့် ပြုလုပ်ထားသော ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် ဓာတ်မြေဩဇာ များအား အသုံးပြုခြင်းကို တားမြစ်ရန်ဆိုသည့် လိုအပ်ချက်တို့ ပါဝင် သည်။

**၁.၄.၁၁။ အမွေဆက်ခံခြင်းဆိုင်ရာစည်းမျဉ်းများ (Inheritance Rules)** – သည် အသုံးချပိုင်ခွင့်များအား အမွေဆက်ခံခြင်းကို အုပ်ချုပ်သည့် စည်းမျဉ်းများနှင့် ဥပဒေများကို ဆိုလိုပြီး ၎င်းတို့ထဲတွင် ပါဝင်သည်မှာ – (၁) ဗဟိုမြေယာ ကော်မတီနှင့် ညှိနှိုင်းတိုင်ပင်ပြီး ဓလေ့ထုံးတမ်းအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီ၏ သဘောတူညီချက်ဖြင့် အမွေဆက်ခံခြင်းဖြင့် လွှဲပြောင်းပေးခြင်းအား KAD က ခွင့်ပြုထားပြီးဖြစ်ကြောင်း လိုအပ်ချက်၊ ၎င်း အပြင် အမွေဆက်ခံကြောင်း ရေးသားထားသည့် သက်သေများအား KAD ထံသို့ ပေးပို့၍ မှတ်ပုံတင်ထားရမည်ဖြစ်သည်။ (၂) အရည်အချင်းမပြည့်မီသူ (သို့မဟုတ်) မြေယာအား ငွေထောက်ပံ့မှုတခုအတွက် အပေါင်အဖြစ် သုံးလိုသူ ထံသို့ မြေအား အမွေရထားသူက အမွေလွှဲပြောင်းခြင်းကို တားမြစ်ထားသည့် ကန့်သတ်ချက်၊ (၃) မြေယာအမွေ ဆက်ခံထားသူသည် စိုက်ပျိုးရေးဆိုင်ရာ ဥပဒေနှင့် ဤမူဝါဒတွင် ပါဝင်သော အခြားစည်းမျဉ်းများအား နားလည်ပြီး ၎င်းတို့နှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့် လိုအပ်ချက်များပင် ဖြစ်သည်။ အမွေဆက်ခံသည့် စည်းမျဉ်းများအား ကျင့်သုံးရာတွင် KAD သည် လိင်ခွဲခြားမှု မရှိစေသည့် နည်းလမ်းဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအ ကွယ်ပေးပြီး ဝင်ရောက်နေထိုင် အသုံးချသူများအား အသုံးပြုခွင့်ပေးရမည်။ အထူးသဖြင့် ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်း မရှိသူများနှင့် လူထုအသိုင်း အဝိုင်းများ၊ ဥပမာအားဖြင့်– IDP များနှင့် ဒုက္ခသည်များဖြစ်ပြီး ၎င်းတို့၏ မြေယာအသုံးချမှု ဓလေ့များအား KNU အာဏာပိုင်များနှင့် မိရိုးဖလာ အာဏာ ပိုင်များက အသိအမှတ်ပြုခြင်း မရှိသေးပါ။

**၁.၄.၁၂။ အသုံးချပိုင်ခွင့်များ လွှဲပြောင်းခြင်း နှင့်ပတ်သက်သည့် စည်းမျဉ်းများ (Use Rights Transfer Rules)** – သည် မြေအသုံးချပိုင်ခွင့်များ လွှဲပြောင်းခြင်းကို စီမံအုပ်ချုပ်သည့် စည်းမျဉ်းများနှင့် ဥပဒေများအား ရည်ညွှန်းကာ ၎င်းတို့ထဲ

တွင် ပါဝင်သည်မှာ (၁) အခါအားလျော်စွာ ပေါ်ပေါက်သည့်မြေယာ (Periodic Land) မှ မြေမပါရ၊ (၂) အသုံးချသူအသစ်သည် စိုက်ပျိုးရေးစည်းမျဉ်းများနှင့် ဤမူဝါဒတွင် ချမှတ်ထားသော အခြားစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည် ဆိုသည်ကို နားလည်သဘောတူရန် လိုအပ်ချက်၊ (၃) မြေယာအသုံးချပိုင်ခွင့်အား လွှဲပြောင်းသည့်အခါတွင် နှစ်ဦးနှစ်ဘက်စလုံးက သဘောတူညီချက် လက်မှတ် ရေးထိုးကာ မှတ်ပုံတင်ထားရမည်ဖြစ်ပြီး ဗဟိုမြေယာကော်မတီနှင့် ညှိနှိုင်းတိုင် ပင်၍ မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီထံမှ ကြိုတင်သဘောတူညီချက်ဖြင့် ၎င်းလွှဲပြောင်းသည့် သဘောတူညီချက်ကို KAD အား တင်ပြပြီး ခွင့်ပြုချက်ရယူရမည်ဆိုသော လိုအပ်ချက်၊ (၄) မြေယာ အား စာဖြင့်ရေးသားထားခြင်းဖြင့်သော်လည်းကောင်း (သို့မဟုတ်) မြေပုံနှင့် ရည်ညွှန်းထားခြင်းဖြင့် သော်လည်းကောင်း ဖော်ပြပေးရမည်ဆိုသော လိုအပ် ချက်၊ (၅) မူလမြေအသုံးပြုသူက သဘောထားအမှန်ဖြင့် ချုပ်ဆိုရာတွင် ပထမ ဆုံးအနေနှင့် ရွာထဲမှ အရည်အချင်းပြည့်မီသည့် ဆွေမျိုးတဦးတယောက်ထံသို့ လွှဲပြောင်းပေးခြင်း၊ ဒုတိယအနေနှင့် ရွာထဲမှ အရည်အချင်း ပြည့်မီသည့် ဆွေမျိုးမဟုတ်သူတဦးတယောက်ထံသို့ လွှဲပြောင်းပေးခြင်း၊ တတိယအနေနှင့် အရည်အချင်းပြည့်မီလျှင် လက်ရှိလယ်ယာထဲတွင် လုပ်ကိုင်နေသော အလုပ် သမား တဦးတယောက်အား လွှဲပြောင်းခြင်းများပြုလုပ်ရာတွင် မည်သည့်မြေ အသုံးချပိုင်ခွင့်အား မလွှဲပြောင်းမီ KAD က အဆုံးအဖြတ် ပေးရမည် ဖြစ် သည်။

**၁.၄.၁၃။ ကြိုတင်၍လွတ်လပ်စွာပေးသော သဘောတူခွင့်ပြုချက် (Free, Prior and Informed Consent - FPIC)** – သည် ဒေသခံရပ်ရွာလူထုများ ၎င်းတို့၏ မြေယာများ၊ နယ်မြေများ သို့မဟုတ် သဘာဝသယံဇာတများအား အကျိုး သက်ရောက်မည့်ကိစ္စများနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်များ ချရာတွင် ပါဝင် ဆောင်ရွက်ခွင့်ကို ဆိုလိုသည်။ FPIC အခွင့်အရေးအား ဌာနေတိုင်းရင်းသား ပြည်သူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေငြာစာတမ်း (UNDRIP) တွင် ဖော်ပြထားပြီး အခြားနိုင်ငံတကာဥပဒေတွင်လည်း ထည့်သွင်းရေးသား ထားသည်။ လက်တွေ့အားဖြင့် ၎င်း၏အဓိပ္ပါယ်မှာ စီမံကိန်းများ၏ဒဏ်ခံရသော ရပ်ရွာလူထုများသည် စီမံကိန်းများအား ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းများ

ပြုလုပ်သည့်အခါတွင် အတင်းအဓမ္မခိုင်းစေခြင်း၊ ခြိမ်းခြောက်မှု၊ ခြယ်လှယ်ခံရမှု သို့မဟုတ် အကြပ်ကိုင်ခံရမှုတို့မှ ကင်းလွတ်ပြီး စီမံကိန်း အကောင်အထည်မဖော်မီ ဆက်နွယ်သည့်အချက်အလက်အားလုံးကိုလည်း သိရှိထားပြီး ဖြစ်ရမည်။ ရပ်ရွာလူထုများအား သတင်းအချက်အလက်များပေးရာတွင် သီးခြားလေ့လာသုံးသပ်မှုဖြင့် သင့်တော်သည့် ဘာသာစကားနှင့် သင့်တော်သည့်ပုံစံဖြင့် ပေးရမည် ဖြစ်ပြီး ဥပဒေနှင့်နည်းပညာဆိုင်ရာ အကြံပြုမှု များအားလည်း တောင်းဆိုလျှင် ပံ့ပိုးပေးရမည် ဖြစ်သည်။ FPIC သည် ရပ်ရွာလူထုအပေါ် အကျိုးသက်ရောက်သည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ၎င်းတို့၏ ဆွေးနွေးညှိနှိုင်းခွင့်ကို အကာအကွယ်ပေးကာ ရိုးရာအစဉ်အလာအရ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်အတွက်လည်း ခွင့်ပြုပေးထားသည်။

**၁.၄.၁၄။ Pinheiro Principles** – သည် ဒုက္ခသည်များနှင့် ပြည်တွင်းတိမ်းရှောင်ဒုက္ခသည် (IDPs) များအတွက် ကုလသမဂ္ဂဆိုင်ရာမူများကို ဆိုလိုပြီး ၎င်းသည် ဒုက္ခသည်များနှင့် ပြည်တွင်းတိမ်းရှောင်ဒုက္ခသည် (IDPs) များအား ၎င်းတို့ မူလဖယ်ရှားခံရသည့် အိမ်များနှင့်ပိုင်ဆိုင်မှုများထံသို့ ပြန်လာပြီး နေထိုင်ခွင့်အား မြှင့်တင်ပေးခြင်းကို လမ်းညွှန်ပေးခြင်း ဖြစ်သည်။ အဆိုပါမူများသည် ဒုက္ခသည်များနှင့် ပြည်တွင်းတိမ်းရှောင်ဒုက္ခသည် (IDPs) များ၏ လျော်ကြေးရပိုင်ခွင့်တို့အား ဖော်ပြထားပြီး ထိုအထဲတွင် လိင်နှင့် ပတ်သက်ပြီး မျှတမှု၊ ခွဲခြားဆက်ဆံမှုကင်းလွတ်ခြင်း၊ လွတ်လပ်စွာသွားလာနိုင်ခွင့်၊ နိုင်ငံတကာဥပဒေ နှင့် သဟဇာတရှိမှု အစရှိသည်တို့ ပါဝင်သည်။ အထူးသဖြင့် ကော်သူးလေအခြေအနေနှင့် ဆက်နွယ်သည့်အချက်များမှာ –

- ပြန်လည်လျော်ကြေးပေးခြင်း မဖြစ်နိုင်ပါက မျှတသည့် အစားထိုးလျော်ကြေး ရပိုင်ခွင့်။
- လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာဖြင့် မိမိသဘောဖြင့်မိမိ ပြန်လာခွင့် – ဆိုလိုသည်မှာ ဒုက္ခသည်များနှင့် ပြည်တွင်းတိမ်းရှောင်ဒုက္ခသည် (IDPs) များအား ဦးတည်ချက်ရှိရှိ နောက်ဆုံးပေါ် သတင်းအချက်အလက်များ ဖြည့်ဆည်းပေးပြီး အတင်းအဓမ္မသဘော သို့မဟုတ် ခြိမ်းခြောက်မှုတို့ မပါဘဲ အိမ်သို့ပြန်လာရန် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိရမည် ဖြစ်သည်။

- ဒုတိယလာရောက်နေထိုင်သူများအား မူလနေထိုင်သူများ ပြန်ရောက်လာ၍ ဖယ်ရှားခြင်းခံရပါက မျှတသည့် လျော်ကြေးနှင့် လုံလောက်သည့်အိမ်၊ မြေနှင့်ပိုင်ဆိုင်မှုတို့ရရှိခွင့် တို့ဖြစ်သည်။

**၁.၄.၁၅။ လူမှုရေးအရတရားဝင်မှု (Socially-legitimate)** – ဆိုလိုသည်မှာ တရားဥပဒေက တရားဝင်အသိအမှတ် မပြုသော်လည်း ဒေသတွင်းစံနှုန်းများနှင့် တန်ဖိုးများအရ ကျယ်ပြန့်စွာ အသိအမှတ်ပြုခံရသော မြေယာလုပ်ပိုင်ခွင့် တောင်းဆိုချက်များကို ရည်ညွှန်းပါသည်။

# အခန်း ၂။ အထွေထွေ မူဝါဒဆိုင်ရာ ကိစ္စရပ်များ
# (General Policy Matters)

## အပိုဒ် ၂.၁။ အခြေခံသဘောတရားများ (Basic Principles)

**၂.၁.၁။** အောက်ဖော်ပြပါ အခြေခံသဘောတရားများသည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများတွင် ဝင်ရောက်နေထိုင်ခြင်းနှင့် အသုံးပြုခြင်းနှင့် ပတ်သက်သည့် မြေယာလုပ်ပိုင်ခွင့်အား ကောင်းမွန်စွာ အုပ်ချုပ်မှုပေးနိုင်ရန် မရှိမဖြစ် လိုအပ်သောကြောင့် လိုက်နာရမည်ဖြစ်သည်။

**၂.၁.၂။** တရားဝင်မှတ်တမ်းတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ လူမှုရေးအရ အသိအမှတ်ပြုထားသည့် မြေယာလုပ်ပိုင်ခွင့် ကိုင်ဆောင်သူများနှင့် ၎င်းတို့၏ ရပိုင်ခွင့်များအား အသိအမှတ်ပြုရန်နှင့် လေးစားရန်၊ အခြားသူများ၏ လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအား ထိပါးခြင်းကို ရှောင်ကြဉ်ရန်နှင့် မြေရာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် တာဝန်ဝတ္တရားများအား ဆောင်ရွက်ရန်။

**၂.၁.၃။** အမျိုးသမီးများသည် လယ်သမားများအနေနှင့်ဖြစ်စေ ကျေးလက်အလုပ်သမားအနေနှင့် ဖြစ်စေ၊ သစ်တောအတွင်းနေထိုင်သူများ (သို့မဟုတ်) တိရိစ္ဆာန်ထိန်းကျောင်းသားများ (သို့မဟုတ်) အမျိုးသမီးများအနေနှင့်ပင်ဖြစ်စေ မြေယာအား ထိရောက်စွာလက်လှမ်းမီနိုင်ရန် ၎င်းတို့၏ ကွဲပြားသော တောင်းဆိုပိုင်ခွင့်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ အမျိုးသမီးများသည် လယ်သမားများ၊ ယာယီလယ်သမားများ၊ တိရိစ္ဆာန်ထိန်းကျောင်းသူများနှင့် ထင်းကောက်သူများ ဖြစ်သောကြောင့် ကျေးလက်မှ ဆင်းရဲနွမ်းပါးသော အမျိုး

သမီးများသည် မြေသယံဇာတများနှင့်ဆက်စပ်မှုများရှိနေပြီး အိမ်ထောင်စုအတွင်း အမျိုးသားများနှင့် မှီခိုမှုမရှိသောကြောင့် မြေသုံးပိုင်ခွင့်များအားငင်းတို့ ကိုယ်တိုင် သီးခြားပိုင်ဆိုင်သည့်အခွင့်အရေး ရှိသည်။

**၂.၁.၄။** များသောအားဖြင့် အတိတ်မှ 'မမြင်သာသည့်' လူမှုရေး မတရားမှုများအား မြင်သာစေရန် နှင့် ထိရောက်စွာ ကုသနိုင်ရန် သမိုင်းအား အခြေခံရမည်ဖြစ်သည်။ မြေပေါ်ရှိ ဘေးဒုက္ခ ကျရောက်လွယ်သည့် လူမှုအဖွဲ့အစည်း အုပ်စုများအပေါ် ကျူးလွန်ထားသည့် လူမှုရေး မတရားမှုများအား ဖော်ထုတ်ရေးနှင့်ပြန်လည်တည့်မတ်ပေးရေးသည် အရေးကြီးသည့် အခွင့်အရေးတရပ်ပင်ဖြစ်သည်။ ယခု မြေယာမူဝါဒသည် ရေရှည်တွင် အောင်မြင်ရန် အရေးကြီးသည်။ အကြောင်းမှာ အတိတ်တွင်ဖြစ်ခဲ့သည့် ပဋိပက္ခများအား မဖြေရှင်းဘဲ ထားခဲ့ပါက ရေရှည်တွင် အောင်မြင်မှုအား ဟန့်တားနေမည်ဖြစ်သည်။

**၂.၁.၅။** ခြိမ်းခြောက်မှုများနှင့် စည်းကမ်းချိုးဖောက်မှုများမှ လူမှုရေးအရ တရားဝင်သော မြေလုပ်ပိုင်ခွင့်များအား ကာကွယ်ပေးရန်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် မကိုက်ညီသော အတင်းအဓမ္မ ဖယ်ရှားခြင်းအပါအဝင် စိတ်ထင်တိုင်းစိုင်းခြင်းကြောင့် နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် ဆုံးရှုံးမှုများမှ ကာကွယ်ပေးရန်။

**၂.၁.၆။** လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များ (Socially-legitimate Tenure Rights) ခံစားနိုင်ခြင်းကို မြှင့်တင်ပြီး ထောက်ပံ့ပေးရန်။ ပြည်သူများသည် ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်များအား အပြည့်အဝရရှိ ခံစားနိုင်ရန် အလို့ငှာ မြှင့်တင်ပေးရန်နှင့် သေချာစွာဆောင်ရွက်စေရန် တက်တက်ကြွကြွ ကိုင်တွယ်ရန်နှင့် အဓိပ္ပါယ်ရှိသည့် အများပြည်သူ ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်ရန် ဖြစ်သည်။

**၂.၁.၇။** လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအား ချိုးဖောက်ခြင်းများကို ကိုင်တွယ်ရန်အလို့ငှာ တရားမျှတမှုကို လက်လှမ်းမီရန်အတွက် ဖြည့်ဆည်းပေးခြင်း။ မြေယာလုပ်ပိုင်ခွင့်များနှင့်ပတ်သက်ပြီး ဖြစ်ပွားသည့် အငြင်းပွားမှုများအား ဖြေရှင်းပေးရန်အတွက် တရားရေးဆိုင်ရာ အာဏာပိုင်များ

(သို့မဟုတ်) ဓလေ့ထုံးတမ်းဆိုင်ရာ နည်းလမ်းများမှတဆင့် ထိရောက်ပြီး လူတိုင်း လက်လှမ်းမီနိုင်သည့် နည်းလမ်းများအား ဖြည့်ဆည်းပေးရန်၊ လက်လှမ်းမီပြီး မဆိုင်းမတွသော အာဏာတည်စေသည့် ရလဒ်များအား ဖြည့်ဆည်းပေးရန်။

**၂.၁.၈။** လူမှုရေးအရ တရားဝင်သော ပြည်သူလူထုအတွက် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သော ကိစ္စများအတွက် မြေယာလုပ်ပိုင်ခွင့်များအား သိမ်းယူခဲ့လျှင် မှန်ကန်သည့် လျော်ကြေးများပေးရမည်။

**၂.၁.၉။** မြေယာ လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အငြင်းပွားမှုများ၊ အကြမ်းဖက်မှုများပါဝင်သည့် ပဋိပက္ခများနှင့် အဂတိလိုက်စားမှုများအား ကာကွယ်ရန်၊ မြေယာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်သော အငြင်းပွားမှုများမှ ဖြစ်ပေါ်လာသည့် အကြမ်းဖက် ပဋိပက္ခများအား တားဆီးရန်အတွက် တက်ကြွစွာကိုင်တွယ်ရန်၊ အဂတိလိုက်စားမှုပုံစံအားလုံး၊ အဆင့်အားလုံးနှင့် အခြေအနေအားလုံးတို့အား ကြိုးပမ်းတားဆီးရမည်ဖြစ်သည်။

**၂.၁.၁၀။** စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေးများနှင့် လူမှုရေးအရ တရားဝင်သော မြေယာ လုပ်ပိုင်ခွင့်များအား လေးစားလာခြင်းကို အာမခံနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ (သို့မဟုတ်) လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအားအခြေပျက်ရန် ပြုလုပ်ခြင်းတို့တွင် ပါဝင်မှုမရှိစေခြင်းကို အာမခံနိုင်ရန်၊ KNU အာဏာပိုင်များ ပိုင်သည့် (သို့မဟုတ်) KNU အာဏာပိုင်များက ထိန်းချုပ်ထားသည့် (သို့မဟုတ်) KNU အာဏာပိုင်များအောက်ရှိ အေဂျင်စီများထံမှ သိသာသည့် ထောက်ပံ့မှုနှင့် ဝန်ဆောင်မှုရရှိသည့် စီးပွားရေးလုပ်ငန်းများသည် အထက်ဖော်ပြပါ ချိုးဖောက်မှုများအား ပြုလုပ်ခြင်းမှကာကွယ်ရန်အတွက် အဆင့်တိုးမြှင့်ပြီး ဆောင်ရွက်ရန်နှင့် လူ့အခွင့်အရေးများအပေါ်နှင့် လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအပေါ် စီးပွားရေးလုပ်ငန်းများကြောင့် ကျရောက်သည့် မကောင်းသောအကျိုးသက်ရောက်မှုများအား ထိရောက်သည့် တရားရေးဆိုင်ရာကုသမှုပေးနိုင်ရန်တို့ ဖြစ်သည်။

## အပိုဒ် ၂.၂။ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ အခြေခံမူများ (Principles of Implementation)

**၂.၂.၁။** အောက်ဖော်ပြပါ အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ အခြေခံမူများသည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများ၏ မြေယာလုပ်ပိုင်ခွင့်အား ကောင်းမွန်စွာ အုပ်ချုပ်မှု ပေးနိုင်ရန် မရှိမဖြစ်လိုအပ်သောကြောင့် လိုက်နာရမည် ဖြစ်သည်။

**၂.၂.၂။ လူ့ဂုဏ်သိက္ခာ (Human Dignity)** – ပင်ကိုယ်ရှိရင်းစွဲ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုရှိပြီး လွှဲပြောင်း၍ မရနိုင်သည့် လူသားတဦးချင်းစီ၏ လူ့အခွင့်အရေးများအား အသိအမှတ်ပြုခြင်း။

**၂.၂.၃။ ခွဲခြားဆက်ဆံမှု ကင်းလွတ်ခြင်း (Non-discrimination)** – ဥပဒေနှင့် မူဝါဒများအောက်တွင် သာမကဘဲ လက်တွေ့မှာပင် မည်သူ့ကိုမှ ခွဲခြားပြီး ဆက်ဆံခြင်း မပြုလုပ်ရပါ။

**၂.၂.၄။ ညီမျှမှုနှင့် တရားမျှတမှု (Equity and Justice)** – လူသားတိုင်း၏ ညီမျှမှုကို အသိအမှတ်ပြုနိုင်ရန်အတွက် လူသားတိုင်း၏ မတူညီမှုကို အသိအမှတ်ပြုရမည်။ အားလုံးအတွက် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ဆင်းရဲနွမ်းပါးသူများ၊ ခုခံနိုင်စွမ်းမရှိသူများနှင့် ဘေးဖယ်ခံထားရသူများအား ဇောင်းပေးလျှက် စွမ်းအားမြင့်တင်ခြင်းအပါအဝင် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအားလုံးအား ထိန်းချုပ်နိုင်ရန်နှင့် တန်းတူညီမှုရှိသော မြေယာလုပ်ပိုင်ခွင့်နှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုကို မြင့်တင်ရန်အလို့ငှာ၊ အပြုသဘော ဆောင်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးရမည်။

**၂.၂.၅။ ကျားမရေးရာ သာတူညီမျှမှု (Gender Equality)** – အမျိုးသမီးနှင့် အမျိုးသားများ မတူညီမှုများကို အသိအမှတ်ပြုပြီး လိုအပ်လျှင် မျှတမှုများအား မြှင့်တင်ပေးသည့် တိကျသော ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းဖြင့် အမျိုးသမီးများနှင့် အမျိုးသားများ လူ့အခွင့်အရေးအားလုံးကို ခံစားနိုင်ရေးကို အာမခံရန် ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ လူမှု

ရေးနှင့် အိမ်ထောင်ရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများ နှင့် ပတ်သက်သည့် မျှတသော မြေယာလုပ်ပိုင်ခွင့်များနှင့် ရယူနိုင်ခြင်းကို KNU အာဏာပိုင်များက အာမခံရမည်ဖြစ်သည်။

**၂.၂.၆။ အလုံးစုံနှင့် ရေရှည်တည်တံ့ခိုင်မြဲစေသည့် ချဉ်းကပ်ပုံ (Holistic and Sustainable Approach)** – မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများနှင့် ၎င်းတို့အား အသုံးချမှုများသည် အပြန်အလှန် ဆက်စပ်လျှက်ရှိခြင်းကို အသိအမှတ်ပြုခြင်း၊ ၎င်းတို့အား စီမံခန့်ခွဲရန်အတွက် ပူးပေါင်းပြီး တည်တံ့ခိုင်မြဲမည့် ချဉ်းကပ်ပုံကို သဘောတူလက်ခံခြင်း ဖြစ်သည်။

**၂.၂.၇။ ညှိနှိုင်းတိုင်ပင်မှုနှင့် ပါဝင်မှု (Consultation and Participation)** – ဆုံးဖြတ်ချက်များအား အကောင်အထည်မဖော်မီ အချိန်ကပင် လူမှုရေးအရ တရားဝင်မြေယာလုပ်ပိုင်ခွင့် ရှိထားသည့် ဆုံးဖြတ်ချက်အကျိုးကို ခံစားရသောသူများအား ထိတွေ့ပြီး ကူညီပံ့ပိုးမှုကို ရှာကြံခြင်း၊ ၎င်းတို့၏ပံ့ပိုးမှုများအား တုံ့ပြန်ခြင်း၊ အုပ်စုများအကြား တည်ရှိနေသည့် အင်အားမညီမျှမှုအား ထည့်သွင်းစဉ်းစားကာ တဦးချင်း သော်လည်းကောင်း၊ အစုအဖွဲ့နှင့်သော်လည်းကောင်း ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် တက်ကြွမှု၊ လွတ်လပ်မှု၊ ထိရောက်မှု စသည့် အဓိပ္ပါယ်ရှိသော ပူးပေါင်းပါဝင်မှုဖြစ်စေရန် သေချာစွာ ဆောင်ရွက်ခြင်းဖြစ်သည်။

**၂.၂.၈။ တရားဥပဒေစိုးမိုးရေး (Rule of Law)** – နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် စာချုပ်စာတမ်းများအရ ၎င်းတို့၏ တည်ရှိဆဲတာဝန်ဝတ္တရားနှင့် ကိုက်ညီပြီး အားလုံးနှင့်အကျုံးဝင်သည့် သက်ဆိုင်ရာ ဘာသာစကားဖြင့် လူသိရှင်ကြား ထုတ်ပြန်ထားကာ တန်းတူပြဋ္ဌာန်းထားသော လွတ်လပ်စွာ စီရင်ဆုံးဖြတ်နိုင်သည့် ဥပဒေများမှတဆင့် စည်းမျဉ်းများအား အခြေခံသည့် ချဉ်းကပ်ပုံကို ကျင့်သုံးခြင်းဖြစ်သည်။

**၃.၂.၉။ ပွင့်လင်းမြင်သာမှုရှိခြင်း (Transparency)** – မူဝါဒများ၊ ဥပဒေများနှင့် လုပ်ငန်းစဉ်များအား သက်ဆိုင်ရာ ဘာသာစကားကို အသုံးပြုကာ ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ပြီး အများသိအောင် ပြုလုပ်ထားခြင်း၊ ဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာ ဘာသာစကားနှင့်သော်လည်းကောင်း၊ အားလုံးအသုံးပြုနိုင်သည့် ပုံစံများဖြင့်သော်လည်းကောင်း ကျယ်ပြန့်စွာ အများသိအောင် ပြုလုပ်ခြင်း ဖြစ်သည်။

**၃.၂.၁၀။ တာဝန်ယူမှု** (Accountability) – တသီးပုဂ္ဂလများ၊ အများပိုင်အေဂျင်စီများ နှင့် အစိုးရမဟုတ်သည့် ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့၏ လုပ်ရပ်များနှင့် ဆုံးဖြတ်ချက်များကို နိုင်ငံတကာ လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေး ဆိုင်ရာ အခြေခံမှုများနှင့်အညီ တာဝန်ယူစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။

**၃.၂.၁၁။ စဉ်ဆက်မပြတ်တိုးတက်မှု (Continuous Improvement)** – သက်သေ အထောက်အထား အခြေခံသည့် စီမံချက်များ ဖော်ထုတ်ရန်နှင့် ဤမူဝါဒ၏ အားလုံးနှင့်ခြုံငုံသော မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် အခြေခံမှုများနှင့် ပတ်သက်သည့် စဉ်ဆက်မပြတ်တိုးတက်မှုများကို ခိုင်မာစေရန်အလို့ငှာ KNU အာဏာပိုင်များက မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်ခြင်းအပေါ် စောင့်ကြည့် လေ့လာပြီး အကဲဖြတ်နိုင်ရန်အတွက် ယန္တရားများအား ပိုမိုကောင်းမွန်လာ အောင် ဆောင်ရွက်ရမည် ဖြစ်သည်။

## အပိုဒ် ၂.၃။ လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ (Rights and Responsibilities)

**၂.၃.၁။** KNU အာဏာပိုင်များသည် မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ၎င်း ၏ လုပ်ဆောင်ချက် အားလုံးနှင့် အုပ်ချုပ်မှုတို့သည် နိုင်ငံတကာ လူ့အခွင့်အ ရေး ဥပဒေနှင့် ကိုက်ညီမှုရှိစေရန် သေချာစွာ လုပ်ဆောင်ရမည်။

**၂.၃.၂။** မည်သည့်မြေယာလုပ်ပိုင်ခွင့်မှ အကြွင်းမဲ့ပြည့်စုံခြင်း မရှိသည်ကို ပါဝင်သူအားလုံးက အသိအမှတ်ပြုရမည်ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်

အားလုံးသည် လူ့အခွင့်အရေးများ၊ အခြားသူများ၏ နေထိုင်မှုနှင့် အသုံးချပိုင်ခွင့်များက ကန့်သတ်ထားသည့်အပြင် အများပြည်သူ အကျိုးအလို့ငှာ KNU အာဏာပိုင်များ၏ ဆောင်ရွက်ချက်များကလည်း ကန့်သတ်ထားသည်။ အဆိုပါ ဆောင်ရွက်ချက်များအား နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များနှင့်အညီ အများကောင်းစားရေးကို မြှင့်တင်အားပေးခြင်းအတွက် ဒီမိုကရေစီနည်းလမ်းအရ ဥပဒေဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများအား ရေရှည် အကာအကွယ်ပေးခြင်းနှင့် တည်တံ့ခိုင်မြဲစေသည့်နည်းဖြင့် အသုံးချခြင်းတို့ အပါအဝင် မြေယာလုပ်ပိုင်ခွင့်များအား တာဝန်ဝတ္တရားများနှင့် ထိန်းညှိထားသည်။

**၂.၃.၃။** KNU အာဏာပိုင်များသည် မိရိုးဖလာ ဝင်ရောက်နေထိုင်ခြင်း၊ အသုံးချခြင်းနှင့် ဆက်စပ်သည့် လက်ရှိရေးသားထုတ်ပြန်ထားသောဥပဒေ၏ အကာအကွယ်အောက်တွင်မရှိသော ဓလေ့များအပါအဝင် လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအတွက် တရားဝင် အသိအမှတ်ပြုခြင်းကို ပြုလုပ်ပေးရမည် ဖြစ်သည်။ KNU အာဏာပိုင်များသည် လူသိရှင်ကြား ထုတ်ပြန်ထားသည့် စည်းမျဉ်းများမှတဆင့် တရားဝင်သည်ဟု မှတ်ယူထားသော ရပိုင်ခွင့် အမျိုးအစားများကို အဓိပ္ပါယ်ဖွင့်ဆိုရမည်။ ထိုသို့ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လူမှုရေးအရ တရားဝင် ဝင်ရောက်နေထိုင်မှု၊ အသုံးချမှုနှင့် ဆက်စပ်သည့်ဓလေ့များအား အသားပေးရမည်။ ထို့အပြင် မိမိတို့၏ဆန္ဒမပါဘဲ မိမိတို့နေရပ်များမှ စွန့်ခွာသွားရခြင်းနှင့် မိရိုးဖလာအရ ဝင်ရောက်နေထိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များအား ယခင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဆုံးရှုံးခဲ့သူများအပါအဝင် စိတ်ထင်တိုင်းစိုင်းပြီး ရွှေ့ပြောင်းစေခြင်း၊ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခြင်း၊ အနှောက်အယှက်ပေးခြင်းနှင့် အခြားခြိမ်းခြောက်မှုများထံမှ တန်းတူညီမျှသည့် တရားရေးရာကာကွယ်မှုကို အာမခံပေးသော မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုကို စီမံပေးရမည်။ ထို့နောက် ၎င်းတို့၏ တရားဝင် မြေယာလုပ်ပိုင်ခွင့်များကို အခြားသော အဖျက်အဆီးနှင့် အနှောက်အယှက်များ မဖြစ်ပေါ်လာစေဘဲ အပြည့်အဝ သိရှိထားကာ ပြန်လည်ပေးအပ်ရေးကို သေချာအောင်ဆောင်ရွက်ရမည် ဖြစ်သည်။

**၂.၃.၄။** KNU အာဏာပိုင်များသည် အိမ်ထောင်ရေးအခြေအနေ ပြောင်းလဲသည့်ကိစ္စများ၊ တရားဥပဒေအရ စွမ်းဆောင်နိုင်မှု မရှိခြင်းနှင့် စီးပွားရေးသယံဇာတများအား လက်လှမ်းမမီခြင်းတို့ အပါအဝင် မြေယာလုပ်ပိုင်ခွင့်များနှင့် ပတ်သက်သည့် ခွဲခြားဆက်ဆံမှုပုံစံအားလုံးကို ဖယ်ရှားပြီး တားမြစ်ရမည် ဖြစ်သည်။ KNU အာဏာပိုင်များသည် အမျိုးသမီးများနှင့် အမျိုးသားများအတွက် အမွေဆက်ခံခြင်းနှင့် သေတမ်းစာရေးပြီး လွှဲပြောင်းပေးနိုင်ခြင်းတို့ အပါအဝင် တန်းတူညီမျှသည့် မြေယာလုပ်ပိုင်ခွင့်ကို သေချာအောင် ဆောင်ရွက်ပေးရမည်။

**၂.၃.၅။** ပြည်သူများသည် မိမိတို့ကိုယ်တိုင် ရပ်တည်ရန်အလို့ငှာ မိမိတို့ကိုယ်တိုင် လုပ်ဆောင်မှုဖြင့် မြေယာလုပ်ပိုင်ခွင့်များရယူရန် မရနိုင်သည့်အခါ၊ အကောင်အထည်ဖော်သည့် အေဂျင်စီများနှင့် တရားရေးဆိုင်ရာ အာဏာပိုင်များ၏ ဝန်ဆောင်မှုများကိုလက်လှမ်းမမီသည့်အခါ (သို့မဟုတ်) ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်များကို အကျိုးသက်ရောက်နိုင်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့် မရှိသည့်အခါမျိုးများတွင် KNU အာဏာပိုင်များက ခွဲခြားဆက်ဆံမှုနှင့် လိင်ခွဲခြားမှုများ မရှိသော အထောက်အကူမျိုးအား ပံ့ပိုးပေးရမည်ဖြစ်သည်။

**၂.၃.၆။** လူ့အခွင့်အရေးအားလုံးသည် ကမ္ဘာတဝှမ်းလုံးနှင့်သက်ဆိုင်ပြီး ခွဲခြား၍ မရကာ တခုနှင့်တခု အဆက်အစပ်ရှိသောကြောင့် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား စီမံအုပ်ချုပ်သည့်အခါတွင် ဝင်ရောက်နေထိုင်မှုနှင့် သယံဇာတများ အသုံးချမှုတို့နှင့် တိုက်ရိုက်ဆက်နွယ်သည့် အခွင့်အရေးများကိုသာ ထည့်စဉ်းစားရမည် မဟုတ်ဘဲ ပိုမိုကျယ်ပြန့်သည့် နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ရပိုင်ခွင့်များကိုပါ ထည့်တွက်ရမည်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်သည့်အခါတွင် KNU အာဏာပိုင်များသည် လယ်သမားများ၊ တိုင်းရင်းသားပြည်သူများ၊ ရေလုပ်သားများ၊ တိရစ္ဆာန် ထိန်းကျောင်းသူများ၊ ကျေးလက်နေအလုပ်သမားများ၊ ကျေးလက်နေ အမျိုးသမီးများနှင့် ကျေးလက်နေ ကလေးသူငယ်များတို့၏ လူ့အခွင့်အရေးများအပါအဝင် လူ့အခွင့်အရေး အကာအကွယ်လိုအပ်နေသူများကို အကာအကွယ်ပေးနေသူများ၏ နိုင်ငံသား

နှင့် နိုင်ငံရေးရပိုင်ခွင့်များကို လေးစားကာ အကာအကွယ်ပေးပြီး အသေအချာ ရရှိကြရန်ကိုလည်း ဆောင်ရွက်ပေးရမည်။ ထို့အပြင် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား ကာကွယ်ရန် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၊အဖွဲ့အစည်းများနှင့် ဆက်ဆံသည့်အခါ နိုင်ငံတကာ လူ့အခွင့်အရေး မူဝါဒများအား လိုက်နာစောင့်ထိန်းရမည် ဖြစ်သည်။

**၂.၃.၇။** KNU အာဏာပိုင်များက မြေယာလုပ်ပိုင်ခွင့်များနှင့် ပတ်သက်သည့် အငြင်းပွားမှုများအား ဖြေရှင်းရာတွင် လူအများ လက်ခံနိုင်သည့် ထိရောက်စွာ အချိန်မီ ဖြေရှင်းပေးသော နည်းလမ်းများကို ခွဲခြားမှုမရှိဘဲ ကျွမ်းကျင်သည့် တရားရေးနှင့်အုပ်ချုပ်ရေး အဖွဲ့အစည်းများမှတဆင့် လက်လှမ်းမီစေရန် ဖြည့်ဆည်းပေးပြီး သင့်တော်သလို ပြန်လည်အယူခံဝင်နိုင်ခွင့် ပါဝင်သည့် ထိရောက်သော ကုစားသည့်နည်းများလည်း ဖြည့်ဆည်းပေးရမည်။ ထိုကုစားသည့်နည်းများအား အမြန်ဆုံး အကျိုးသက်ရောက်မှုရှိအောင် ပြုလုပ်ရမည် ဖြစ်ပြီး ၎င်းထဲတွင် လျော်ကြေးပေးခြင်း၊ အာမခံပေးခြင်း၊ နစ်နာကြေးပေးခြင်းနှင့် ပြန်လည်ကြေအေးပေးခြင်း အစရှိသည်တို့ ပါဝင်ရမည်။ KNU အာဏာပိုင်များကလည်း ၎င်းနည်းလမ်းများကို ခုခံနိုင်စွမ်းမရှိသူများနှင့် ဘေးဖယ်ခံထားရသူများပါ လက်လှမ်းမီနိုင်စေရန် သေချာစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် KNU အာဏာပိုင်များက မြေယာလုပ်ပိုင်ခွင့်နှင့်သက်ဆိုင်သော လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် မည်သည့်ပုဂ္ဂိုလ်မဆို ထိုကဲ့သို့သော အငြင်းပွားမှုဖြေရှင်းရေးနှင့် ကုစားသည့်နည်းလမ်းများကို လက်လှမ်းမီစေရန် အသေအချာ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

**၂.၃.၈။** KNU အာဏာပိုင်များသည် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများတွင် နေထိုင်ပြီး မြေယာအသုံးချနေသူအားလုံး၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ခုခံနိုင်စွမ်းမရှိသူများနှင့် ဘေးဖယ်ခံထားရသူများအားလုံး၏ ပူးပေါင်းပါဝင်မှုကို ကြိုဆိုပြီး ထောက်ပံ့ပေးသင့်သည်။ အကြောင်းမှာ ၎င်းတို့သည် မြေယာလုပ်ပိုင်ခွင့်အား အုပ်ချုပ်မှု၊ အခြားအလားတူကိစ္စများ၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး နှင့်ပတ်သက်သည့်

မူဝါဒ၊ ဥပဒေနှင့် ဆုံးဖြတ်ချက်များ ဖော်ထုတ်ပြီး အကောင်အထည်ဖော်ခြင်း တို့တွင် အပြည့်အဝပါဝင်လာနိုင်ရန် ဖြစ်သည်။

## အပိုဒ် ၂.၄။ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာမူဝါဒ၊ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်များ (Policy, Legal and Organizational Frameworks related to Land Governance)

**၂.၄.၁။** KNU ၏ မြေယာမူဝါဒနှင့် ၎င်းတို့အား အကောင်အထည် ဖော်ဆောင်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအားလုံးကို ဖြေရှင်းရန် ရေရှည်လုပ်ပိုင်ခွင့်အာဏာဖြင့် KAD ၏လက်အောက်တွင် ဗဟိုမြေယာကော်မတီတခု ဖွဲ့စည်းမည်ဖြစ်သည်။ ထိုအထဲတွင် ဌာနချင်း ဆက်ဆံရေးနှင့် နယ်စည်းမခြား ကိစ္စရပ်များ၊ ရှေ့တွင် ဖော်ပြထားသည့် လမ်းညွှန်မှုအခြေခံမူများ၊ အကောင်အထည် ဖော်ခြင်းဆိုင်ရာ အခြေခံမူများ၊ အထူးသဖြင့် စဉ်ဆက်မပြတ် တိုးတက်သည့် အခြေခံမူတို့နှင့် ကိုက်ညီသည့် မြေယာလုပ်ပိုင်ခွင့်စနစ်တို့ ပါဝင်သည်။

**၂.၄.၂။** ၎င်းဗဟိုမြေယာကော်မတီတွင် အောက်ပါကိုယ်စားလှယ်များ ပါဝင်ရမည်။

- KAD မှ ကိုယ်စားလှယ်များ၊ KNU ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ KFD၊ KFiD၊ KMD၊ KID၊ KJD နှင့် DOI မှကိုယ်စားလှယ်များ၊ CBO/CSO ကဏ္ဍမှ ကိုယ်စားလှယ်များနှင့် မြေယာအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ရမည်။
- ဆုံးဖြတ်ချက်များသည် အများနိုင်မဲပေးစနစ်အား အခြေခံထားပြီး ပြုလုပ်မည်။
- နည်းပညာဆိုင်ရာကိစ္စများအား လမ်းညွှန်ရန် ကော်မတီတွင် အကြံပေးဘုတ်အဖွဲ့ ထားနိုင်သည်။ ၎င်းအကြံပေးဘုတ်အဖွဲ့သည် အကြံပေးရာတွင်သာ လုပ်ပိုင်ခွင့်ရှိမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်ပတ်သက်ပြီး မည်သည့်အခန်းကဏ္ဍ (သို့မဟုတ်) အာဏာမှ ရှိမည်မဟုတ်ပါ။

**၂.၄.၃။** ဤဗဟိုမြေယာကော်မတီသည် (၁) မြေယာစီမံခန့်ခွဲခြင်း၊ (၂) မြေယာ မှတ်ပုံတင်ခြင်း၊ (၃) မြေယာပြဿနာဖြေရှင်းခြင်း ဟူ၍ အနည်းဆုံး လုပ်ငန်း ကော်မတီ (၃) ရပ် ထားရှိမည်ဖြစ်ပြီး ၎င်းတို့တွင် CBO/CSO များမှ ဦးဆောင် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်ရမည် ဖြစ်သည် –

- မြေယာအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊ အသုံးချခြင်းနှင့် အစီအစဉ် ရေးဆွဲခြင်းတို့ အပါအဝင် ၎င်းတို့ဖြင့်သာ ကန့်သတ်မထားသည့် အလုံးစုံ မြေယာလုပ်ပိုင်ခွင့်စနစ် စီမံခန့်ခွဲခြင်းနှင့်အုပ်ချုပ်ခြင်း၊
- ရွှေ့ပြောင်းနေထိုင်သူများ၊ မိမိနေရင်းဒေသသို့ ပြန်လည်ရောက်ရှိလာသော IDPs များနှင့် ဒုက္ခသည်များ အပါအဝင် ၎င်းတို့ဖြင့်သာ ကန့်သတ်မထား သည့် မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သော စာရွက်စာတမ်း ပြုစုခြင်း၊ နယ်မြေပိုင်းခြားသတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် မြေပုံရေးဆွဲခြင်း၊
- လျော်ကြေးပေးခြင်း၊ ပြန်လည်ခွဲဝေခြင်း၊ ရုပ်သိမ်းခြင်း၊ ပြန်လည်ပြင်ဆင် ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၊ အကဲဖြတ်ခြင်းနှင့် လျော်ကြေးကိစ္စများကြောင့် ဖြစ်ပေါ်လာသော ပူဆွေးမှုများနှင့် ငြီးတွားမှုနှင့် တိုင်ကြားမှု အပါအဝင် ၎င်းတို့ဖြင့်သာ ကန့်သတ်မထားသည့် မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှုများ ဆိုင်ရာ လုပ်ငန်းစဉ်နှင့် ပဋိပက္ခအဖြေရှာခြင်း။

**၂.၄.၄။** လုပ်ငန်းကော်မတီများသည် ၎င်းတို့အလုပ်များနှင့် တာဝန်ဝတ္တရားများ ဆောင်ရွက်သည့်အခါများနှင့် သီးခြားဒေသတွင်း ကိစ္စများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ ပြုလုပ်သည့်အခါတို့တွင် သက်ဆိုင်ရာဒေသတွင်း **"အစဉ်အ လာအရ အာဏာပိုင်များ"** (Master of the Kaw) အား ပါဝင်စေရမည် ဖြစ် သည်။

**၂.၄.၅။ ဗဟိုမြေယာကော်မတီ** သည် KNU ၏ မြေယာမူဝါဒနှင့် ၎င်းတို့အား အကောင်အထည် ဖော်ဆောင်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအားလုံးကို ဖြေရှင်းရန် သြဇာအာဏာရှိသည်။ ထိုအထဲတွင် ဌာနချင်းဆက်ဆံရေးနှင့် နယ်စည်းမခြား ကိစ္စရပ်များ၊ ရှေ့တွင် ဖော်ပြထားသည့် လမ်းညွှန်မှုအခြေခံမှုများ၊ အကောင်အထည်ဖော်ခြင်းဆိုင်ရာအခြေခံမှုများ၊ အထူးသဖြင့် စဉ်ဆက်မပြတ်

တိုးတက်သည့် အခြေခံမူတို့နှင့်ကိုက်ညီသည့် မြေယာလုပ်ပိုင်ခွင့်စနစ်တို့ ပါဝင်သည်။

**၂.၄.၆။ ဗဟိုမြေယာကော်မတီ** တွင်ဤမူဝါဒပါအချက်အလက်များ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်အပေါ်တည်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်သည့် အသုံးချပိုင်ခွင့်နှင့် မြေအမျိုးအစားမျိုးစုံတို့အတွက် အထူးချမှတ်ထားသည့် စည်းမျဉ်းဥပဒေအသစ်များနှင့် အကောင်းဆုံး လက်တွေ့စွမ်းဆောင်မှုစံနှုန်းများချမှတ်ရန် သြဇာအာဏာရှိမည်ဖြစ်သည်။ မြေယာစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် နှင့်ပတ်သက်သည့် အတွေ့အကြုံများရရှိလာခြင်း၊ အခြေအနေများ ပြောင်းလဲလာခြင်းနှင့် သတင်းနှင့် နည်းပညာအသစ်များကို လက်လှမ်းမီလာခြင်းတို့ကြောင့် ဗဟိုမြေယာကော်မတီသည် တည်ရှိနေသော မြေစီမံခန့်ခွဲမှုစနစ်များနှင့် စည်းမျဉ်းဥပဒေနှင့် စွမ်းဆောင်မှုဆိုင်ရာစံနှုန်းများအား အချိန်အခါအလိုက် ပြင်ဆင်နိုင်မည်ဖြစ်သည်။

**၂.၄.၇။ ဗဟိုမြေယာကော်မတီ**သည် လုပ်ငန်းကော်မတီများအတွက် ဝန်ထမ်းများ ရွေးချယ်ခြင်း၊ ခန့်အပ်ခြင်းနှင့် တာဝန်ချပေးခြင်းများနှင့် ဤမူဝါဒတွင် ပါဝင်သည့် အချက်အလက်များအား အကောင်အထည်ဖော်ခြင်းနှင့်ဆက်နွယ်သည့် အခြားလုပ်ငန်းများအပေါ် သြဇာအာဏာ ရှိမည်ဖြစ်သည်။

**၂.၄.၈။ ဗဟိုမြေယာကော်မတီ** သည် မူဝါဒအား အကောင်အထည်ဖော်ခြင်းတွင် ပေါ်ထွက်လာမည့် ကုန်ကျစရိတ်များ မျှဝေသုံးစွဲခြင်းနှင့် ပြင်ပမှ ငွေကြေးထောက်ပံ့မှုဇာစ်မြစ်တို့နှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနများ သို့မဟုတ် ဒေသခံ အုပ်ချုပ်ရေးအာဏာပိုင်တို့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

# အခန်း ၃။ မြေယာလုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများအား အသိအမှတ်ပြုခြင်းနှင့် ခွဲဝေသတ်မှတ်ခြင်း (Reconignation and Allocation of Tenure Rights and Duties)

## အပိုဒ် ၃.၁။ အခြေခံသဘောတရားများ (Basic Principles)

**၃.၁.၁။** ကော်သူးလေ၏ မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများအား ပြည်သူများက ပိုင်ဆိုင်ကာ KNU အာဏာပိုင်များက စီမံခန့်ခွဲသည်။ KNU အာဏာပိုင်များသည် ပြည်သူများ၏ အမွေအနှစ်ဖြစ်သည့် ထိုအရာအားလုံးအား ပိုမိုကျယ်ပြန့်သည့် လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက်များအရ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့်အညီစီမံခန့်ခွဲရမည်ဖြစ်သည်။ KNU အာဏာပိုင်များသည်မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများနှင့် သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အချက်အလက်များအား လက်လှမ်းမီသော စာရင်းမှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်းဖြင့် ခေတ်မီအောင် အမြဲတမ်းပြုလုပ်ထားရမည်။ ထိုစာရင်းမှတ်တမ်းများတွင်လည်း စီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိသည့် အေဂျင်စီများအပြင် ပုဂ္ဂိုလ်တဦးချင်း၊ တိုင်းရင်းသားလူမျိုးများနှင့် အခြားကြာမြင့်စွာတည်ရှိခဲ့သည့် ရပ်ရွာလူထု

အဖွဲ့အစည်းများ လက်ဝယ်ရှိ လူမှုရေးအရ တရားဝင်သော မည်သည့် မြေယာ လုပ်ပိုင်ခွင့်များကိုမဆို မှတ်တမ်းတင် ရေးသားပြုစုထားရမည် ဖြစ်သည်။

**၃.၁.၂။** KNU အာဏာပိုင်များသည် အများပိုင်ကဏ္ဍက ထိန်းသိမ်းထားသော မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများတွင် နေထိုင်ခြင်းနှင့် အသုံးချခြင်းတို့နှင့်ပတ်သက်သည့် မူဝါဒများအား ဖော်ထုတ်ပြီး လူသိရှင်ကြားဖြစ်အောင် ပြုလုပ်ရမည်ဖြစ်ပြီး ၎င်းတို့၏ အကျိုးအမြတ်အား မျှတစွာခွဲဝေခြင်းကို အားပေးသည့်မူဝါဒများ ဖော်ထုတ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ၎င်းသယံဇာတများနှင့်ပတ်သက်သည့် စီမံအုပ်ချုပ်ခြင်း (သို့မဟုတ်) အပေးအယူများပြုလုပ်ခြင်းအား အများပြည်သူဆိုင်ရာ မူဝါဒများကို ဖြည့်ဆည်းပေးသည့်အနေနှင့် ထိရောက်စွာ၊ ပွင့်လင်းမြင်သာစွာနှင့် တာဝန်ရှိစွာ လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

**၃.၁.၃။** ဤမြေမူဝါဒသည် ပိုင်ဆိုင်မှုအခွင့်အရေးများ၊ အကြုံးဝင်သည့် လူမျိုးအုပ်စုများ၊ လူ့အဖွဲ့အစည်း၊ နိုင်ငံတော်နှင့်/ သို့မဟုတ် အိမ်ထောင်စုတခုခြင်းစီ သုံးပိုင်ခွင့်တို့နှင့်ပတ်သက်ပြီး ကွဲပြားခြားနားမှုကိုလက်ခံနိုင်သည့် နားလည်မှုအား လက်ခံယုံကြည်ထားသည်။ အိမ်ထောင်စုတခုချင်းနှင့် အစုပိုင်မြေများသည် ပိုမိုကျယ်ပြန့်သည့် လူမှုရေးအရနှင့်ဂေဟစနစ်အရ တည်ဆောက်ထားသည့် ရေမြေရှုခင်းများ၏ အစိတ်အပိုင်းတခုဖြစ်ပြီး မြစ်ဖျားပိုင်းနှင့် မြစ်အောက်ပိုင်းတို့သည် တခုနှင့်တခု ဆက်နွယ်မှုရှိကာ အလုံးစုံကို ထည့်စဉ်းစားသည့်နည်းဖြင့် စီမံခန့်ခွဲကာ အသိအမှတ် ပြုရမည်ဖြစ်သည်။ ဤမြေယာမူဝါဒသည် မြေနှင့် ရေအရင်းအမြစ်များအား ဒီမိုကရေစီ နည်းလမ်းကျကျ လက်လှမ်းမီစွာ ထိန်းချုပ်သည့် အခွင့်အရေးပေးထားသည်။ အဆိုပါမူဝါဒများတွင်လည်း မူဝါဒမျိုးစုံကို ဖော်ပြထားသည်။ ၎င်းအထဲတွင် (တခြားအကြောင်းအရာများတွင်) ဝင်ရောက်နေထိုင်မှု၊ အသုံးချမှုနှင့်ထိန်းချုပ်မှု၊ မြေစုစည်းပိုင်ဆိုင်မှုနှင့် ကျေးလက်ဆင်းရဲနွမ်းပါးမှု မြင့်သည့် အခြေအနေများတွင် ပြန်လည်ခွဲဝေမှုများပြုလုပ်ခြင်း၊ ပြည်သူများသည် ယခင်ကနှင့် ယခုဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ၎င်းတို့နေထိုင်ရာဒေသမှ ၎င်းတို့၏ဆန္ဒမပါဘဲ ဖယ်ရှားခြင်း ခံရသည့် အခါနှင့် မိရိုးဖလာအရ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချခွင့်များ ဆုံးရှုံးသည့်

အခြေအနေမျိုးအတွက် လျော်ကြေးများပေးခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်းတို့ ပါဝင်သည်။ မြေယာများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုတွင် ပြည်သူများ၏ လုပ်အားနှင့် အသိတရားများအား ရင်းနှီးမြှုပ်နှံမှုတို့အား KNU အာဏာပိုင်များက အသိအမှတ်ပြုပြီး ဦးစားပေးရမည်ဖြစ်သည်။ အကြောင်းမှာ ထိုမှသာလျှင် ပြည်သူများသည် ဤမူဝါဒတွင်ပါဝင်သည့် ကာလရှည် မြေယာလုပ်ပိုင်ခွင့်များအား ရယူ၊ ခံစားပြီး အပြည့်အဝ အကောင်အထည်ဖော်သွားနိုင်မည် ဖြစ်သည်။

## အပိုဒ်၃.၂။ တားဆီးကာကွယ်ပေးခြင်း (Safeguards)

**၃.၂.၁။** ဆင်းရဲနွမ်းပါးသူများ၊ ဘေးဖယ်ခံထားရသူများနှင့် ခုခံနိုင်စွမ်း မရှိသူများနှင့် လူထုအသိုင်းအဝိုင်းများ အစရှိသူတို့အား ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်များကို တရားဝင် အသိအမှတ်ပြုသည့် အခွင့်အရေးအပြည့်အဝ ရရှိစေရန်အတွက် ပုဂ္ဂိုလ်တဦးချင်း၊ မိသားစုများ၊ လူထု အသိုင်းအဝိုင်းများ၏ မြေယာလုပ်ပိုင်ခွင့်များအား တရားဝင်အသိအမှတ်ပြုခြင်းနှင့် ခွဲဝေခြင်းတို့ကို စနစ်တကျပြုလုပ်ရမည်ဖြစ်သည်။ အများပိုင်မြေယာနှင့်/သို့မဟုတ် KNU အာဏာပိုင်များ၏ စီမံခန့်ခွဲမှုအောက်ရှိ အများပြည်သူအကျိုးစီးပွားအတွက် ရည်ရွယ်ထားသောမြေနှင့်ပတ်သက်၍ မြေယာလုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုသည့်အခါ (သို့မဟုတ်) ခွဲဝေသည့်အခါတွင် KNU အာဏာပိုင်များသည်–

**၃.၂.၂။** လူမှုရေးအရ တရားဝင်ဖြစ်သော မြေယာလုပ်ပိုင်ခွင့်များနှင့် သီးနှံကောက်သိမ်းခွင့်ကဲ့သို့သော အခြားမြေယာလုပ်ပိုင်ခွင့်များ အပါအဝင် လက်ရှိတွင် KNU အာဏာပိုင်များ (သို့မဟုတ်) မိရိုးဖလာ ‘ကော်’ အရ ဥပဒေများက အကာအကွယ်ပေးခြင်း မရှိသည့်တိုင်အောင် အခြားသူများ၏ ဝင်ရောက်နေထိုင်၊ အသုံးချခွင့်များကို ချိုးဖောက်ခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်းများမှ အကာအကွယ်ပေးရန်။

**၃.၂.၃။** မြေယာ၊ သစ်တောများ၊ ရေ လုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများအား မိရိုးဖလာအစဉ်အလာအရ အသုံးချပိုင်ခွင့်များ ရရှိထားသော ပြည်သူများနှင့် ဒေသခံ ရပ်ရွာ လူထုအသိုင်းအဝိုင်းများအား ထိုက်တန်သည့် ထည့်သွင်း စဉ်းစားပေးခြင်း ပြုလုပ်ရမည်ဖြစ်သည်။ မူဝါဒ များတွင် အခြားသူများ၏ မြေယာလုပ်ပိုင်ခွင့်များအား ထည့်တွက်ရမည်ဖြစ်ပြီး အကျိုးသက်ရောက်မှု ရှိနိုင်သူတိုင်းကို ညှိနှိုင်းတိုင်ပင်သည့်အခါ၊ ပူးပေါင်း ပါဝင်သည့်အခါနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အခါများတွင် ထည့်သွင်းရမည် ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်များ ခွဲဝေခြင်းသည်ထိုသယံဇာတများကို လူမှုရေးအရ တရားဝင်ဖြစ်သော လက်လှမ်းမီနိုင်မှုအား ထိခိုက်ခြင်းအားဖြင့် ပြည်သူတို့၏ လူနေမှုဘဝများကို ခြိမ်းခြောက်ခြင်း မရှိစေရန် အဆိုပါ မူဝါဒများတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းရန်လိုအပ်သည်။

**၃.၂.၄။** ပထမဦးဆုံးအနေနှင့် တည်ရှိနေသောမြေယာလုပ်ပိုင်ခွင့် ရရှိထားသူ အားလုံးအား တရားဝင် မှတ်တမ်းတင်ထားခြင်း ရှိ၊ မရှိကို ဖော်ထုတ်ရမည်။ ညှိနှိုင်းတိုင်ပင်မှုလုပ်ငန်းစဉ်တွင် မိရိုးဖလာ မြေယာပိုင်ဆိုင်မှုစနစ်များ ရရှိ ထားသော တိုင်းရင်းသားလူမျိုးများနှင့် အခြား ရပ်ရွာလူထုအသိုင်းအဝိုင်းများ၊ လုပ်ကွက်ငယ်လယ်သမားများနှင့် အကျိုးသက်ရောက်သူအားလုံးကို ပါဝင်ရန် ထည့်သွင်းပေးရမည်ဖြစ်သည်။ ပြည်သူများက ၎င်းတို့၏မြေယာလုပ်ပိုင်ခွင့် များသည် အသိအမှတ်ပြု ခံရခြင်း (သို့မဟုတ်) လေးစားခံရခြင်း မရှိဟု ယုံကြည်ပါက KNU အာဏာပိုင်များသည် ၎င်းတို့အား တရားမျှတမှုရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**၃.၂.၅။** အမျိုးသမီးများနှင့် အမျိုးသားများအား မကြာခင်ကမှ အသိအမှတ်ပြု ခြင်းခံထားရသော မြေယာလုပ်ပိုင်ခွင့်များထဲတွင် တူညီသည့် ရပိုင်ခွင့်များအား ရရှိစေရန် အာမခံပေးရမည်ဖြစ်ပြီး ၎င်းရပိုင်ခွင့်များအား မှတ်တမ်းထဲတွင် ရေးသားပြုစုထားရမည်ဖြစ်သည်။

**၃.၂.၆။** အသိအမှတ်ပြုခံထားရသည့် မြေယာလုပ်ပိုင်ခွင့်များ ရရှိထားသူများနှင့် မြေယာလုပ်ပိုင်ခွင့်အသစ်များ ချပေးခံထားရသူများသည် ၎င်းတို့၏ ရပိုင်ခွင့် များနှင့် တာဝန်ဝတ္တရားများကို အပြည့်အဝ သိရှိနိုင်ရန် ပြုလုပ်ရမည်။ လိုအပ်

သည့်အခါတွင် KNU အာဏာပိုင်များသည် ထိုပုဂ္ဂိုလ်များ ၎င်းတို့၏ မြေလုပ်ပိုင်ခွင့်များအား အပြည့်အဝခံစားနိုင်ရန်နှင့် တာဝန်ဝတ္တရားများအား အပြည့်အဝ ဆောင်ရွက်သွားရန် ပံ့ပိုးပေးရမည်ဖြစ်သည်။

**၃.၂.၇။** တရားဝင် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များအား ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်သည့် နည်းလမ်းများဖြင့် ခွဲဝေမှုများ ပြုလုပ်သွားရန်နှင့် ထိုသို့ပြုလုပ်သည့်အခါတွင် ရှင်းလင်းပြီး အားလုံး လက်လှမ်းမီနိုင်သော နားလည်နိုင်သည့် ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများဖြင့် ပြုလုပ်သွားရမည် ဖြစ်သည်။ ပါဝင်ရန်အလားအလာရှိသူအားလုံးအား သက်ဆိုင်ရာဘာသာစကားများဖြင့် အချက်အလက်များကို ဖြည့်ဆည်းပေးရမည်။ မကြာခင်ကမှ ချပေးထားသည့် မြေယာလုပ်ပိုင်ခွင့်များအား အခြားတည်ရှိနေသော မြေယာလုပ်ပိုင်ခွင့်များနှင့်အတူ မှတ်တမ်းတင် စနစ်တခုထဲတွင် ထည့်သွင်းထားရမည် (သို့မဟုတ်) အားလုံးနှင့်သက်ဆိုင်သည့် မူဘောင်တခုအတွင်းတွင် အချိတ်အဆက် ပြုလုပ်ထားရမည်ဖြစ်သည်။

## အပိုဒ်၃.၃။ 'ကော်'မြေများ ("Kaw" Lands)

**၃.၃.၁။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများသည် တိုင်းရင်းသားလူမျိုးများနှင့် ကော် (မိရိုးဖလာ မြေယာလုပ်ကိုင်ခွင့်) စနစ်များရှိသော အခြား လူထုအသိုင်းအဝိုင်းများအတွက် လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် နိုင်ငံရေးတန်ဖိုးများ ရှိသည်။ KNU အာဏာပိုင်များသည် တိုင်းရင်းသားလူမျိုးများနှင့် 'ကော်'မြေယာပိုင်ဆိုင်မှုစနစ်များရှိသော လူထုအသိုင်းအဝိုင်းများ၏ ငွေသားမဟုတ်သည့်တန်ဖိုးများအား စဉ်ဆက်မပြတ် အသိအမှတ်ပြု လေးစားပြီး ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

**၃.၃.၂။** KNU အာဏာပိုင်များသည် တိုင်းရင်းသားလူမျိုးများနှင့် 'ကော်'စနစ်များရှိသော အခြားလူထု အသိုင်းအဝိုင်းများ၏ တရားဝင်မြေယာလုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုပြီး အကာအကွယ် ပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ အသိအမှတ်ပြုသည့် အခါမျိုးတွင် လူထုအသိုင်းအဝိုင်းတခုက သီးသန့်

အသုံးပြုပြီး ခွဲဝေပြီးအသုံးချသည့် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား ထည့်သွင်းစဉ်းစားရမည်။

**၃.၃.၃။** ထိုသို့သော အသိအမှတ်ပြုခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လက်လှမ်းမီရန်လွယ်သည့် နေရာတွင် နားလည်ရန်လွယ်ကူသော သင့်တော်သည့်ပုံစံ၊ သက်ဆိုင်ရာ ဘာသာစကားများဖြင့် အများသိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**၃.၃.၄။** တိုင်းရင်းသားလူမျိုးများနှင့် ကော်စနစ်များရှိသော အခြားလူထုအသိုင်းအဝိုင်းများအား ၎င်းတို့၏ဘိုးဘွားပိုင် မြေယာများမှ အတင်းအဓမ္မဖယ်ရှားခြင်းများ မပြုလုပ်ရပါ။

**၃.၃.၅။** ဗဟိုမြေယာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိရိုးဖလာအရအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် KAD သည် ကျေးရွာထုထုနှင့်ပူးပေါင်းကာ ကော်သူးလေရှိ ကျေးရွာရပ်ရွာလူထုများက ထိန်းသိမ်းထားသော အများပိုင်မြေများ၏ ယာယီနယ်နိမိတ်များအား သင့်တော်ပြီး လက်တွေ့ ပြုလုပ်နိုင်သည့် အခါများတွင် နားလည်အောင်ရှင်းလင်းပေးပြီး နယ်နိမိတ် သတ်မှတ်ပေးမည်ဖြစ်သည်။ မြေပုံရေးဆွဲနိုင်သည့် လေ့လာဆန်းစစ်မှု ပြုလုပ်ပြီးစီးသည့်အခါ နယ်နိမိတ်များအား မြေပုံများပေါ်တွင် ဖော်ပြပြီး လေ့လာဆန်းစစ်မှုများအား မှတ်ပုံတင်ဌာနတွင် မှတ်ပုံတင်ထားမည်ဖြစ်သည်။

**၃.၃.၆။** မြေယာလုပ်ပိုင်ခွင့်စနစ်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည်သူများနှင့် လူထုအသိုင်းအဝိုင်းများ၏ အပြည့်အဝ ထိရောက်စွာ ပူးပေါင်းပါဝင်ခြင်းကို ၎င်းတို့၏ ဒေသတွင်း (သို့မဟုတ်) မိရိုးဖလာ အဖွဲ့အစည်းများမှတဆင့် မြှင့်တင်ပေးရမည်။ KNU အာဏာပိုင်များသည် တိုင်းရင်းသားလူမျိုးများနှင့် 'ကော်' စနစ်များရှိသော အခြားလူထု အသိုင်းအဝိုင်းများ၏ မြေယာလုပ်ပိုင်ခွင့်စနစ်များနှင့် ပတ်သက်သည့် မူဝါဒများနှင့် ဥပဒေများအား ဖော်ထုတ်သည့်အခါတွင် ခုခံနိုင်စွမ်းမရှိသူများနှင့် ဘေးဖယ်ခံရသူများ အပါအဝင် အကျိုးသက်ရောက်သည့် လူထု အသိုင်းအဝိုင်းများမှ

အဖွဲ့ဝင်အားလုံး အပြည့်အဝနှင့်ထိရောက်စွာ ပါဝင်လာနိုင်ရန် ရှင်းလင်းစွာနှင့် တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

**၃.၃.၇။** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ (သို့မဟုတ်) တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် အမျိုးသမီးများ၏ အခွင့်အရေးများကို အားဖြည့်ပေးသည့်အခါနှင့် ရိုးရာအစဉ်အလာများနှင့် အငြင်းပွားဖွယ်ရာများ ရှိခဲ့သည့် အခါမျိုးတွင် အဖွဲ့ဝင်အားလုံးအနေဖြင့် 'ကော်' စနစ်များအတွင်းတွင် ၎င်းကဲ့သို့သော ပြောင်းလဲမှုများအား လက်ခံလာနိုင်စေရန် ရှင်းလင်းစွာနှင့်တက်ကြွစွာ ကြိုးပမ်းရမည်ဖြစ်သည်။

**၃.၃.၈။** KNU အာဏာပိုင်များသည် တိုင်းရင်းသားလူမျိုးများနှင့် 'ကော်' စနစ်များရှိသော အခြားလူထု အသိုင်းအဝိုင်းများ၏ မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေများအား အခြားသူများက တရားမဝင်သုံးစွဲခြင်းမှ အကာအကွယ်ပေးရမည်ဖြစ်သည်။

**၃.၃.၉။** ရပ်ရွာလူထုအသိုင်းအဝိုင်းတခုက ကန့်ကွက်မှု မပြုလုပ်သည့်အခါမျိုးတွင် KNU အာဏာပိုင်များသည် ရပ်ရွာလူထုအသိုင်းအဝိုင်းက ဝင်ရောက်နေထိုင်ပြီး အသုံးချနေသည့် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများ၏ သဘာဝနှင့် တည်နေရာတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို တရားဝင် မှတ်တမ်းတင်ပြီး လူသိရှင်ကြား ဖြစ်အောင် ပြုလုပ်ရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများနှင့် 'ကော်'စနစ်များရှိသော အခြားလူထု အသိုင်းအဝိုင်းများ၏ မြေယာလုပ်ပိုင်ခွင့်များအား တရားဝင် မှတ်တမ်းတင်ပြီးသည့်အခါတွင် ယှဉ်ပြိုင်တောင်းဆိုလာမှုများမှ ကာကွယ်ရန် အများပြည်သူ လုပ်ပိုင်ခွင့်၊ တသီးပုဂ္ဂလိက လုပ်ပိုင်ခွင့်နှင့် ဘုံမြေယာလုပ်ပိုင်ခွင့် အစရှိသည့် လုပ်ပိုင်ခွင့်များတွင် ထည့်သွင်း၍ မှတ်တမ်းတင်ထားရမည် ဖြစ်သည်။

**၃.၃.၁၀။** KNU အာဏာပိုင်များသည် လူထုအသိုင်းအဝိုင်းများတွင် မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် ပဋိပက္ခများ ဖြေရှင်းနိုင်ရန် 'ကော်'စနစ်များ သုံးစွဲနေသည့် ပြည်သူများနှင့် လူထုအသိုင်းအဝိုင်းများ၏ ချဉ်းကပ်ပုံနည်းလမ်း

များအား လေးစားရမည်ဖြစ်သည်။ ကျေးရွာလူထု အသိုင်းအဝိုင်း တခုတည်း ထက်ပို၍ မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား အသုံးချသည့်အခါမျိုးများတွင် ထိုလူထု အသိုင်း အဝိုင်းများအကြား ပဋိပက္ခများကို ဖြေရှင်းသည့်နည်းလမ်းများအား ပိုမို အားကောင်းအောင် ပြုလုပ်ရမည်ဖြစ်သည်။

## အပိုဒ် ၃.၄။ တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့် (Informal Tenure)

**၃.၄.၁။** တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့်ဆိုသည်မှာ ဝင်ရောက်နေထိုင်သူများနှင့် အသုံးချသူများ၏ မြေယာအသုံးချမှုဓလေ့များအား KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များက အသိအမှတ်မပြုသေးသော အခြေအနေမျိုးကိုဆိုလိုပြီး ၎င်းတို့ထဲတွင် အထူးသဖြင့် IDP များနှင့် ဒုက္ခသည်များကဲ့သို့သော ဘေးဖယ်ခံထားရသူများ၊ ခုခံနိုင်စွမ်းမရှိသူများနှင့် လူထု အသိုင်းအဝိုင်းများ ပါဝင်သည်။

**၃.၄.၂။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများနှင့် ပတ်သက်ပြီး တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့်များ ပေါ်ပေါက်လာပါက KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များသည် ၎င်းတို့အား အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့အပြင် ဤမူဝါဒ အတွင်း ရှိနှင့်ပြီးသော တရားဝင်ပိုင်ဆိုင်ခွင့်များကို လေးစားရမည်ဖြစ်ပြီး အခြေအနေမှန်ကိုလည်း အသိအမှတ်ပြုရမည့်အပြင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးအတွက်လည်း မြှင့်တင်ရမည်ဖြစ်သည်။ အထူးသဖြင့် KNU အာဏာပိုင်များသည် မိမိသဘောနှင့်မိမိ မဟုတ်ဘဲ၊ အတင်းအဓမ္မ (သို့မဟုတ်) စိတ်မအေးမချမ်းဖြင့် ပြုလုပ်ရသည့် ရွှေ့ပြောင်းမှုများမှ တရားဝင်မဟုတ်သည့် မြေယာပိုင်ဆိုင်မှုများ ဖြစ်ပေါ်လာခြင်းကို အသိအမှတ်ပြုရမည် ဖြစ်သည်။

**၃.၄.၃။** KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များသည် တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့်များ၏ အခြေအနေများကို ဖြေရှင်းရန် မူဝါဒများကိုဖော်ထုတ်ရမည်။ ထိုသို့ဖော်ထုတ်ရာတွင် KNU အာဏာပိုင်များ နှင့်/ သို့မဟုတ် မိရိုးဖလာအရ အာဏာပိုင်များသည် တရားဝင်မြေယာပိုင်ဆိုင်မှုများအား လက်လှမ်းမီအောင် ကူညီလုပ်ဆောင်ပေးရမည်ဖြစ်ပြီး လိုအပ်၍ သင့်တော်သည့်အခါများတွင် ပြန်လည်နေရာချထားရေးပါ ပါဝင်ပြီး နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်သည်။

**၃.၄.၄။** KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များအနေဖြင့် တရားဝင်မဟုတ်သည့် မြေယာပိုင်ဆိုင်မှုများနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်အားလုံးသည် နိုင်ငံတကာဥပဒေနှင့် အခြားသက်ဆိုင်သည့် စာချုပ်စာတမ်းများတည်ရှိနေသော တာဝန်ဝတ္တရားများနှင့်အညီ ပြုလုပ်သွားရမည်ဖြစ်ပြီး ၎င်းတို့ထဲတွင် အစားအစာ၊ ရေနှင့် လုံလောက်သည့်အိမ်ခြေများ ဖြည့်ဆည်းပေးရန် ပါဝင်သည်။

**၃.၄.၅။** KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များသည် တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့်များအား တရားဝင် အသိအမှတ်ပြုခြင်းများ ပြုလုပ်သည့်အခါတိုင်းတွင် အားလုံးပါဝင်ပြီး ကျား/မ ခွဲခြားမှုမရှိသည့် လုပ်ငန်းစဉ်များဖြင့် ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်သည့်အခါများတွင် KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များသည် လယ်သမားများ၊ အသေးစား စားသောက်ကုန်ထုတ်လုပ်သူများနှင့် ဆက်စပ်သည့် ဒေသတွင်း အစားအသောက်ထုတ်လုပ်သည့်စနစ်များအား အထူးအာရုံစိုက်ပေးရမည်ဖြစ်သည်။ ၎င်းအစီအစဉ်များသည် တရားဝင် ဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်အောင် ဆောင်ရွက်ပေးရမည်။ KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင်များသည် လူထုအသိုင်းအဝိုင်းများနှင့် ပါဝင်သူများအား နည်းပညာနှင့် တရားရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးနိုင်ရန် အားထုတ်ရမည်ဖြစ်သည်။

**၃.၄.၆။** တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့်များအား တရားဝင် အသိအမှတ်ပြုခြင်း ပြုလုပ်ပေးရန် မဖြစ်နိုင်သောအခါများတွင် KNU အာဏာပိုင်များနှင့် မိရိုးဖလာအရ အာဏာပိုင် များသည် အတင်းအဓမ္မ ဖယ်ရှားခြင်းများအား တားဆီးရမည် ဖြစ်သည်။

## အပိုဒ်၃.၅။ ကျေးရွာမြေ (Village Lands)

**၃.၅.၁။** ကျေးရွာမြေဆိုသည်မှာ ရပ်ရွာလူထုအဖွဲ့ဝင်အားလုံးက ထိန်းသိမ်းပြီး အသုံးပြုသည့် အများပိုင်မြေများပါဝင်သည့်အပြင် မိသားစုများက ထိန်းသိမ်းပြီးအသုံးပြုသည့် စိုက်ပျိုးရေးနှင့်နေထိုင်ရာအတွက် မိသားစုမြေကွက်များလည်း ပါဝင်သည်။

**၃.၅.၂။** ကျေးရွာမြေများအား ကျေးရွာခေါင်းဆောင်များနှင့်ရပ်ရွာလူထုအဖွဲ့ဝင်များမှ ကိုယ်စားလှယ်များပါဝင်သည့် ကျေးရွာမြေကော်မတီက စီမံအုပ်ချုပ်သွားမည်ဖြစ်သည်။ ရပ်ရွာလူထုတခု၏ ကျေးရွာမြေကော်မတီ၏ ဖွဲ့စည်းပုံအတိအကျမှာ ရပ်ရွာလူထု၏ အရွယ်အစားနှင့်မြေယာကိစ္စများနှင့် ပတ်သက်ပြီး ရပ်ရွာလူထုအဖွဲ့ဝင်အားလုံးအတွက် မျှတမှုရရှိစေရန် အသင့်တော်ဆုံးပုံစံဖြစ်သည့် ရပ်ရွာလူထု၏ ဆုံးဖြတ်ချက်အပေါ် မူတည်မည်ဖြစ်သည်။ ကျေးရွာမြေယာကော်မတီထဲတွင် ရွေးကောက်တင်မြှောက်ထားသည့် အဖွဲ့ဝင်များပါဝင်ပြီး ကျေးရွာလူထုတရပ်လုံးက ၎င်းတို့၏ တာဝန်ဝတ္တရားများကို ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။ ခွင့်ပြုနိုင်သည့် အိမ်ထောင်စုတခုစီနှင့် အများပိုင်မြေတွင် အစုလိုက်ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချခွင့်တို့အား ကျေးရွာမြေကော်မတီက အဆုံးအဖြတ်ပေးမည်ဖြစ်ပြီး သီးခြားအသုံးချမှုများအတွက် သီးခြားနေရာများ ချမှတ်ရမည်ဖြစ်သည်။ ၎င်းတို့ထဲတွင် စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း၊ စားကျက်မြေနှင့် အခြားရောနှောပြီး အသုံးပြုခြင်းများ ပါဝင်သည်။ ကျေးရွာမြေကော်မတီက လိုလားလျှင် သို့မဟုတ် ကြေငြာထားလျှင် မည်သည့် အဖွဲ့ဝင်တဦးဦးက ၎င်းအတွက် (သို့မဟုတ်) ၎င်း၏မိသားစုအတွက် အများပိုင် မြေယာပေါ်တွင် အစားအစာများ စိုက်ပျိုးလျှင် လူထုအသိုင်းအဝိုင်း

အား မျှတသည့်အခွန်ပေးရန် လိုအပ်သည်။ KAD သည် ဗဟိုမြေယာ ကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC နှင့်သော်လည်းကောင်း၊ ကျေးရွာမြေကော်မတီနှင့် အခြားကျေးရွာမှ အဖွဲ့ဝင်များနှင့် သော်လည်းကောင်း ညှိနှိုင်းတိုင်ပင်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပိုင်မြေယာများပေါ်တွင် မည်သူက မည်သည့်လုပ်ပိုင်ခွင့်များကို မည်သည့်နေရာများတွင် မည်မျှအချိန်ကာလကြာအောင် မည်သည့်ရည်ရွယ်ချက်များအတွက် လုပ်ကိုင်မည်ဆိုသည်ကို ရှင်းလင်းအောင်ပြုလုပ်ပြီး မှတ်တမ်းတင်ကာ မှန်ကန်ကြောင်း တရားဝင်ထောက်ခံမှုပြုခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

**၃.၅.၃။** ကျေးရွာမြေယာကော်မတီသည် ဒေသခံ မြေယာအုပ်ချုပ်မှုဆိုင်ရာကိစ္စအားလုံးအတွက် တာဝန်ရှိသည့်အဖွဲ့အစည်း ဖြစ်သော်လည်း ၎င်းသည် မြို့နယ်နှင့် ခရိုင်အာဏာပိုင်များနှင့် အဖွဲ့အစည်းများမှတဆင့် ဗဟိုမြေယာကော်မတီ၏ ထောက်ပံ့မှုနှင့်လမ်းညွှန်မှုတို့ဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**၃.၅.၄။** ကော်သူးလေရှိ ပြည်သူအများအပြားနှင့် လူထုအသိုင်းအဝိုင်းများ၏ မြေယာ လုပ်ပိုင်ခွင့်များနှင့် ဓလေ့များသည် အများပိုင်မြေ၏ အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းအပေါ် မူတည်သည်။ ဗဟိုမြေယာကော်မတီနှင့် ကျေးရွာမြေကော်မတီ၏ FPIC တို့ဖြင့် ပူးပေါင်း၍ KAD သည် ကော်သူးလေရှိ အများပိုင်မြေအားလုံးအား သက်ဆိုင်သည့် မှတ်ပုံတင်ဌာနများတွင် အသိအမှတ်ပြု တရားဝင်ထောက်ခံပြီး မှတ်ပုံတင်မည် ဖြစ်သည်။ အများပိုင်မြေများသည် မြေအရင်းအမြစ်များဖြင့်သာ ကန့်သတ်ထားသည်မဟုတ်ဘဲ ဆက်စပ်သည့် သစ်တောများနှင့် ရေအရင်းအမြစ်များလည်း ပါဝင်သည်။ထို့ကြောင့် အများပိုင်မြေများတွင် ပြည်သူအစုအဖွဲ့ပိုင်သစ်တောများနှင့် သစ်တောမြေများ၊ ရေကန်များ၊ မြစ်များနှင့်စိမ့်မြေများ၊ ကရင်အလှည့်ကျ စိုက်ပျိုးမြေများ 'ကု'၊ ဥယျာဉ်များ၊ စားကျက်မြေများနှင့် အိမ်ထောင်စုနှင့် ကျေးရွာအစားအစာနှင့် အစားအစာမဟုတ်သည့် ထုတ်လုပ်မှုများ၊ ဆေးဝါးပင်များစိုက်ပျိုးခြင်း၊ ဂေဟဗေဒဆိုင်ရာ ဦးတည်ချက်များ၊ မြေမြှုပ်သင်္ဂြိုလ်ခြင်းအတွက်နှင့် အခြားဘာသာရေးနှင့် ယုံကြည်ချက်ဆိုင်ရာကိစ္စများအတွက် အသုံးချသည့်

အခြားနေရာများပါဝင်သည်။ အခြား အများပိုင်မြေများ၏ဥပမာများမှာ ဘာသာရေးအကြောင်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အစည်းအဝေးခန်းမများ ဆောက်လုပ်ရန်အတွက် အသုံးပြုသည့်မြေများ ပါဝင်သည်။

**၃.၅.၅။** ရပ်ရွာလူထုအသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့် မိသားစုများ၏ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချခွင့်များကို ကျေးရွာမြေတွင်သာ ခွင့်ပြုနိုင်ပြီး ကျေးရွာမြေ ကော်မတီနှင့်အခြားသင့်တော်သည့် ကျေးရွာအဖွဲ့အစည်းများ၊ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်များမှတဆင့် ဆုံးဖြတ်ထားသည့်အတိုင်း အိမ်ထောင်စုတခုစီ (သို့မဟုတ်) အစုလိုက်အား ခွင့်ပြုနိုင်သည်။ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် မိသားစုများသည် နေထိုင်ရန်နှင့် စိုက်ပျိုးရန်အတွက် မြေကွက်များအား ရယူနိုင်သည်။ ၎င်းတို့သည် အဆိုပါ မြေကွက်များအား ကျေးရွာမြေယာကော်မတီက ချမှတ်ထားသည့် စည်းမျဉ်း ဥပဒေများအောက်တွင်ထိန်းသိမ်းရန် တာဝန်ရှိသည်။ ၎င်းရပ်ရွာလူထု အဖွဲ့ဝင်နှင့် မိသားစုများ၏ မြေကွက်များအား မည်သည့်လွှဲပြောင်းခြင်းနှင့် ငှားရမ်းခြင်းကိုမဆို ပြုလုပ်လျှင် ကျေးရွာမြေကော်မတီထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

**၃.၅.၆။** နှစ်ခုထက်ပိုသော ကျေးရွာလူထုအသိုင်းအဝိုင်းများ၏ နယ်နိမိတ်များသည် တခုနှင့်တခု ထပ်မိနေပါက KAD သည် ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီ၏ FPIC တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ ထိခိုက်သည့် ပြည်သူများနှင့် လူထုအသိုင်းအဝိုင်းအားလုံးတို့နှင့် ဆွေးနွေးတိုင်ပင်ပြီး နယ်နိမိတ်များ၏ အတိအကျတည်နေရာကို လူထုအသိုင်းအဝိုင်း၏ အများဆန္ဒဖြင့် ဆုံးဖြတ်သွားမည်ဖြစ်သည်။ ကျေးရွာလူထုအသိုင်းအဝိုင်းတခုသည် အများပိုင်မြေအတွင်းရှိ နယ်နိမိတ်များအား ပြင်ဆင်လိုပါက KAD၊ ဗဟိုမြေယာကော်မတီ၊ သက်ဆိုင်သည့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေယာကော်မတီတို့နှင့် ထိခိုက်ခံရမှု အလားအလာရှိသော ပြည်သူအားလုံးနှင့် ဆွေးနွေးတိုင်ပင်ရမည်ဖြစ်သည်။ မည်သည့် ပြင်ဆင်ချက်မျိုးကိုမဆို ပြုလုပ်လိုလျှင် KAD၊ ဗဟိုမြေယာကော်မတီ၊ သက်ဆိုင်သည့် မိရိုးဖလာအရ အာဏာပိုင်များ၏ ခွင့်ပြုချက်နှင့်ထိခိုက်ခံရမှု

အလားအလာရှိသော ပြည်သူအားလုံးတို့၏ FPIC ကို ရယူရမည်ဖြစ်သည်။ အများ၏သဘောတူညီချက် မရရှိသော်လည်း ကျေးရွာလူထုအသိုင်းအဝိုင်းက ပြင်ဆင်ချက်အား ဆက်လက်ပြုလုပ်သွားလိုပါက ထိုကိစ္စအား အများသဘော တူညီချက် ရရှိရန် ကြားဝင်ဖြန်ဖြေမှုပုံစံဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။ ပြင်ဆင်ချက်ကြောင့် ထိခိုက်ခံရသူများ ရှိပါက ထိခိုက်ခံရသူများသည် KNU အာဏာပိုင်များထံမှ တရားမျှတသည့် နစ်နာကြေး ရရှိရမည်ဖြစ်သည်။

**၃.၅.၇။** မည်သည့်အများပိုင် မြေ (သို့မဟုတ်) ၎င်း၏ အစိတ်အပိုင်းတခုအား မည်သည့်အချိန်တွင် မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်း (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု အတွက် ထိခိုက်ခံရနိုင်သည့် ပြည်သူများ (သို့မဟုတ်) ကျေးရွာလူထု အဖွဲ့အစည်းများ၏ FPIC မပါဘဲ အသုံးချခွင့်မရှိပါ။

## အပိုဒ် ၃.၆။ KNU အာဏာပိုင်များ၏ စီမံခန့်ခွဲမှုအောက်ရှိ အများပြည်သူ အကျိုးစီးပွားအတွက် ရည်ရွယ်ထားသောမြေ

## (KNU Authorities-Managed Public Purpose Land)

**၃.၆.၁။ အခါအားလျော်စွာ ပေါ်ပေါက်သည့်မြေယာ (Periodic Land)** – အဆိုပါ မြေသည် ဗဟို မြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC သို့မဟုတ် ကျေးရွာမြေကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ကာ ယခု (သို့မဟုတ်) နောင်တွင် KAD က ရေစီးဆင်းမှု (သို့မဟုတ်) မိုးရေတို့အပေါ်မူတည်ပြီး ရေလမ်းကြောင်းတလျှောက်တွင် အချိန်ကာလအားလျော်စွာ ပေါ်ပေါက်တတ်သော မြေယာအဖြစ်သတ်မှတ်ပေးသောမြေ ဖြစ်သည်။ အခါအားလျော်စွာ ပေါ်ပေါက်သည့် မြေယာသည် အဓိကကျသည့် လူမှုရေး၊ ဇလဗေဒဆိုင်ရာနှင့် ဂေဟဆိုင်ရာ အသုံးဝင်မှုများရှိပြီး ၎င်းသည် ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC သို့မဟုတ် ကျေးရွာမြေကော်မတီတို့၏ ဆုံးဖြတ်ချက်အတိုင်း အများပြည်သူကောင်းကျိုးအား အထောက်အကူ ပြုရမည် ဖြစ်သည်။ အခါအားလျော်စွာ ပေါ်ပေါက်သည့်မြေအား ဗဟိုမြေယာကော်မတီက အလွန်တိကျ ရှင်းလင်းပြတ်သားသည့် အနေအထားဖြင့် ဆုံး

ဖြတ်ချက်ချကာ အသုံးပြုခွင့်များနှင့် တာဝန်ဝတ္တရားများအား အရည်အချင်း ပြည့်မီသော ပြည်သူများနှင့် လူထုအသိုင်းအဝိုင်းများအား ချပေးနိုင်သည်။

**၃.၆.၂။ ထိန်းသိမ်းကန့်သတ်ထားသည့် မြေ (Reserved Land)** – အဆိုပါ မြေ သည် ယခု (သို့မဟုတ်) နောင်တွင် ကရင်သစ်တောဌာန (KFD) က 'သစ်တော ကြိုးဝိုင်း'၊ 'ထိန်းသိမ်းထားခြင်းမရှိသည့် သစ်တောများ'၊ 'တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တောများ'၊ 'အမျိုးသား ဥယျာဉ်နေရာများ' နှင့် ထိုကဲ့သို့ ထိန်းသိမ်း ထားသော မြေများနှင့်ကပ်လျက်ရှိသည့် ကြားခံနယ်မြေများအဖြစ် သတ်မှတ် ပေးထားသော မြေများဖြစ်သည်။ ထိန်းသိမ်းကန့်သတ်ထားသည့် မြေယာသည် အဓိကကျသည့် လူမှုရေး၊ ဇလဗေဒဆိုင်ရာနှင့် ဂေဟဗေဒဆိုင်ရာ အသုံးဝင်မှု များရှိပြီး ၎င်းသည် ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC သို့မဟုတ် ကျေးရွာမြေယာကော်မတီတို့၏ ဆုံးဖြတ်ချက်အတိုင်း အများပြည်သူ ကောင်းကျိုးအား အထောက်အကူပြုရမည် ဖြစ်သည်။ KFD ၏ သက်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အလွန်ရှင်းလင်းပြတ်သားသည့် အခြေအနေများတွင် ဗဟိုမြေယာကော်မတီက ဆုံးဖြတ်ချက်ပြုရမည်ဖြစ်ပြီး မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေယာကော်မတီ၏ FPIC နှင့်အတူ လူမှုရေးနှင့် ဂေဟဗေဒဆိုင်ရာ အသုံးဝင်မှုနှင့် ပြည်သူလူထု၏ ကောင်းကျိုးတို့အား မထိခိုက်စေဘဲ ထိန်းသိမ်းကန့်သတ်ထားသည့် မြေယာအား စိုက်ပျိုးရေးအသုံးပြုမှုများအတွက် အရည်အချင်းပြည့်မီသော ပြည်သူများနှင့် လူထုအသိုင်းအဝိုင်းများအား ချပေးနိုင်သည်။

**၃.၆.၃။ အများပြည်သူပိုင်သည့်မြေယာ (Public Land)** – အဆိုပါမြေသည် ယခု (သို့မဟုတ်) နောင်တွင် KAD သည် အများပြည်သူ၏ အခြေခံ အဆောက်အအုံ အတွက် အသုံးချရန်ဟု သတ်မှတ်ထားသော မြေယာများဖြစ်သည့် လမ်းများ၊ တံတားများ၊ KNU အာဏာပိုင်များ၏ အဆောက်အဦးများ၊ ကျောင်းများ၊ ဆေးရုံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် လူထုအသိုင်းအဝိုင်းဆိုင် ရာ အဖွဲ့အစည်းများ၏ ရုံးများနှင့် အခြားအများပြည်သူသုံးစွဲရန်ဟု အများက သတ်မှတ်ထားသော အခြေခံအဆောက်အအုံများ ပါဝင်သည်။ အများပြည်သူ ပိုင်သည့် မြေယာသည် အဓိကကျသည့် လူမှုရေး၊ ဇလဗေဒဆိုင်ရာနှင့်

ဂေဟဆိုင်ရာ အသုံးဝင်မှုများရှိပြီး ၎င်းသည် ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC တို့၏ သတ်မှတ်ချက်ဖြင့် အများပြည်သူကောင်းကျိုးအား အထောက်အကူပြုရမည် ဖြစ်သည်။အလွန်ရှင်းလင်းပြတ်သားသည့် အခြေအနေများတွင် ဗဟိုမြေယာကော်မတီက ဆုံးဖြတ်ချက်ပြုရမည်ဖြစ်ပြီး မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေ ကော်မတီ၏ FPIC နှင့်အတူ လူမှုရေးနှင့် ဂေဟဗေဒဆိုင်ရာ အသုံးဝင်မှုနှင့် ပြည်သူလူထု၏ကောင်းကျိုးတို့အား မထိခိုက်စေဘဲ အများပြည်သူပိုင်သည့် မြေယာအားအသုံးပြုခွင့်များနှင့် တာဝန်ဝတ္တရားများကို အရည်အချင်းပြည့်မီသောပြည်သူများနှင့် လူထုအသိုင်းအဝိုင်းများအား ချပေးနိုင်သည်။

## အပိုဒ် ၃.၇။ အသုံးချပိုင်ခွင့်များအား စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း (Regulating Use Rights)

**၃.၇.၁။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများတွင် ဝင်ရောက်နေထိုင်ခြင်း (သို့မဟုတ်) အသုံးချခြင်းအတွက် ဗဟိုမြေယာ ကော်မတီနှင့် ကျေးရွာလူထုအသိုင်းအဝိုင်းနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီတို့၏ ပူးပေါင်းမှုဖြင့်၊ KAD ၏ ခွင့်ပြုခြင်းနှင့် မှန်ကန်ကြောင်း ထောက်ခံပေးခြင်းတို့ လိုအပ်သည်။ ထိုသို့သော ဝင်ရောက်နေထိုင်ခွင့် (သို့မဟုတ်) အသုံးချခွင့်အား သက်ဆိုင်သည့် မှတ်ပုံတင်ဌာနတွင် မှတ်ပုံတင်ထားရမည်ဖြစ်သည်။

**၃.၇.၂။** ဝင်ရောက်နေထိုင်ခွင့် (သို့မဟုတ်) အသုံးချခွင့်ရရှိနိုင်ရန် ကန့်သတ်ချက်များထဲတွင် အသက် ၁၈ နှစ်နှင့်အထက်ရှိသူတဦးဖြစ်ပြီး ရာဇဝတ်မှု ကျူးလွန်ခြင်း မရှိဘူးသည့်သူတဦးဖြစ်ကာ –

(၁) ဒုက္ခသည် (သို့မဟုတ်) ပြည်တွင်းတိမ်းရှောင် ဒုက္ခသည်တဦးအဖြစ် (သို့မဟုတ်) အခြေအနေတခုကြောင့် ခရီးသွားရသည့်အခါမျိုးမှလွဲ၍ အဓိကအားဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီကတည်းက ကော်သူးလေတွင်

နေထိုင်နေသူ၊

(၂) ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ကော်သူးလေတွင် နေထိုင်ပြီး ကော်သူးလေရှိ တိုင်းရင်းသားလူမျိုးများ၏ အကျိုးအတွက် လူမှုဝန်ဆောင်မှုများ ပြုလုပ်ထားသူ၊

(၃) ကော်သူးလေတွင် နေထိုင်သူတဦးဖြစ်ပြီး မြေတခုပေါ်တွင် ဝင်ရောက်နေထိုင်ခွင့် (သို့ မဟုတ်) အသုံးချပိုင်ခွင့် ရရှိခဲ့ဖူးသူဖြစ်ကြောင်း KAD၊ ဗဟိုမြေယာကော်မတီ၊ ကျေးရွာလူထု အသိုင်းအဝိုင်းများနှင့် မိရိုးဖလာအရ အာဏာပိုင်များ လက်ခံနိုင်သည့် သက်သေ အထောက်အထားများ ရှိထားသူ၊

(၄) ဝင်ရောက်နေထိုင်ခွင့် (သို့မဟုတ်) အသုံးချပိုင်ခွင့်အား မျှဝေပြီး အသုံးပြုသည့် ဇနီးနှင့် ခင်ပွန်းဖြစ်ကာ ၎င်းတို့နှစ်ဦးသည် အထက်ဖော်ပြပါ စံနှုန်းများနှင့် ကိုက်ညီကြောင်း မှတ်တမ်းတင်ခံထားရသူတို့ဖြစ်သည်။

**၃.၇.၃။** မည်သည့် အသုံးချပိုင်ခွင့်မဆို ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေယာကော်မတီ၏ FPIC တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီး KAD က ချမှတ်ထားသည့်အတိုင်း တင်းကြပ်သည့် အကန့်အသတ်များအောက်တွင် ရှိသည်။ မြေယာအသုံးချပိုင်ခွင့်ကို မိုးစပါး စိုက်ပျိုးရန်အတွက် အကန့်အသတ်မှာ ဧက ၂၀ ဖြစ်ပြီး၊ နှန်းမြေစိုက်ပျိုးရေးအတွက် ၂ ဧကမှ ၅ ဧကအထိနှင့် နှန်းမြေ၏ မျိုးအောင်ခြင်းအပေါ်မူတည်၍ သတ်မှတ်ပေးသည်။ ဗဟိုမြေယာကော်မတီနှင့် ကျေးရွာလူထု အသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့် မိရိုးဖလာအရ အာဏာပိုင်တို့၏ FPIC တို့ဖြင့် ညှိနှိုင်းတိုင်ပင်ပြီး ဤမူဝါဒ၏ ဦးတည်ချက်နှင့် အခြေခံမူဝါဒများနှင့် ကိုက်ညီမှသာလျှင် KAD သည် ခွင့်ပြုထားသည့် ဧက ၂၀ အားကျော်၍ ဧက ၅၀ အထိ ပေးသည့် အခြေအနေများအပေါ် မူတည်၍ခွင့်ပြုနိုင်ပြီး၊ ထိုမြေသည် သီးသန့်စိုက်ခင်းများ ပြုလုပ်ခြင်းအတွက် မလုံလောက်မှသာ ခွင့်ပြုမည်ဖြစ်သည်။ ဤမူဝါဒအောက်တွင် လူတဦးသည် ၎င်းအတွက် ခွင့်ပြုထားသည့်မြေယာအား အသုံးပြု

ခြင်းကို တွက်ချက်ရာတွင် အများဆုံးခွင့်ပြုထားသည့် ပမာဏအား တွက်ချက်မည်ဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်သည် အခြားမြေယာသုံးစွဲမှုများ (သို့မဟုတ်) ငှားရမ်းမှုများ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရှိပါက အများဆုံးနှုန်းအား တွက်ချက်သွားမည် ဖြစ်သည်။ ဧက ၂၀ အကန့်အသတ်အား ပိုပြီးတိုးချဲ့ရန် လိုလားသူသည် KAD ထံ လျှောက်ထားရမည်ဖြစ်ပြီး ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီ၏ FPIC တို့နှင့် ပူးပေါင်း ဆောင်ရွက်၍ သူ (သို့မဟုတ်) သူမသည် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် ရရှိရန် စိတ်ဝင်စားသည့် မြေယာ၊ သစ်တောများ၊ ရေ၊ ရေလုပ်ငန်းများ နှင့်ပတ်သက်ပြီး အချက်အလက်ပြည့်စုံစွာ တင်ပြရမည် ဖြစ်သည်။ ထိုသို့တင်ပြရန်ပျက်ကွက်ပါက အဆိုပါ လျှောက်ထားခြင်းသည် အလိုအလျောက် ပျက်ပြယ်သွားမည် ဖြစ်သည်။ ၎င်းကန့်သတ်ချက်များအပေါ် ခြွင်းချက်ကို KAD က စိုက်ပျိုးရေးအား ကျယ်ပြန့်စွာပြုလုပ်ရန် သင့်တော်သည့် မြေပြန့်များအား ခွင့်ပြုနိုင်မည်ဖြစ်သည်။ ကန့်သတ်ချက်များအား စိုက်ပျိုးထုတ်လုပ်မှု အမြင့်ဆုံးဖြစ်လာရန် ရည်ရွယ်ချက်ဖြင့်သာ ကျော်လွှားနိုင်မည်ဖြစ်ပြီး ရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊ စမ်းသပ်ခြင်း နှင့် အခြား ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ပြုလုပ်၍မရပါ။

**၃.၇.၄။** လုပ်ငန်းတခု (သို့မဟုတ်) စီးပွားဖြစ် စိုက်ပျိုးရေးအတွက် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်သည် ဧက ၅၀ အထက်ကျော်လွန်၍ မရပါ။ လူတဦး (သို့မဟုတ်) ကုမ္ပဏီတခုအား ဤမူဝါဒအရ မြေယာအများဆုံး ငှားရမ်းခွင့်ပြုခြင်းကို တွက်ချက်ရာတွင် အချက်အလက်အားလုံး စုံလင်ရမည်ဖြစ်ပြီး ၎င်းပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီ၏ ကော်သူးလေအတွင်းရှိသည့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိထားသည့် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များအား ဖော်ပြရမည်ဖြစ်ကာ အမြင့်ဆုံးသတ်မှတ်ထားသည့် မြေယာအသုံးချပိုင်ခွင့်အထိ တွက်ချက်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ မပြုလုပ်ပါက ၎င်းပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီ၏ ကော်သူးလေရှိ မြေယာလုပ်ပိုင်ခွင့်များသည် အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်သည်။

**၃.၇.၅။** ကော်သူးလေအတွင်းရှိ မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများတွင် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချ ပိုင်ခွင့်များ ရရှိထားသူ မည်သူမဆို အောက်ဖော်ပါ ရပိုင်ခွင့်များနှင့် တာဝန် ဝတ္တရားများ ရှိသည် –

- ကာလရှည်နှင့် ကာလတို စိုက်ပျိုးရေးနှင့် ဆည်မြောင်းများ ဖော်ရန် (သို့မ ဟုတ်) ၎င်းတို့၏ လယ်မြေများအား ကာကွယ်ရန် လယ်မြေနှင့် ပတ်သက် သည့် အခြားလုပ်ဆောင်မှုများ ပြုလုပ်ခြင်းတို့အပါအဝင် မြေယာစိုက်ပျိုး ခွင့်နှင့် တာဝန်ဝတ္တရားများအား စိုက်ပျိုးခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်သည်။
- အသုံးချပိုင်ခွင့်လွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များအား အခြားသူတဦးထံသို့ လွှဲပြောင်းပိုင်ခွင့်၊
- အမွေဆက်ခံခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ မြေယာ ဝင်ရောက်နေထိုင် ခွင့်နှင့် အသုံးချ ပိုင်ခွင့်များအား အခြားသူတဦးထံသို့ အမွေအဖြစ် လွှဲ ပြောင်းပိုင်ခွင့်၊
- မြေယာ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်အတွက် ငှားရမ်းခများတွင် KAD နှင့် ဆွေးနွေးတိုင်ပင်ကာ ၎င်း၏ခွင့်ပြုချက်ဖြင့် ပတ်သက်သူများက ညှိနှိုင်းထားသည့် သတ်မှတ်ချက်များ ပါဝင်ရမည်။ ထို့အပြင် ဗဟိုမြေယာ ကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေ ကော်မတီ၏ FPIC (သို့မဟုတ်) ထိန်းသိမ်းကန့်သတ်ထားသည့် မြေနေရာ များအတွက် KFD တို့နှင့်လည်းဆွေးနွေးတိုင်ပင်ရမည်။
- အထက်ဖော်ပြပါ အချက်တခုချင်းအား ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချ ပိုင်ခွင့်များ၏ ကန့်သတ်ချက်တခုအဖြစ်မှတ်ယူပြီး ချိုးဖောက်မှုများရှိပါက ဖျက်သိမ်းခြင်းခံရမည် ဖြစ်သည်။

**၃.၇.၆။** မြေယာအစိတ်အပိုင်းအား (၃) နှစ်နှင့်အထက် ဆက်တိုက်နေထိုင်သူ တဦးက ဝင်ရောက်နေထိုင်ပြီး ထိုမြေယာတည်ရှိသော ကျေးရွာလူထု အသိုင်း

အဝိုင်းနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ ခွင့်ပြုချက်အရ စိုက်ပျိုးခဲ့သည်ဟု KAD ကသတ်မှတ်ပါက ထိုသူသည် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်အား KAD ထံ တရားဝင်လျှောက်ထားပိုင်ခွင့် ရှိသည်။ KAD သည် ဗဟိုမြေယာ ကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC တို့နှင့် ဆွေးနွေးတိုင်ပင်ပြီး ထိုပုဂ္ဂိုလ်သည် အရည်အချင်းများ ပြည့်စုံလျှင် ထိုရပိုင်ခွင့်အား အပ်နှံနိုင်သည်။

**၃.၇.၇။** မြေယာဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များ သက်တမ်းကုန်သွားစေသည့် အခြေအနေများမှာ – (၁) မြေယာလုပ်ပိုင်ခွင့်များ ကိုင်ဆောင်ထားသူ သေဆုံးသွားသည့်အခါ၊ (၂) ထိုနေ့သည် မြေယာလုပ်ပိုင်ခွင့် စတင်ရရှိသည့်နေ့မှ နှစ် ၂၀ ပြည့်သွားသည့်အခါ၊ (၃) KNU အာဏာပိုင်များ၏မူဝါဒအရ မှားယွင်းစွာအသုံးချသည်ဟု KAD က ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီ၏ FPIC တို့နှင့် ဆွေးနွေးတိုင်ပင်ပြီး ဆုံးဖြတ်သောကြောင့် ရပ်ဆိုင်းသွားသည့်အခါတို့တွင် ဖြစ်သည်။ သို့သော် အိမ်ထောင်စုတွင် မြေယာလုပ်ပိုင်ခွင့်အား ရရှိထားသူ တဦးထက် ပိုပါက မြေယာလုပ်ပိုင်ခွင့်သည် တဦးတယောက် သေဆုံးခြင်းဖြင့် ပြီးဆုံးသွားမည်မဟုတ်ဘဲ ရပိုင်ခွင့် အမည်ကိုင်ဆောင်ထားသူအားလုံး သေဆုံးမှသာ ရပ်ဆိုင်းသွားမည် ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်အား ခွင့်ပြုထားသည့် ပထမ သက်တမ်းအတွင်းတွင် မဖျက်သိမ်းခဲ့ပါက ၎င်းသက်တမ်းအား (၂) ကြိမ်အထိ ထပ်တိုးနိုင်ပြီး ပထမအကြိမ်တွင် (၁၀) နှစ်အထိ တိုးနိုင်ကာ၊ ဒုတိယအကြိမ်တွင် (၅) နှစ်အထိ တိုးနိုင်သည်။ သက်တမ်းတိုးမှုများအား KAD ၏ ကြိုတင်ခွင့်ပြုချက်ရယူရကာ KAD သည် ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေ ကော်မတီ၏ FPIC တို့နှင့် ဆွေးနွေးတိုင်ပင်ပြီး၊ ခွင့်ပြုချက် ပေး၊မပေး ဆုံးဖြတ်သွားမည် ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်များနှင့်ပတ်သက်ပြီး မည်သည့် သက်တမ်းကုန်ဆုံးခြင်း (သို့မဟုတ်) သက်တမ်းတိုးခြင်းကိုမဆို မှတ်ပုံတင်ထားရမည်ဖြစ်သည်။

**၃.၇.၈။** မြေယာလုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူသည် သူ (သို့မဟုတ်) သူမ၏ မြေယာလုပ်ပိုင်ခွင့် တာဝန်ဝတ္တရားများ (သို့မဟုတ်) ဤမူဝါဒတွင် ချမှတ်

ထားသည့် မြေယာလုပ်ပိုင်ခွင့် စည်းမျဉ်းများအတွက် ပြဌာန်းချက်များအား နာခံခြင်းမရှိပါက KAD သည် ဇဟိုမြေယာကော်မတီ၊ အသုံးချပိုင်ခွင့် ကိုင်ဆောင်ထားသူနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီနှင့် ဆွေးနွေးတိုင်ပင်ပြီး ပိုင်ဆိုင်ခွင့်အား ဖျက်သိမ်းနိုင်သည်။ ဖျက်သိမ်းမှုဖြစ်ပွားပါက ၎င်းအားသက်ဆိုင်သည့် မှတ်ပုံတင်ဌာနတွင် မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ ၎င်းမြေယာလုပ်ပိုင်ခွင့်သည် စီးပွားရေး (သို့မဟုတ်) လုပ်ငန်းတခုအတွက်ဖြစ်ပြီး ၎င်းမြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား ၎င်းတို့၏ လူမှုရေးနှင့်ဂေဟဗေဒဆိုင်ရာ အသုံးဝင်မှုများအား ဖြည့်ဆည်းပေးမှုနှင့် ထိခိုက်ခံစားရသည့် လူထုအသိုင်းအဝိုင်းများအား လူမှုဖူလုံရေးအတွက် ပံ့ပိုးပေးမှုတို့ အချိန်မှန် စတင်ပြုလုပ်ခြင်း မရှိပါက (သို့မဟုတ်) ဆက်တိုက်ထုတ်လုပ်မှုများ မပြုလုပ်ပါကလည်း KAD သည် မြေယာသုံးစွဲပိုင်ခွင့်အား ဖျက်သိမ်းနိုင်သည်။

**၃.၇.၉။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများတွင် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်သည် ဇဟိုမြေယာကော်မတီနှင့် ကျေးရွာလူထုအသိုင်းအဝိုင်းနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ FPIC တို့ဖြင့် ဆွေးနွေးတိုင်ခြင်းဖြင့် KNU အာဏာပိုင်များက အလေးပေးထားသည့်အချို့သော အခွင့်အရေးများနှင့် ပတ်သက်သည့် အထွေထွေ ကန့်သတ်ချက်နှင့် တားမြစ်ချက်များအပေါ်မူတည်သည်။ ၎င်းတို့ထဲတွင် အောက်ဖော်ပြပါအချက်များ ပါဝင်သည်။

- မြေအောက်ရှိ တွင်းထွက်သယံဇာတများအား ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင် တူးဖော်ခွင့်ရှိသည်– (၁) မိုင်းတူးဖော်ခြင်းအား မိုင်းတူးဖော်ခြင်းနှင့် ပတ်ဝန်းကျင်နှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ လိုအပ်ချက်တို့နှင့်အညီ ဆောင်ရွက်ခြင်း၊ (၂) မြေယာသုံးစွဲပိုင်ခွင့် ကိုင်ဆောင်ထားသူသည် မြေလွှာအား မည်သည့်အနှောက်အယှက်မျိုးမှ မဖြစ်စေဘဲ အသုံးချခြင်း၊ (၃) အသုံးချပိုင်ခွင့်အား ကိုင်ဆောင်ထားသူကို မိုင်းတွင်းလုပ်ငန်းကြောင့် မြေ၏ မြေလွှာ (သို့မဟုတ်) မြေဆီလွှာအခြေအနေတို့အပေါ်

ထိခိုက်မှုရှိခဲ့ပါက ပြန်လည် ပြုပြင်ပေးခြင်း၊ ဆုံးရှုံးသွားသည့် မြေယာ အသုံးချပိုင်ခွင့် (သို့မဟုတ်) တန်ဖိုးများအား ပြန်လျော်ခြင်း။

- KFD ၏ ကြိုတင်ခွင့်ပြုချက်မပါဘဲ ကျွန်းသစ်နှင့် အခြားအလားတူ တန်ဖိုးရှိသည့် သစ်များအား ခုတ်လှဲခြင်းမှ တားမြစ်ခြင်းနှင့် KFD ၏ အကျိုးသက်ရောက်သော စည်းမျဉ်းများအား လိုက်နာခြင်း။

**၃.၇.၁၀။** KNU အာဏာပိုင်များက တွင်းထွက်ပစ္စည်းများ ထုတ်ယူမှု (သို့မဟုတ်) သစ်နှင့်အခြား သဘာဝသယံဇာတများ (သို့မဟုတ်) စိုက်ပျိုးသီးနှံများဆိုင်ရာ အသုံးချပိုင်ခွင့်များကို ခွဲဝေသည့်အခါတွင် အသုံးချခွင့်များ ထိခိုက်နစ်နာသွားသော လူထုအသိုင်းအဝိုင်းသည် ထွက်လာသည့် အမြတ်အစွန်းမှ ရာခိုင်နှုန်းတခုခုအား ဗဟိုမြေယာကော်မတီနှင့် မိရိုးဖလာအရ အာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီနှင့် တိုင်ပင်ဆွေးနွေးပြီး ဒေသခံလူထု အသိုင်းအဝိုင်း၏ အများဆန္ဒနှင့်အညီ သက်ဆိုင်ရာဌာန၏ ဆုံးဖြတ်ချက်အတိုင်း ရရှိသင့်သည်။

**၃.၇.၁၁။** ပြည်သူများ၏ မြေယာလုပ်ပိုင်ခွင့်များနှင့်ပတ်သက်သော အခွင့်အရေးများနှင့် ကန့်သတ်ချက်များသည် ဤမူဝါဒ၏ ယေဘုယျ မျှော်မှန်းချက်နှင့် အခြေခံမူတို့အပေါ် တသဝေမတိမ်း မူတည်သည်သာမက နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများအပေါ်မူတည်ကာ နောက်ဆုံးတွင် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံသဘောတရားများအပေါ်မူတည်သည်။ ၎င်းနှင့်ပတ်သက်သည့် တာဝန်ဝတ္တရားများမှာ –

- မိုင်းတွင်းလုပ်ငန်း၊ သစ်ထုတ်လုပ်ရေးနှင့် အခြားအလားတူ လုပ်ဆောင်မှုများကြောင့် အများပိုင်မြေများအပေါ် ကျရောက်လာနိုင်သည့် ဆိုးကျိုးများထံမှ ကာကွယ်ပေးခြင်းနှင့်၊

- ဥပဒေက တရားဝင်အသိအမှတ်မပြုသေးသည့် မိရိုးဖလာအရနှင့် တရားဝင် မဟုတ်သေးသည့် မြေယာလုပ်ပိုင်ခွင့်များအပါအဝင်၊ လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအပေါ် မိုင်းတွင်းလုပ်ငန်း၊ သစ်ထုတ်လုပ်ရေး (သို့မဟုတ်) အခြားသယံဇာတ ထုတ်လုပ်ရေး ဆောင်ရွက်

ချက်များကြောင့် မည်သည့်ဆိုးကျိုးမှ မကျရောက်လာစေရန် ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

**၃.၇.၁၂။** KAD ထံမှ မြေယာလုပ်ပိုင်ခွင့်များ ရရှိသောသူသည် အထွေထွေနှင့် သီးခြားလူမှုရေးနှင့် ဂေဟဗေဒဆိုင်ရာ ကောင်းကျိုးတို့အား ပံ့ပိုးပေးသည့် ဒေသတွင်းအစားအစာ ထုတ်လုပ်သည့် စနစ်များနှင့် နေထိုင်မှုဓလေ့များကို ဖြည့်ဆည်းထောက်ပံ့ပေးရန်လိုအပ်သည်။ KNU အာဏာပိုင်များက အစားအစာ မလုံလောက်မှု ကာလတခုအား ကြေငြာခဲ့လျှင် အသုံးချပိုင်ခွင့်များအား ခွဲဝေသည့်အခါတွင် လယ်ယာလုပ်ငန်းအား အဓိကမလုပ်ကိုင်သူများ (သို့မဟုတ်) လယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်သူများမရှိသည့် မိသားစုအတွင်းတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များကဲ့သို့သော မိမိဘာသာမိမိ အစားအစာများ မရှာနိုင်သူတို့အား ဦးစားပေးသွားမည်ဖြစ်သည်။

**၃.၇.၁၃။** ဤမူဝါဒပါ ပြဋ္ဌာန်းမှုများအား ဆန့်ကျင်သည့် အသုံးချပိုင်ခွင့်များအား အသုံးချခွင့်များ ကိုင်ဆောင်သူတဦးက လွှဲပြောင်းထားသည်ကို KAD က တွေ့ရှိပါက အသိပေးပြီး အကြောင်းပြချက်များအား ကြားနာပြီးသည့်အခါ မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများနှင့်ပတ်သက်သည့် သူ (သို့မဟုတ်) သူမ၏ မြေယာအသုံးချပိုင်ခွင့်ကို ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းများအား KAD က ပြုလုပ်သွားနိုင်ပြီး မည်သည့်အသုံးချပိုင်ခွင့်မဆို လုပ်ဆောင်သည့်အခါ ချိုးဖောက်မှုရှိခဲ့ပါက KAD က အဆုံးသတ်နိုင်သည်။

## အပိုဒ် ၃.၈။ သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေး (Contract Farming)

**၃.၈.၁။** လယ်သမားများအတွက် အန္တရာယ်အနည်းဆုံးဖြစ်ရန်နှင့် အကျိုးအမြတ်အများဆုံး ရရှိစေရန် KNU အာဏာပိုင်များသည် တရားဝင် သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးအား စောင့်ကြည့်

စစ်ဆေးပြီး ထိန်းညှိရန် လိုသည်။

**၃.၈.၂။** လယ်သမားများသည် ဒေသအတွင်းပွဲစားများနှင့် ငွေချေးသူများအပေါ် အားကိုးခြင်းဖြင့် မြင့်မားသည့်အတိုးနှုန်းများမှ မလိုအပ်သည့် အန္တရာယ်များနှင့် အကြွေးသံသရာတိုးပွားခြင်းများ မဖြစ်စေရန် KNU အာဏာပိုင်များမှ လယ်သမားတို့အား လွယ်ကူစွာ လက်လှမ်းမီနိုင်သည့် ငွေချေးမှုများ ပြုလုပ်ပေးသင့်သည်။

**၃.၈.၃။** မြေယာအသုံးချခြင်းအပေါ် အုပ်ချုပ်မှုနှင့်ပတ်သက်သည့် နောက်ထပ် ဥပဒေများနှင့် မူဝါဒများ ပြဋ္ဌာန်းသည့်အခါတွင် KNU အာဏာပိုင်များသည် ဗဟို မြေယာကော်မတီမှ တဆင့် **"သဘောတူစာချုပ် ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေး"** ဆိုင်ရာကိစ္စကို ဆက်လက်လေ့လာရမည်။ ထို့အပြင် သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးအား ဆောင်ရွက်သည့်အခါတွင် လယ်သမားများအတွက် အကျိုးအမြတ်ရှိစေပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် အခြားစာချုပ်စာတမ်းများအောက်ရှိ တာဝန်ဝတ္တရားများအား အသိအမှတ်ပြု၊ ကာကွယ်ပေးပြီး ဖြည့်ဆည်းပေးရန်အတွက် သေချာအောင်ဆောင်ရွက်ရမည်။

## အပိုဒ်၃.၉။ရင်းနှီးမြှုပ်နှံမှု (Investment)

**၃.၉.၁။** စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသည့် KNU အာဏာပိုင်များနှင့် ကျေးရွာလူထု အဖွဲ့အစည်းများနှင့် အိမ်ထောင်စုတခုချင်းစီ၏ သယံဇာတမျိုးစုံ (သဘာဝ၊ လူသားဆိုင်ရာ၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ရုပ်ဝတ္ထုနှင့် ဘဏ္ဍာရေးဆိုင်ရာတို့ ပါဝင်သည်) နှင့်သက်ဆိုင်သည့် ကတိကဝတ်များပါဝင်သည်။ ၎င်းတို့သည် ဥပမာအားဖြင့် – မြေဆီမြေသြဇာကောင်းရန် အရည်အသွေးမြှင့်ခြင်း၊ ယဉ်ကျေးမှုဓလေ့များနှင့် ကျင့်စဉ်များအား ထိန်းသိမ်းခြင်း၊ အနာဂတ် ကျေးလက်လူငယ်များအတွက် အခွင့်အလမ်းများ ဖော်ထုတ်ခြင်း စသည်ဖြင့် အများအကျိုးကို အထောက်အကူပြုစေသည်။ သို့ဖြစ်၍ စိုက်ပျိုး

ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အမြတ်အစွန်းတခု ရရှိရန်အတွက် မတည်ငွေများ ပုံ့ပိုးခြင်းကိစ္စသာမကဘဲ အခြားကိစ္စများစွာလည်း ပါဝင် သည်။

**၃.၉.၂။** ငြိမ်းချမ်းရေးနှင့်လူမှုရေး တရားမျှတမှု၊ လက်ရှိနှင့်အနာဂတ် လူမှုဖူလုံ ရေး၊ လူမှုရေးဆိုင်ရာ ပြန်လည်ထုတ်ပေးနိုင်စွမ်း အရည်အသွေးတို့အတွက် အရေးပါသည့်အရာများကို လျစ်လျူရှုသော၊ ကြီးမားသည့် ဂေဟဗေဒဆိုင်ရာ အကျိုးများကြောင့် လျော့ကျလာစေသော အများပြည်သူပိုင် (သို့မဟုတ်) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်တည်တံ့ခိုင်မြဲမည်ဟု သက်မှတ်၍ မရပေ။

**၃.၉.၃။** တာဝန်သိသိ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများသည် ထိခိုက်မှုမရှိ စေဘဲ တရားဝင်မြေယာပိုင်ဆိုင်ခွင့် ကိုင်ဆောင်သူများ ပိုင်ဆိုင်မှုဆုံးရှုံးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများမှ အကာအကွယ်ပေးပြီး လူ့အခွင့်အရေးများ အားလည်း လေးစားရမည်ဖြစ်သည်။ ၎င်းတို့သည် ဤမူဝါဒ၏ မျှော်မှန်းချက် များနှင့် ရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရန်၊ အစားအစာ ဖူလုံရန်၊ မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား ရေရှည်တည်တံ့စွာ အသုံးချနိုင်ရန်၊ အိမ်ထောင်စုတခုချင်းနှင့် ကျေးရွာလူထု အဖွဲ့အစည်းများ၏ ကြံ့ခိုင်မှုတိုးပွားလာစေရန်၊ ပြည်သူများ မျှော်မှန်းသည့် ကျေးလက်ဖွံ့ဖြိုး တိုးတက်မှုများ ဖြစ်ပေါ်လာစေရန်၊ ဒေသတွင်း အစားအစာ ထုတ်လုပ်ရေး စနစ်များ ဆက်လက်ရှင်သန်ပြီး အားကောင်းလာစေရန်၊ ဂုဏ်သိက္ခာရှိသည့် အလုပ်အကိုင်များနှင့် လစာများ ရရှိကြစေရန်၊ ကျေးလက်လူနေမှုဘဝများ တည်ဆောက်ရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေးမူများနှင့် စံချိန်စံနှုန်းများ ထိန်းသိမ်းသွားနိုင်ရန်တို့အား ရရှိရန် ကြိုးပမ်းသွားရမည်ဖြစ်သည်။

**၃.၉.၄။** ဤမူဝါဒသည် အပြုသဘောဆောင်သည့် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှု များအား ဦးစားပေးပြီး ၎င်းတို့မှာ ဘေးဖယ်ခံထားရသူများ၊ ဆင်းရဲနွမ်းပါးသူ များနှင့် ခုခံနိုင်စွမ်းမရှိသူများနှင့် ကျေးရွာလူထု အဖွဲ့အစည်းများအား စီးပွား ရေးအရ အလားအလာရှိသည့်အရာများ၊ ဂေဟဗေဒအရ အဆင်ပြေပြီး

ယဉ်ကျေးမှုအရ သင့်တော်သည့် ဓလေ့များအား အခြေခံသည့် အနာဂတ် ကျေးလက်ဒေသအား တည်ဆောက်သည့်အခါတွင် ဦးစားပေးပြီး မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများ၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတ များနှင့်ပတ်သက်သည့် ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်တို့အား လေးစားသည့် ရင်းနှီးမြှုပ်နှံမှုများအား ဦးစားပေးသည်။

**၃.၉.၅။** KAD သည် မြေယာကော်မတီနှင့် ကျေးရွာလူထုအသိုင်းအဝိုင်းနှင့် မိရိုးဖလာအရ အာဏာပိုင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ဒေသတွင်း တိုင်းရင်း သားများ၏ အသိပညာ၊ မိရိုးဖလာ လယ်ယာဓလေ့နှင့် အခြား **"အကောင်းဆုံး ဓလေ့များ"** ပါဝင်သည့် လယ်သမားများ၏ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုများအား ထောက်ပံ့၊ ကာကွယ်ပြီး အားဖြည့်ပေးသည့် ကော်သူးလေအတွင်းရှိ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ အများပြည်သူ ရင်းနှီးမြှုပ်နှံမှုများအား ဦးစားပေး၊ ဦးဆောင်ပြီး အားပေးခြင်းကို ပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါ အကောင်းဆုံးဓလေ့များမှာ –

- ပျိုးပင်များ ရောနှောခြင်း၊ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း၊ စပါးအား တခုတည်းသော ပျိုးပင်အဖြစ် မှီခိုခြင်းမှ အမျိုးမျိုး ပြောင်းလဲ စိုက်ပျိုးခြင်းနှင့်

- ထုတ်လုပ်အား၊ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု၊ မြေဆီလွှာ ပြောင်းလဲနိုင်မှုနှင့် အစားအစာထုတ်လုပ်ရေးစနစ်များအား ပိုမိုကောင်းမွန် လာစေရန် ဖော်ထုတ်ထားသည့် ဂေဟစိုက်ပျိုးရေးနှင့် လယ်ယာနည်း ပညာများအား ရွေးချယ်အသုံးပြုခြင်း။

**၃.၉.၆။** KNU အာဏာပိုင်များသည် KAD၊ ဗဟိုမြေယာကော်မတီ၊ ဒေသတွင်း မိရိုးဖလာအရ အာဏာပိုင်များ၊ ကျေးရွာမြေကော်မတီတို့နှင့် လူမှုအဖွဲ့အစည်း အဖွဲ့များနှင့်အတူ ကော်သူးလေနှင့် စိုက်ပျိုးရေးဆောင်ရွက်နေသောသူများ အတွက် ဂေဟစိုက်ပျိုးရေး အကောင်းဆုံးဓလေ့များအား ပိုမိုတိုးတက်လွယ် စေသော လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**၃.၉.၇။** သင့်လျော်ပြီး ဤမူဝါဒ၏ ဖော်ပြပါ မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် အခြေခံမူများနှင့်အညီ KNU အာဏာပိုင်များသည် ဇဟိုမြေယာကော်မတီမှ တဆင့် မိရိုးဖလာအရအာဏာပိုင်များ သို့မဟုတ် ကျေးရွာမြေကော်မတီနှင့် ညှိနှိုင်းတိုင်ပင်၍ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ကနဦး ဆောင်ရွက်ချက်တို့၏ ပုံစံဖြင့် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများအား ထည့်သွင်းစဉ်းစားနိုင်သည်။

ထိုသို့သော ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ကနဦးဆောင်ရွက်ချက်များ၏ ဖြစ်နိုင်ခြေနှင့်သင့်တော်မှုတို့အား KAD သည် အနီးကပ် စောင့်ကြည့်သွားပြီး ဇဟိုမြေယာကော်မတီ၊ မိရိုးဖလာအရ အာဏာပိုင်များနှင့် ကျေးရွာမြေကော်မတီတို့နှင့် ဆွေးနွေးတိုင်ပင် ပူးပေါင်း ဆောင်ရွက်ကာ ဆုံးဖြတ်သွားမည်ဖြစ်သည်။ ၎င်းသည် KNU ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီ (KNU EPC) ၏ထောက်ခံချက်ရယူ ရမည် ဖြစ်ပြီး ၎င်းအား KNU ၏ ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်ချက်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးရေးစီမံကိန်း လေ့လာသုံးသပ်မှု မူဝါဒတို့နှင့်အညီ ပြုလုပ်သွားမည် ဖြစ်သည်။

**၃.၉.၈။** မည်သည့် ကြီးမားသောရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးရေးစီမံကိန်းများ မစတင်မီ KNU အာဏာပိုင်များသည် ဇဟိုမြေယာကော်မတီမှတဆင့် KNU ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီ (KNU EPC) ၏ ထောက်ခံချက်ဖြင့် KNU ၏ ကနဦး ပတ်ဝန်းကျင်ဆိုင်ရာသုံးသပ်ချက်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးရေးစီမံကိန်း လေ့လာသုံးသပ်မှု မူဝါဒတို့နှင့်အညီ ပြုလုပ်သွားပြီး သီးခြားပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများအား အကဲဖြတ်ခြင်းများ ပြုလုပ်သွားကာ ရလဒ်များကို ကျယ်ကျယ်ပြန့်ပြန့် အများသိစေရန်ဆောင်ရွက်ပြီး **"နိုင်ငံတကာ အထိအခိုက် အကဲဖြတ်မှုအသင်း" (IAIA)** က ရံဖန်ရံခါချမှတ်သည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်သည်။

၃.၉.၉။ IAIA စံနှုန်းများနှင့် KNU EPC ၏ ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်ချက်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တို့နှင့်အညီ ဆောင်ရွက်ရန်အတွက် လိုအပ်ချက်၏နယ်ပယ်အား ကန့်သတ်ချက်များ မပြုလုပ်ဘဲ ထိခိုက်မှုအားအကဲဖြတ်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ရမည်များမှာ (က) လုပ်ငန်းစဉ်တလျှောက်တွင် အများပြည်သူ ပါဝင်ခြင်း၊ (ခ) လက်ရှိဆောင်ရွက်နေသည့် (သို့မဟုတ်) ဆောင်ရွက်ရန် စီစဉ်နေသည့် စီမံကိန်းများ၏ အခြားဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုများ၏ စုစုပေါင်းပမာဏအား ဆန်းစစ်လေ့လာခြင်း၊ (ဂ) စီမံကိန်း၏ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ရည်ရွယ်ထားသည့် အကျိုးအမြတ်များ အသေအချာရရှိစေရန် နည်းလမ်းများ၊ (ဃ) ထိခိုက်မှု ရှိနိုင်သည့် ပြည်သူများသည် လုပ်ငန်းစဉ်တလျှောက်တွင် ၎င်းတို့၏ အမြင်များအား ထုတ်ဖော်ရန်အတွက် နည်းလမ်းများပါဝင်သည်။

၃.၉.၁၀။ ကြိုတင်၍လွတ်လပ်စွာ အသိပေးသော သဘောတူခွင့်ပြုချက် (FPIC) မပါဘဲ ပြည်သူများ (သို့မဟုတ်) လူထုအသိုင်းအဝိုင်းများ၏ အိမ်ထောင်စုတခုချင်းစီ (သို့မဟုတ်) အစုလိုက် မြေယာလုပ်ပိုင်ခွင့်များအား ကျူးကျော်ထိပါးနိုင်သည့် သို့မဟုတ် ဝင်ရောက်စွက်ဖက်နိုင်သည့် မည်သည့်ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးရေးစီမံကိန်းမျိုးကိုမှ ရှေ့ဆက်ရန် ခွင့်ပြုမည်မဟုတ်ပါ။ ပြည်သူများအား ၎င်းတို့၏ လွတ်လပ်စွာအသိပေးသော သဘောတူညီခွင့် မရရှိဘဲ နေရာများမှ အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းများဖြစ်စေနိုင်သည့် မည်သို့သော ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးမှု စီမံကိန်းမျိုးအား ရှေ့ဆက်ရန် ခွင့်ပြုမည် မဟုတ်ပါ။ ဗဟိုမြေယာကော်မတီ၊ ကျေးရွာလူထုအသိုင်းအဝိုင်းနှင့် မိရိုးဖလာအရ အာဏာပိုင်တို့၏ သဘောတူညီချက်ဖြင့် KNU ၏ ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုအား ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်း လေ့လာသုံးသပ်မှု မူဝါဒတို့နှင့်အညီ KNU ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ (KNU EPC) ၏ ထောက်ခံချက်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးမှု စီမံကိန်းများကိုသာ ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုမည် ဖြစ်သည်။

**၃.၉.၁၁။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များအနေဖြင့် ကွဲပြားသည့် မြေနှင့် သစ်တောအမျိုးအစားများနှင့် အသုံးချမှုများ (ဥပမာ – ထိန်းသိမ်းကန့်သတ်ထားသည့် မြေယာ၊ အများပြည်သူပိုင်မြေ၊ ဘုံမြေ၊ အစရှိသည့်) အတိုင်း မြေတိုင်းတာမှုတွင် ထိခိုက်မှုရှိသည့် မြေဧရိယာအား အသေးစိတ် ဖော်ပြသွားမည်ဖြစ်သည်။ ထိုသို့သော ထိခိုက်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများအား ဖတ်၍လွယ်ပြီး မြေယာအကျယ်အဝန်းနယ်နိမိတ်နှင့် ကာလနယ်နိမိတ်များအား မြင်သာအောင် ပြုလုပ်ရမည်ဖြစ်သည်။

**၃.၉.၁၂။** ပြန်လည်နေရာချခံထားရသူနှင့်/သို့မဟုတ် မြေယာလုပ်ပိုင်ခွင့်များ ဆုံးရှုံးသူ (သို့မဟုတ်) ၎င်းတို့၏အသက်များ၊ လူနေမှုဘဝများ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု (သို့မဟုတ်) မိရိုးဖလာဆိုင်ရာ တန်ဖိုးများ (သို့မဟုတ်) လူထုအသိုင်းအဝိုင်းဆိုင်ရာ ခံစားချက်တို့အပေါ် ကျရောက်လာသည့် ဆိုးကျိုးများ ခံစားခဲ့ရသော သူတဦး (သို့မဟုတ်) လူထုအဖွဲ့အစည်းအား မျှတစွာ ထည့်သွင်း စဉ်းစားသွားမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးမှုစီမံကိန်း (သို့မဟုတ်) ကနဦးဆောင်ရွက်ချက်တို့ထံမှ (သို့မဟုတ်) ပတ်သက်၍ ဖြစ်ပေါ်လာသော အငြင်းပွားမှုများအား တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

**၃.၉.၁၃။** ရင်းနှီးမြှုပ်နှံမှုကြောင့် ထိခိုက်မှုဒဏ်ကိုခံခဲ့ရသော လူထုအသိုင်းအဝိုင်းများသည် သက်ဆိုင်ရာဌာနများ၊ ဗဟိုမြေယာကော်မတီ၊ ဒေသခံအာဏာပိုင်များနှင့် ထိခိုက်ခံရသည့်ရွာသားများနှင့် ဆွေးနွေးတိုင်ပင်ပြီး KNU အာဏာပိုင်များက ဆုံးဖြတ်သည့်အတိုင်း အမြတ်ရာခိုင်နှုန်း တခုခုရရှိမည် ဖြစ်သည်။

**၃.၉.၁၄။** ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေး ထိခိုက်မှုနှင့် ပတ်သက်သော (KNU EPC) ၏ ဖွံ့ဖြိုးရေးစီမံကိန်း လေ့လာ သုံးသပ်မှု မူဝါဒ သို့မဟုတ်သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် မူဝါဒများအား လိုက်နာခြင်းမရှိပါက မည်သည့် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးမှုစီမံကိန်း (သို့မဟုတ်) ကနဦး ဆောင်ရွက်ချက်များကိုမှ ဆက်လက်လုပ်ဆောင်ခွင့်ပေးမည် မဟုတ်ပါ။

**၃.၉.၁၅။** ဖွံ့ဖြိုးမှုစီမံကိန်းများ ပြုလုပ်ရန် ကမ်းလှမ်းထားသည့် ဖက်စပ်လုပ်ငန်းများသည် ဗဟိုမြေယာကော်မတီ၊ ကျေးရွာလူထုအသိုင်းအဝိုင်းများနှင့် မိရိုးဖလာအရ အာဏာပိုင်များမှတဆင့် KNU အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက်ယူရမည် ဖြစ်သည်။ အောက်ပါအချက်များကို ဆန်းစစ်ရန် တောင်းဆိုချက်သည် ဗဟိုမြေယာကော်မတီ၊ KNU EPC၊ ကျေးရွာမြေကော်မတီများနှင့် မိရိုးဖလာအရ အာဏာပိုင်များအတွက် လုံလောက်သော သတင်းအချက်အလက်များ မပါလျှင် အဆိုပါ တောင်းဆိုချက်များအား ခွင့်ပြုမည်မဟုတ်။ အဆိုပါ ဆန်းစစ်မှုများတွင် (က) ကိစ္စရပ်များကို ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများ ပြုလုပ်ရန် ဖက်စပ်လုပ်ငန်းနှင့်ပတ်သက်သည့် သတ်မှတ်ချက်များ၊ (ခ) ဤဖက်စပ်လုပ်ငန်း၏ ဆောင်ရွက်ချက်များကြောင့် အများဆုံးထိခိုက်နိုင်ခြေရှိသော ပြည်သူများအတွက် ကမ်းလှမ်းထားသည့် အကျိုးအမြတ်များနှင့် (ဂ) KNU ဖွံ့ဖြိုးရေးစီမံကိန်း လေ့လာသုံးသပ်မှုမူဝါဒနှင့် ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်ချက်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအား ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းတို့နှင့်အညီ စီမံကိန်းသည် KNU EPC ၏ထောက်ခံချက် ရရှိထားကြောင်း အတည်ပြုချက် စသည်တို့ပါဝင်သည်။

**၃.၉.၁၆။** KNU အာဏာပိုင်များ၏ ဗဟိုမြေယာကော်မတီနှင့် KNU EPC မှ တဆင့်ချပေးသည့် ထောက်ခံချက်မပါဘဲ ပုဂ္ဂလိက သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတခုခုအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဖက်စပ်လုပ်ငန်းတခုတွင် ဝင်ရောက်ပါဝင်ခွင့် မပြုရ။

**၃.၉.၁၇။** ပုဂ္ဂလိကသို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းသည် အခြားနိုင်ငံတခုခုမှ လာသည်ဖြစ်ပါက ဗဟိုမြေယာကော်မတီသည် ဤမူဝါဒတွင်ဖော်ပြထားသည့် လိုအပ်ချက်များအပြင် အထူးစည်းမျဉ်းများ၊ လိုအပ်ချက်များနှင့် ၎င်းတို့၏ လျှောက်လွှာအား ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ရမည်။ ဗဟိုမြေယာကော်မတီသည် KNU EPC နှင့် မိရိုးဖလာအရ အာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးပြီး အထူးစည်းမျဉ်းများ၊ လိုအပ်ချက်များနှင့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဖြစ်နိုင်သည့် အမြန်ဆုံးအချိန်အတွင်း မည်သည့်နိုင်ငံခြားသား ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကိုမှ အသုံးချပိုင်ခွင့်

မပေးမီ ဖော်ထုတ်၊ သတ်မှတ်ပြီး ကျယ်ပြန့်စွာ အများသိစေရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

**၃.၉.၁၈။** မည်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်သည့် သဘောတူညီချက်များတွင်မဆို ၎င်းတွင်ပါဝင်သည့် အားလုံး၏ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများအား ရှင်းလင်းစွာ ဖော်ပြထားရမည်ဖြစ်ပြီး သဘောတူညီချက်ပါ သတ်မှတ်ချက်များကိုလည်း ရှင်းလင်းစွာသတ်မှတ်ထားကာ ၎င်းထဲတွင် ပြောင်းလဲနေသော အခြေအနေများအား အသိအမှတ်ပြုသည့်အနေနှင့် ဤမူဝါဒမှ ဖော်ပြထားသော မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် အခြေခံသဘောတရားအရ ပြန်လည်သုံးသပ်ခွင့်နှင့် သတ်မှတ်ချက်များအား ပြန်လည်ညှိနှိုင်းခွင့်တို့ ပါဝင်ရမည် ဖြစ်သည်။

# အခန်း ၄။ မြေယာလုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများဆိုင်ရာ ပြောင်းလဲမှုများ (Changes to Tenure Rights and Duties)

## အပိုဒ် ၄.၁။ အခြေခံသဘောတရားများ (Basic Principles)

**၄.၁.၁။** ဤအပိုင်းသည် လက်ရှိတည်ရှိဆဲအခွင့်အရေးများနှင့် ၎င်းတို့နှင့် ပတ်သက်သည့် တာဝန်ဝတ္တရားများအား လျော်ကြေးပေးခြင်း၊ ပြန်လည်ခွဲဝေခြင်း၊ ရုတ်သိမ်းခြင်း (သို့မဟုတ်) ပြန်လည်ပြင်ဆင်ခြင်း အစရှိသည့် ဆောင်ရွက်မှုများကြောင့် ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ပြန်လည်နေရာချထားခြင်းများ ပြုလုပ်သည့်အခါများတွင် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ကိစ္စများအား ဖြေရှင်းပေးသည်။ ဤမူဝါဒ၏ မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် အခြေခံသဘောတရားများနှင့် ဆက်နွယ်သည့် တာဝန်ဝတ္တရားများအား ဖြည့်ဆည်းပေးရန် အဆိုပါ စီမံချက်များအား KNU အာဏာပိုင်များက အကောင်အထည် ဖော်ဆောင်သွားမည်။

**၄.၁.၂။** နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ ဤမူဝါဒသည် ဘေးဖယ်ခံထားရသူများနှင့် ခုခံနိုင်စွမ်းမရှိသူများနှင့် ကျေးရွာလူထု အသိုင်းအဝိုင်းများ၏ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်အား ဦးစားပေးသည့် လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်စနစ်မှတဆင့် ကောင်းသော အုပ်ချုပ်ရေးအား အားပေးကူညီပံ့ပိုးပေးပြီး မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများ၏ လူမှုရေးနှင့် ဂေဟဗေဒဆိုင်ရာ အသုံးဝင်မှုများအား အသားပေးထားသည်။ ဤမူဝါဒ ရည်ရွယ်သည်မှာ ကော်သူးလေရှိ လူမှုအဖွဲ့ဝင်များအားလုံးအတွက် လူ့အခွင့်အရေးများ ရရှိရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲမည့် လူနေမှုဘဝများ ရရှိရေးနှင့် တရားမျှတပြီး ငြိမ်းချမ်းသည့်အနာဂတ် ရရှိရေးတို့အတွက်

လှူဆော်ပြီး မြှင့်တင်ပေးရန် ဖြစ်သည်။

**၄.၁.၃။** မည်သည့်မြေယာလုပ်ပိုင်ခွင့်မှ မပြည့်စုံပါ။ မြေယာလုပ်ပိုင်ခွင့်အားလုံးအား လူ့အခွင့်အရေးများ၊ အခြားသူများ၏ ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်၊ ဤမူဝါဒ၏ မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် အခြေခံ သဘောတရားတို့နှင့်အညီ အများပြည်သူအတွက် လိုအပ်သော KNU အာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုများဖြင့် ကန့်သတ်ထားသည်။ ၎င်းအရေးယူဆောင်ရွက်မှုများအား ဒီမိုကရေစီကျကျ ဥပဒေနှင့်အညီ၊ အများကောင်းကျိုးအားမြှင့်တင်လိုသည့် တခုတည်းသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာလူ့အခွင့်အရေးတာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်များအား တာဝန်ဝတ္တရားများနှင့် ထိန်းညှိထားပြီး ထိုအထဲတွင် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများအား ရေရှည် ကာကွယ်ပေးခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် အသုံးချခြင်းများ ပါဝင်သည်။

**၄.၁.၄။** ဤမူဝါဒအတွင်းတွင် ဖော်ထုတ်ထားသည့် မြေယာလုပ်ပိုင်ခွင့် ပြန်လည်နေရာချထားခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းအား ထည့်သွင်း စဉ်းစားသည့်အခါတိုင်း KNU အာဏာပိုင်များသည် ထိခိုက်နိုင်မည့် မြေယာလုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူအားလုံးနှင့် အဓိပ္ပာယ်အပြည့်အဝရှိသည့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်မည်ဖြစ်ပြီး မည်သည့်စီမံကိန်း မစတင်မီ (သို့မဟုတ်) ဥပဒေ (သို့မဟုတ်) အုပ်ချုပ်ရေးဆိုင်ရာအရေးယူမှုများအား မပြုလုပ်ခင် ၎င်းတို့၏ FPIC အား ရယူရန် ဖြစ်သည်။ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား မည်သည့်အနှောက်အယှက်မှ မပါဘဲ စီစဉ်သွားမည်ဖြစ်ပြီး ရှင်းလင်း၍တာဝန်ယူသည့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ကာ နိုင်ငံတကာလူ့အခွင့်အရေး အခြေခံသဘောတရားများနှင့်အညီ အကောင်အထည် ဖော်သွားမည်ဖြစ်သည်။

**၄.၁.၅။** မြေယာလုပ်ပိုင်ခွင့်များတွင် မည်သည့် အပြောင်းအလဲများ မပြုလုပ်မီ KNU အာဏာပိုင်များသည် သီးခြားပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများအား အကဲဖြတ်ခြင်းများ ပြုလုပ်သွားပြီး

အဆိုပါ ရလဒ်များကို ဤမူဝါဒ၏လုပ်ပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် လိုအပ်ချက်များနှင့် KNU EPC ၏ဖွံ့ဖြိုးရေး စီမံကိန်းလေ့လာသုံးသပ်မှု မူဝါဒနှင့် ၎င်းတို့၏ကနဦး ပတ်ဝန်းကျင်ဆိုင်ရာသုံးသပ်ချက်နှင့် ပတ်ဝန်းကျင် ဆိုင်ရာ အကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တို့နှင့်အညီနှင့် 'နိုင်ငံတကာ အထိအခိုက်အကဲဖြတ်မှု အသင်း' (IAIA ) က ရံဖန်ရံခါချမှတ်သည့် စံနှုန်းများနှင့်အညီ ထည့်သွင်းအသုံးချသွားမည်ဖြစ်သည်။ အထိအခိုက်များအား ဆန်းစစ်မှုများထဲတွင်ပါဝင်သည်မှာ (က) လုပ်ငန်းစဉ်တလျှောက်တွင် အများ ပြည်သူ ပါဝင်ခြင်း၊ (ခ) လက်ရှိဆောင်ရွက်နေသည့် (သို့မဟုတ်) ဆောင်ရွက် ရန် စီစဉ်နေသည့် စီမံကိန်းများ၏ အခြားဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုများ၏ စုစုပေါင်းပမာဏအား ဆန်းစစ်လေ့လာခြင်း၊ (ဂ) စီမံကိန်း၏ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ရည်ရွယ်ထား သည့် အကျိုးအမြတ်များ အသေအချာရရှိစေရန် နည်းလမ်းများ၊ (ဃ)အကျိုး သက်ရောက်မှုရှိသည့် ပြည်သူများသည် လုပ်ငန်းစဉ်တလျှောက်တွင် ၎င်းတို့ ၏ အမြင်များအား ဖော်ထုတ်ခြင်းတို့ ဖြစ်သည်။

**၄.၁.၆။** ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပါသောနေရာများ (သို့မဟုတ်) မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများသည် ဆင်းရဲနွမ်းပါးသူများ၊ ဘေးဖယ်ခံထားရသူများ (သို့မဟုတ်) ခုခံနိုင်စွမ်းမရှိသူများ၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးကြီးသောအခါများတွင် မြေယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် မည်သည့် ပြောင်းလဲမှုမျိုး မပြုလုပ်မီ ဤမူဝါဒတွင်ဖော်ပြထားသည့် မျှော်မှန်းချက်၊ ဦးတည်ချက်များ၊ အခြေခံမှုများနှင့် အခြေခံသဘောတရားများနှင့်အညီ သုံးသပ်သွားမည်ဖြစ်သည်။

## အပိုဒ်၄.၂။ လျော်ကြေးပေးခြင်း (Restitution)

**၄.၂.၁။** ကော်သူးလေရှိ ပြည်သူအများစုသည် စစ်၏ဘေးဒဏ်နှင့် အခြား အကြောင်းများကြောင့် ၎င်းတို့၏ဆန္ဒမပါဘဲ ရွှေ့ပြောင်းခြင်းခံကြရပြီး အချို့ မှာ ဒုက္ခသည်များနှင့် ပြည်တွင်းထွက်ပြေး တိမ်းရှောင်နေရသူများ (IDPs) အဖြစ်သို့ ရောက်ရှိသွားကြသည်ကို အသိအမှတ်ပြုထားကြပြီး ဖြစ်သည်။

အချို့ အခြေအနေများတွင် ၎င်းတို့၏ နေအိမ်များနှင့်မြေယာများအား လာရောက် နေထိုင်သူများနှင့် အသစ်ဝင်လာသူများက ဝင်ရောက်ပြီး နေထိုင်နေကြသည်။

**၄.၂.၂။** ဤမူဝါဒမှပြုလုပ်သော (သို့မဟုတ်) ခွင့်ပြုထားသော ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချခွင့်များအား နိုင်ငံတကာမှ အသိအမှတ်ပြုထားသော Pinheiro Principles နှင့်အညီ စီမံအုပ်ချုပ်သွားမည်ဖြစ်ပြီး IDP များ၏ အဓိကရပိုင်ခွင့်ဖြစ်သော ၎င်းတို့၏မြေယာများ ပြန်လည်ရရှိရေးအား ထည့်တွက်သွားမည်ဖြစ်သည်။ ဤမူဝါဒရှိ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား Pinheiro Principles နှင့်အညီ ကျင့်သုံးသွားမည် ဖြစ်သည်။

**၄.၂.၃။** ဖြစ်နိုင်သမျှ ဆုံးရှုံးသူများထံ (သို့မဟုတ်) ၎င်းတို့၏ အမွေဆက်ခံသူများထံ မူလပိုင်ဆိုင်မှုများအား ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။ မူလပိုင်ဆိုင်မှုများအား ပြန်မပေးနိုင်သည့် အခါမျိုးတွင် KAD သည် ဗဟိုမြေယာကော်မတီနှင့် ဆွေးနွေးတိုင်ပင်ပြီး ဒေသခံ အာဏာပိုင်များနှင့် ထိခိုက်ခံစားရသည့် ကျေးရွာလူထုအဖွဲ့အစည်းများ၏ အများသဘောဆန္ဒဖြင့် သင့်တော်သည့် အစားထိုးမှုပြုလုပ်ပေးသွားမည်ဖြစ်သည်။

**၄.၂.၄။** မည်သည့်အကြောင်းကြောင့်ဖြစ်စေ မိမိမူလနေရာများထံသို့ ပြန်မသွားနိုင်သော သူများအတွက် အစားထိုးအသုံးချရန် KNU အာဏာပိုင်များသည် မြို့နယ်များမှ အခြားမြေများကို ချန်ထားပေးမည်။ အများသဘောဆန္ဒဆိုင်ရာ လုပ်ငန်းစဉ်အား KAD နှင့် ဗဟိုမြေယာကော်မတီတို့သည် ဒေသခံမိရိုးဖလာအရ အာဏာပိုင်များ၊ ပြန်လည်ရောက်ရှိလာသည့် IDP များနှင့် ပြန်လည်နေရာချပေးခြင်းခံရမည့် ဒုက္ခသည်များနှင့် ဆွေးနွေးတိုင်ပင်ပြီး မြို့နယ်အဆင့်တွင် ဆောင်ရွက် ပေးရမည်ဖြစ်သည်။

**၄.၂.၅။** လက်ရှိဝင်ရောက်နေထိုင်မှု မရှိသော်လည်း ယခင်အသုံးချမှုရှိပြီး မူလနေထိုင်သူများ မရှိတော့သည့်အခါတွင် မြေအား စိုက်ပျိုးရေးအရ ထုတ်လုပ်မှုဆက်လက်ရှိနေစေရန်နှင့် အနီးအနားရှိ အသုံးချလိုသူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် KNU အာဏာပိုင်များသည် မြေယာ အသုံးချပိုင်ခွင့်များအား

ထိုနေရာများတွင် ယာယီ လွှဲပြောင်းခွင့်အာဏာရှိပြီး ဤကိစ္စတွင်မူ ပြန်ရောက် လာသည့် IDP များနှင့် ဒုက္ခသည်များကိုဆိုလိုသည်။

ယာယီအသုံးချခွင့် ကိုင်ဆောင်ထားသူ၏ အသုံးချပိုင်ခွင့်သက်တမ်း (အများဆုံး နှစ် ၂၀) မကုန်ဆုံးမီ မူလနေထိုင်သူသည် ပြန်ရောက်ရှိလာပါက KAD သည် ဗဟိုမြေယာကော်မတီနှင့် ဆွေးနွေးတိုင်ပင်ကာ မိရိုးဖလာအရ အာဏာပိုင်များနှင့် မူလနေထိုင်သူတို့၏ ခွင့်ပြုချက်ဖြင့် ယာယီအသုံးချပိုင်ခွင့် ကိုင်ဆောင်ထားသူတို့၏ သက်တမ်းမကုန်ဆုံးမီ မူလပိုင်ရှင်များအတွက် သင့်တော်သည့် အစားထိုးမြေကွက်အားရှာပေးမည်ဖြစ်သည်။သို့သော် မူလ နေထိုင်သူသည် ယာယီ သုံးစွဲခွင့်ရထားသူ ပေးဆောင်သည့် မြေခွန်များအား ရယူပိုင်ခွင့်ရှိပြီး မူလနေထိုင်သူများ ပြန်ရောက်မလာမီအထိ ထိုအခွန်များကို KAD အား ပေးဆောင်ရသည်။

**၄.၂.၆။** KNU အာဏာပိုင်များသည် လျော်ကြေးပေးဆောင်ခြင်းနှင့်ပတ်သက် ပြီး လုပ်ငန်းစဉ်များ ပြုလုပ်ရာတွင် လိင်ခွဲခြားမှုမရှိဘဲ ရှင်းလင်းပြီး ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ရမည်။ လျော်ကြေးပေးသည့် လုပ်ငန်းစဉ်နှင့် ပတ်သက် သော အချက်အလက်များကို သက်ဆိုင်ရာ ဘာသာစကားဖြင့် ကျယ်ပြန့်စွာ ဖြန့်ဖြူးပေးရမည်။ လုပ်ငန်းစဉ်တလျှောက် လျော်ကြေးတောင်းဆိုသူများအား ၎င်းတွင် တရားရေးဆိုင်ရာနှင့် ၎င်းနှင့်ဆက်နွယ်သည့် အထောက်အကူများ အပါအဝင် လုံလောက်သည့် ပံ့ပိုးမှုများထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှုအား အများသိစေရန် ကြေငြာပေးရ မည်။

**၄.၂.၇။** ပြည်သူများ၏ဆန္ဒနှင့်လိုအပ်ချက်များကို အကောင်းဆုံး ထင်ဟပ်သည့် လျော်ကြေး ပေးဆောင်ခြင်း လုပ်ငန်းစဉ်အား အာမခံနိုင်ရန်အတွက် မိရိုးဖလာ အရ အာဏာပိုင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ အဖွဲ့အစည်းများ၏ ပါဝင်လုပ်ဆောင်မှု ယန္တရားအား KNU က ဖြည့်ဆည်းပေးမည် ဖြစ်သည်။

## အပိုဒ်၄.၃။ ပြန်လည်ခွဲဝေပေးခြင်း (Redistribution)

**၄.၃.၁။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများအား လက်လှမ်းမမီသောကြောင့် အာရုံစူးစိုက်မှု မြင့်မားပြီး ကျေးလက်ဆင်းရဲနွမ်းပါးမှုအဆင့် သိသိသာသာများသော နေရာများတွင် ပြန်လည်ခွဲဝေပေးခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ဤမြေယာမူဝါဒ၏ အခြေခံမျှော်မှန်းချက်နှင့် ဦးတည်ချက်များ ဖြည့်ဆည်းနိုင်ခြင်းအတွက် အရေးကြီးသည့် ဆောင်ရွက်မှုတခု ဖြစ်နိုင်သည်။ ပြန်လည်ခွဲဝေပေးခြင်းအား ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးများအား ကာကွယ်၊ လေးစားပြီး ဖြည့်ဆည်းပေးသည့် နည်းလမ်းဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်သည်။ ပြန်လည်ခွဲဝေပေးခြင်းသည် ကျေးလက်တွင် နေထိုင်လုပ်ကိုင်နေသော ဆင်းရဲနွမ်းပါးသူများနှင့် မြေယာမပိုင်ဆိုင်သူများ၊ မြေယာပိုင်ဆိုင်မှု ရေရေရာရာ မရှိသူများ၊ ဘေးဖယ်ခံထားရသူများနှင့် ခုခံနိုင်စွမ်း မရှိသူများနှင့် လူထုအသိုင်းအဝိုင်းများအား ဦးစားပေးမည်ဖြစ်ပြီး မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများအား လက်လှမ်းမီခြင်းတွင် အမျိုးသားနှင့်အမျိုးသမီးများအား ညီမျှစွာ ရရှိခြင်းကို အာမခံပေးမည်ဖြစ်သည်။

**၄.၃.၂။** မည်သည့်ပြန်လည်ခွဲဝေပေးခြင်းမျိုးမဆို မပြုလုပ်မီ KNU အာဏာပိုင်များသည် ဦးတည်ချက် များအား ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ပြီး ကျယ်ပြန့်စွာ အများသိအောင်ကြေငြာကာ မည်သည့်နေရာများတွင် ပြန်လည်ခွဲဝေခြင်းများ ပြုလုပ်သွားမည်ဆိုသည်ကိုလည်း ရှင်းလင်းစွာ ဖော်ပြရမည် ဖြစ်သည်။

အိမ်ခြံမြေများရှာနေသည့် မိသားစုများ၊ အမျိုးသမီးများ၊ တရားဝင်မဟုတ်သည့် အခြေစိုက် နေထိုင်သူများ၊ တိရိစ္ဆာန်ထိန်းကျောင်းသူများ၊ သမိုင်းတလျှောက် အနှိမ်ခံထားရသည့်အုပ်စုများ၊ ဘေးဖယ်ခံထားရသော အုပ်စုများ၊ လူငယ်များ၊ တိုင်းရင်းသားလူမျိုးများ၊ သီးနှံကောက်သူများနှင့် အသေးစား အစားအစာထုတ်လုပ်သူများကဲ့သို့သော အကျိုးခံစားရသူများအား ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ဤအချက်အလက်ကို ကျယ်ပြန့်စွာ လူအများသိအောင် ကြေငြာထားရမည် ဖြစ်သည်။

၄.၃.၃။ KNU အာဏာပိုင်များသည် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် မိရိုးဖလာအရ အာဏာပိုင်များ၏ လမ်းညွှန်မှုအားဖြင့် ပြန်လည်ခွဲဝေပေးရေး လုပ်ငန်းစဉ်နှင့် ရလဒ်များအား ရေရှည် တည်တံ့ခိုင်မြဲစေရန်ရှင်းလင်းသည့် မူဝါဒများနှင့် စီမံချက်များအား ဖော်ထုတ်ပြီး အကောင်အထည် ဖော်သွားရမည် ဖြစ်သည်။ ပြန်လည်ခွဲဝေပေးခြင်းကြောင့်ရရှိသည့် ဝင်ရောက် နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များဖြစ်သော မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများမှ လုံလောက်သည့် လူနေမှုအဆင့်အတန်း ရရှိစေရန် KNU အာဏာပိုင်များသည် ကျေးရွာလူထုအသိုင်းအဝိုင်းများ၊ အစုလိုက် (သို့မဟုတ်) အိမ်ထောင်စုတခုချင်းစီ ကဲ့သို့သော အကျိုးခံစားရသူများအား အထောက်အကူပေးသော မူဝါဒများနှင့် စီမံချက်များအား အကောင်အထည် ဖော်ဆောင်ပေးမည်ဖြစ်သည်။ KNU အာဏာပိုင်များသည် ပြန်လည်ခွဲဝေပေးခြင်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ မျှော်မှန်းထားသည့် အကျိုးသက်ရောက်မှုများ ရရှိခြင်းနှင့် ရေရှည် တည်တံ့ခိုင်မြဲခြင်းတို့အား အဟန့်အတားဖြစ်စေနိုင်သည့် မူဝါဒများအား ပြန်လည်ပြင်ဆင်မည် ဖြစ်သည်။

၄.၃.၄။ KNU အာဏာပိုင်များသည် ၎င်းတို့အကောင်အထည် ဖော်ဆောင်သည့် မည်သည့် မြေယာ ပြန်လည်ခွဲဝေပေးခြင်းသည် အကျိုးခံစားရသူများက လိုအပ်သော အကူအညီများကို အပြည့်အဝ ပံ့ပိုးပေးသွားရန် သေချာအောင် ဆောင်ရွက်မည်။ အဆိုပါအကူအညီများတွင် ချေးငွေများ၊ သီးနှံ အာမခံမှု၊ သွင်းအားစုများ၊ ဈေးကွက်များ၊ ကျေးလက်ဒေသအထိ နည်းပညာဆိုင်ရာ အကူအညီများ၊ လယ်ယာတိုးတက်မှုနှင့် နေအိမ်များ စသည်တို့အား လက်လှမ်းမီစေခြင်းတို့ပါဝင်သည်။

အထောက်အပံ့ ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်များ အပါအဝင် ပြန်လည်ခွဲဝေပေးခြင်း ပဏာမ ခြေလှမ်းများနှင့် စီမံချက်များ၏ အပြည့်အဝ ကုန်ကျစရိတ်အား ကြိုတင်သတ်မှတ်ပြီး သက်ဆိုင်သည့် ဘတ်ဂျက်ထဲတွင် ထည့်သွင်းထားရမည်ဖြစ်သည်။

၄.၃.၅။ မလိုလားအပ်သည့် ကြွေးမြီများမရှိစေရန်နှင့် ပိုက်ဆံချေးသူများ သို့မဟုတ် ပွဲစားများ အပေါ် မှီခိုမှုကင်းစေရန်အလို့ငှာ KNU အာဏာပိုင်များက

စိုက်ပျိုးရေးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် ချေးငွေများ ထုတ်ပေးခြင်းအား သက်ဆိုင်ရာအာဏာပိုင်များနှင့် လူမှုအဖွဲ့အစည်းများက ဆက်လက်ဆွေးနွေးသွားရန် လိုအပ်သည်။

**၄.၃.၆။** KNU အာဏာပိုင်များသည် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်ကာ တာဝန်ယူမှုရှိသည့် နည်းလမ်းနှင့် လုပ်ထုံးလုပ်နည်းများဖြင့် ပြန်လည်ခွဲဝေပေးခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည် ဖော်ဆောင်သွားမည် ဖြစ်သည်။ ထိခိုက်ခံစားရသူအားလုံးသည် ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်သည့် ပြည့်စုံပြီး ရှင်းလင်းသောအချက်အလက်များ ရရှိမည်ဖြစ်ပြီး မှန်ကန်သည့် လုပ်ငန်းစဉ်များနှင့် တရားမျှတသည့် နစ်နာကြေးများ ပေးသွားမည် ဖြစ်သည်။ အကျိုးခံစားရသူများအား ပွင့်လင်းသည့်အစီအစဉ်များဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့သည် လူသိရှင်ကြား မှတ်တမ်းတင်ထားသည့် မြေယာလုပ်ပိုင်ခွင့်များ ရရှိမည်ဖြစ်သည်။ အငြင်းပွားမှုများဖြေရှင်းရန် နည်းလမ်းများကိုလည်း လက်လှမ်းမီနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

**၄.၃.၇။** KNU အာဏာပိုင်များသည် ၎င်း၏ပြန်လည်ခွဲဝေပေးခြင်း အစီအစဉ်များနှင့် ကနဦး ခြေလှမ်းများ၏ ရလဒ်များအား စောင့်ကြည့်လေ့လာပြီး အကဲဖြတ်သွားမည်ဖြစ်ကာ ၎င်းနှင့် ဆက်စပ်သည့် ထောက်ပံ့ရေးမူဝါဒများနှင့် မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများ၊ အမျိုးသားများနှင့် အမျိုးသမီးများ နှစ်ဦးစလုံး၏ အစားအစာလုံခြုံမှု၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် ဇီဝမျိုးကွဲများအား လက်လှမ်းမီနိုင်ခြင်းအပေါ် ထိုမူဝါဒများ၏ အကျိုးသက်ရောက်မှုများကိုလည်း စောင့်ကြည့်၊ လေ့လာ၊ အကဲဖြတ် သွားမည်ဖြစ်သည်။ လိုအပ်သည့် အခါများတွင် KNU အာဏာပိုင်များသည် ပြန်လည်တည့်မတ် ပေးသည့် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**၄.၃.၈။** ပြည်သူများ၏ဆန္ဒနှင့်လိုအပ်ချက်များကို အကောင်းဆုံး ထင်ဟပ်သည့် မြေယာ ပြန်လည်ခွဲဝေခြင်းအား အာမခံနိုင်ရန်အတွက် မိရိုးဖလာအရ အာဏာပိုင်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်လုပ်ဆောင်မှု ယန္တရားအား KNU က ဖြည့်ဆည်းပေးမည်ဖြစ်သည်။

## အပိုဒ်၄.၄။ ရုတ်သိမ်းခြင်း (Rescission)

**၄.၄.၁။** အခွန်ပေးရန် ပျက်ကွက်သောကြောင့် သိမ်းယူသောမြေယာများ အပါအဝင် အမျိုးအကျိုးအလို့ငှာ သိမ်းယူသော မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများအပြင် ခွင့်ပြုပြီး၊ မှတ်ပုံတင်ထားကာ မှတ်တမ်းတင်ထားသည့် မြေယာဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်များအား ပြန်လည်ရုတ်သိမ်းရန်နှင့် ဖယ်ရှားရန် KNU အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အာဏာသည် **"ရုပ်သိမ်းခြင်းအာဏာ" (the "Rescission Power")** တွင် ပါဝင်သည်။

**၄.၄.၂။** KAD သည် ဗဟိုမြေယာကော်မတီ၏ ဆွေးနွေးတိုင်ပင်၊ ပူးပေါင်းပါဝင်မှုနှင့် မိရိုးဖလာအရ အာဏာပိုင်တို့၏ သဘောတူညီချက်ဖြင့် ၎င်းရုပ်သိမ်းခွင့်အာဏာကို ကျင့်သုံးသွားမည်ဖြစ်ပြီး ထိုကဲ့သို့ကျင့်သုံးရာတွင် ဥပဒေလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပြီး ၎င်းတွင် မျှတစွာအသိပေးခြင်းနှင့် ရုပ်သိမ်းခြင်း မပြုလုပ်မီ ကြားနာခွင့်ပေးခြင်းတို့ ပါဝင်သည်။ ဤအမိန့်အာဏာအောက်တွင် မြေယာ လုပ်ပိုင်ခွင့်ပေးရာတွင် ဤမူဝါဒက ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ သို့ဖြစ်၍ အဆိုပါလိုအပ်ချက်များအား ချိုးဖောက်သောကြောင့် ဖြစ်ပေါ်လာသော မြေယာလုပ်ပိုင်ခွင့်အား ပြန်လည်ရုပ်သိမ်းခြင်းသည် မည်သည့်အဖွဲ့ကိုမျှ နစ်နာကြေးရပိုင်ခွင့် ပေးမည်မဟုတ်ပါ။

**၄.၄.၃။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့်ဆက်စပ်သည့် သဘာဝ သယံဇာတများတွင် မြေယာလုပ်ပိုင်ခွင့်တို့သည် KNU အာဏာပိုင်များ လက်ထဲသို့ ၎င်း၏ရုပ်သိမ်းခြင်းအာဏာဖြင့် ရောက်ရှိသွားသည့်အခါ KNU အာဏာပိုင်များသည် ဝင်ရောက်နေထိုင်သူနှင့် အသုံးချသူအသစ်များအား သတ်မှတ်ပြီး ဦးစားပေးရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ပြီး ၎င်းတို့အတွက် အဆိုပါ အခွင့်အရေးများအား ပြန်လည်ခွဲဝေပေးခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများ နှင့်အညီ ဤမူဝါဒ၏ ဖော်ပြထားသော မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဦးတည်ချက်များအား မြှင့်တင်ဖြည့်ဆည်းသွားရန်ဖြစ်သည်။

**၄.၄.၄။** မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝ သယံဇာတများနှင့် ပတ်သက်သည့် မြေယာလုပ်ပိုင်ခွင့်များသည် ဤမူဝါဒ၏ ဖော်ပြထားသော မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် ဦးတည်ချက်များအား နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် တာဝန်ဝတ္တရားများနှင့်အညီ မြှင့်တင်ဖြည့်ဆည်းရန် လိုအပ်သည့်အခါများတွင်သာ KNU အာဏာပိုင်များ သည် ၎င်း၏ပြန်လည်ရုတ်သိမ်းခြင်းအာဏာကို ကျင့်သုံးမည်ဖြစ်သည်။ ဤမူဝါဒအရ တရားဝင် မြေယာလုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူအားလုံး၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူ၊ ခုခံနိုင်စွမ်းမရှိသူနှင့် ဘေးဖယ်ခံထားရသော အုပ်စုများကို လေးစားကြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်သည့်အခါတွင် အနည်းဆုံးလိုအပ်သည့် အရင်းအမြစ်များကိုသာရယူခြင်းနှင့် မှန်ကန်စွာ တရားမျှတသည့် လျော်ကြေးပေးခြင်းများကို မဆိုင်းမတွ ပြုလုပ်ရမည် ဖြစ်သည်။

**၄.၄.၅။** ပြန်လည်ရုတ်သိမ်းခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းစဉ် လုပ်ဆောင်ခြင်းသည် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်ရန် KNU အာဏာ ပိုင်များက သေချာအောင် ပြုလုပ်ရမည် ဖြစ်သည်။ ထိခိုက်နိုင်ခြေရှိသူ မည်သူ မဆိုအား ဖော်ထုတ်ပြီး မှန်ကန်စွာအကြောင်းကြားကာ အဆင့်တိုင်းတွင် ဆွေးနွေးတိုင်ပင်သွားရမည်။ နိုင်ငံတကာလူ့အခွင့်အရေး အခြေခံသဘောတရား များနှင့်အညီ ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်သည့်အခါများတွင် အများ ပြည်သူအကျိုးအတွက် ရရှိနိုင်မည့် အခြားဖြစ်နိုင်ခြေနည်းလမ်းများနှင့်ပတ် သက်သည့် သတင်းအချက်အလက်များအား ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအား အနှောက်အယှက်ပေးမှုကို အနည်းဆုံးဖြစ် အောင် မဟာဗျူဟာများအား အသုံးချသွားရမည်ဖြစ်သည်။

**၄.၄.၆။** KNU အာဏာပိုင်များသည်မိရိုးဖလာအရ အာဏာပိုင်များ၏ သဘောတူ ညီချက်နှင့် ပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများ၊ စာချုပ်စာတမ်းများနှင့်အညီ မျှတပြီး လူမှုရေးအရ တရားဝင်သည့် တန်ဖိုးဖြတ် ခြင်းလုပ်ငန်းစဉ်များဖြစ်စေရန် သေချာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်း ရင်းသားလူမျိုးများနှင့် အခြားမိရိုးဖလာအရ မြေယာလုပ်ပိုင်ခွင့် စနစ်များ

အတွက် လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ယုံကြည်ချက်၊ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် နိုင်ငံရေးဆိုင်ရာ တန်ဖိုးများရှိသော မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်း၊ ရေနှင့်ဆက်စပ်သည့် သဘာဝသယံဇာတများကိုလည်း တိကျပြတ်သားစွာ ထည့်သွင်းစဉ်းစားရမည်။ KNU အာဏာပိုင်များက ဤလုပ်ငန်းစဉ်ကြောင့် ပေါ်ထွက်လာသော ရလဒ်များအတိုင်း မျှတသည့်လျော်ကြေးအား စောလျင်စွာရရှိစေရန် သေချာအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၎င်းထဲတွင် ဆက်နွယ်သည့် နေရာပြန်လည်ချထားရေးနှင့် ၎င်းနှင့်ပတ်သက်သည့်ကုန်ကျစရိတ်များပါ ပါဝင်သည်။

**၄.၄.၇။** မြေယာ၊ ရေလုပ်ငန်းနှင့် သစ်တောများ သိမ်းယူခြင်းသည် အများပြည်သူ ကောင်းကျိုးအတွက် လျော်ကန်ပါက အစိုးရသည် ဖယ်ရှားခြင်း ဆောင်ရွက်သည့်အခါများနှင့် ထိခိုက်ခံစားရသည့်သူများအား ကိုင်တွယ်သည့်အခါများတွင် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် စာချုပ်စာတမ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး လူ့အခွင့်အရေးအား လေးစား၊ ကာကွယ်ကာ ဖြည့်ဆည်းပေးရမည့် တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်သည်။

**၄.၄.၈။** KNU အာဏာပိုင်များသည် ပုဂ္ဂိုလ်တဦးချင်းနှင့် လူထုအသိုင်းအဝိုင်းများသည် ၎င်းတို့၏ ထုတ်လုပ်ရေးအရင်းအမြစ်များ ဆုံးရှုံးစေနိုင်သော မြေယာအသုံးချပိုင်ခွင့်များအား ဖယ်ရှားခြင်း (သို့မဟုတ်) ရွှေ့ပြောင်းခြင်းများ မပြုလုပ်မီ ဖယ်ရှားရခြင်းအား ရှောင်ရှားနိုင်ရန်နှင့် ဖြစ်နိုင်သမျှ နည်းပါးရန်အတွက် ထိခိုက်ခံစားရသူများနှင့် ဆွေးနွေးတိုင်ပင်ပြီး အခြားရွေးချယ်စရာ နည်းလမ်းများအား လေ့လာဖော်ထုတ်သွားမည်။

**၄.၄.၉။** ဖယ်ရှားခြင်းနှင့် ရွှေ့ပြောင်းခြင်းများသည် လူ့အခွင့်အရေးများ ချိုးဖောက်ရာ ရောက်စေသည့် ၎င်းပုဂ္ဂိုလ်များအား အိုးမဲ့အိမ်မဲ့ ဖြစ်သွားစေခြင်း (သို့မဟုတ်) ခုခံနိုင်စွမ်းမရှိသူများ ဖြစ်သွားစေခြင်းများ မဖြစ်စေရ။ ထိခိုက်ခံရသူများသည် မိမိကိုယ်မိမိ မဖြည့်ဆည်းပေးနိုင်သည့်အခါမျိုးတွင် KNU အာဏာပိုင်များသည် လုံလောက်သော အခြားနည်းလမ်းဖြစ်သည့် နေအိမ်ဆောက်ပေးခြင်း၊ ပြန်လည်နေရာချထားခြင်း သို့မဟုတ် မြေယာ၊ ရေလုပ်ငန်း၊

သစ်တော အစရှိသည့် ထုတ်လုပ်မှုများအား လက်လှမ်းမီနိုင်သည့် သင့်လျော်သော ဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်။

**၄.၄.၁၀။** မြေယာ၊ ရေလုပ်ငန်း၊ သစ်တောများအား အစီအစဉ်ပြောင်းမှုကြောင့် မလိုအပ်တော့သည့် အခါမျိုးများတွင် KNU အာဏာပိုင်များသည် မူလလုပ်ပိုင်ခွင့်ကိုင်ဆောင်ထားသူများအား ၎င်းအရင်းအမြစ်များ ပြန်လည်ရရှိရေးအတွက် ပထမဦးဆုံးဦးစားပေးမှု ပြုလုပ်ပေးသင့်သည်။ ထိုသို့သော ကိစ္စမျိုးတွင် နေရာပြောင်းရွှေ့ခံခဲ့ရခြင်းအတွက် မည်မျှလျော်ကြေးရခဲ့သည်ဆိုသည်အား ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။

## အပိုဒ် ၄.၅။ ပြန်လည်ပြင်ဆင်ခြင်း (Readjustment)

**၄.၅.၁။** သင့်တော်သည့်အခါမျိုးများတွင် KNU အာဏာပိုင်များသည် အစားအစာ ဖူလုံမှုနှင့် ကျေးလက်ဖွံ့ဖြိုးမှုတို့အား ရေရှည်တည်တံ့ခိုင်မြဲသည့်ပုံစံဖြင့် မြှင့်တင်ခြင်းတို့အပါအဝင် ရှိပြီးသား မြေကွက်များ သို့မဟုတ် မြေငှားချထားသောမြေများ၏ အဆင်အပြင်နှင့် အသုံးပြုခြင်းတို့ကို တိုးတက်ကောင်းမွန်စေရန် (သို့မဟုတ်) လိုလားအပ်သည့် အများပြည်သူနှင့်ဆိုင်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် မြေကွက်များ သို့မဟုတ် မြေငှားချထားသော မြေများအား ပြန်လည်ပြင်ဆင်ခြင်းများအတွက် မြေယာများအား စုစည်းခြင်း၊ အလဲအလှယ်များ ပြုလုပ်ခြင်း (သို့မဟုတ်) အခြား မိမိဆန္ဒဖြင့် ပြုလုပ်သည့်နည်းလမ်းများအား ထည့်သွင်း စဉ်းစားနိုင်သည်။

**၄.၅.၂။** KNU အာဏာပိုင်များသည် လုပ်ငန်းဆောင်ရွက်မှု အားလုံးသည် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများ၊ စာချုပ်စာတမ်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် သေချာအောင်ပြုလုပ်ရမည်ဖြစ်ပြီး ဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် ထိခိုက်နစ်နာသူတို့များသည် ပြင်ဆင်မှုများ ပြုလုပ်ပြီးသည့်အခါတွင် ယခင်အခြေအနေနှင့်နည်းတူ ကောင်းမွန်စွာရှိနေခြင်းအား သေချာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

၄.၅.၃။ KNU အာဏာပိုင်များသည် ပြန်လည်ပြင်ဆင်သည့် စီမံကိန်းများ ပြုလုပ်သည့်အခါတွင် ဤမူဝါဒ၏ ဖော်ပြထားသော ဦးတည်ချက်များနှင့် လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် သင့်လျော်သော အကာအကွယ်များ တည်ဆောက်ပေးရမည်။ စီမံကိန်းထိခိုက်နိုင်ခြေရှိသည့် မည့်သည့် ပုဂ္ဂိုလ်များ (သို့မဟုတ်) လူထုအသိုင်းအဝိုင်းများကိုမဆို ဆက်သွယ်ပြီး သက်ဆိုင်ရာ ဘာသာစကားဖြင့် သင့်တော်သည့် သတင်းအချက်အလက်အားလုံးဖြင့် ဖြည့်ဆည်းပေးရမည်။ နည်းပညာဆိုင်ရာနှင့်တရားရေးဆိုင်ရာ အထောက်အပံ့များလည်း ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား ထည့်သွင်းစဉ်းစားပြီး အားလုံးပါဝင်မှုရှိသော လိင်ခွဲခြားမှု မရှိသည့် ချဉ်းကပ်သည့်ပုံစံမျိုးများအား အသုံးပြုရမည်ဖြစ်သည်။ ဇီဝမျိုးကွဲများ ပျက်ဆီးခြင်းနှင့်ဆုံးရှုံးခြင်းတို့အား တားဆီးကာကွယ်ရန် (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင်ဆိုင်ရာ တားဆီးကာကွယ်ပေးမှုများ ထားရှိရမည်ဖြစ်ပြီး ကောင်းသောမြေယာစီမံခန့်ခွဲမှု၊ အကောင်းဆုံး ဓလေ့များနှင့် မြေယာဖော်ယူခြင်းများ ဖြစ်စေသည့် ပြောင်းလဲမှုများကို ထောက်ပံ့ပေးရမည်ဖြစ်သည်။

## အပိုဒ် ၄.၆။ ရင်းနှီးမြှုပ်နှံမှု (Investment)

၄.၆.၁။ KNU အာဏာပိုင်များသည် မြေယာဝင်ရောက်နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့်နှင့် ပတ်သက်သည့် ကြီးမားသော လွှဲပြောင်းခြင်းများ မလိုအပ်သည့် သို့မဟုတ် မပေါ်ပေါက်စေသည့် ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများကို သော်လည်းကောင်း၊ မြေယာပိုင်ဆိုင်ခွင့် ကိုင်ဆောင်ထားသူများ မိမိတို့၏ မြေယာများကို မည်ကဲ့သို့သုံးမည်ဆိုသည်နှင့် မည်သည့်အတွက်သုံးမည် ဆိုသည်တို့အား ဆုံးဖြတ်ပိုင်ခွင့်အာဏာ ဆုံးရှုံးမှုများ မလိုအပ်သည့် (သို့မဟုတ်) မပေါ်ပေါက်စေသည့် ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများကို သော်လည်းကောင်း မြှင့်တင်ပေးမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ လူထုအသိုင်းအဝိုင်းများနှင့်

ပတ်သက်သည့်အခါများတွင် KNU အာဏာပိုင်များသည် လုပ်ငန်းဆောင်ရွက်မှု အားလုံးအား လွတ်လပ်သောနိုင်ငံများရှိ တိုင်းရင်းသား လူမျိုးများနှင့်မျိုးနွယ်စုများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) နိုင်ငံတကာ သဘောတူစာချုပ် ဥပဒေအမှတ်(၁၆၉) နှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေငြာချက်ပါ တာဝန်ဝတ္တရားတို့နှင့်အညီ ပြုလုပ်သွားရမည် ဖြစ်သည်။

**၄.၆.၂။** ရင်းနှီးမြှုပ်နှံမှုများသည် အိမ်ထောင်စုတခုချင်း (သို့မဟုတ်) အစုလိုက်တို့၏ မြေယာဝင်ရောက် နေထိုင်ခွင့်နှင့် အသုံးချပိုင်ခွင့် ကြီးမားသော လွှဲပြောင်းမှုများ ဖြစ်ပွားနိုင်ခြေရှိပါက KNU အာဏာပိုင်များသည် လူ့အခွင့်အရေးများ၊ မြေယာလုပ်ပိုင်ခွင့်များ၊ အစားအစာလုံခြုံမှုနှင့် လုံလောက်သည့်အစားအစာ အစဉ်အမြဲ ရရှိနိုင်မှု၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အပေါ် ရင်းနှီးမြှုပ်နှံမှုများကြောင့် ကျရောက်နိုင်သည့် ကောင်းကျိုးနှင့်ဆိုးကျိုးများ နှင့်ပတ်သက်သည့် လွတ်လပ်သော ကြိုတင်ဆန်းစစ်လေ့လာမှု၏ ရလဒ်များကို လူသိရှင်ကြား ကျယ်ပြန့်စွာ ပြုလုပ်ရမည်ဖြစ်သည်။ ဓလေ့ထုံးတမ်းအရနှင့် တရားဝင်မဟုတ်သည့် မြေယာ လုပ်ပိုင်ခွင့်များအပါအဝင် လူမှုရေးအရ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်များ၊ လူနေမှုဘဝများနှင့် မြေယာတောင်းဆိုမှုများအား စနစ်တကျဖော်ထုတ်ပြီး အကာအကွယ်ပေးရန် KNU အာဏာပိုင်များက ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အများပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုများက လူမှုရေးအရတရားဝင်သော မြေယာလုပ်ပိုင်ခွင့်များအား အပေးအယူပြုလုပ်ခြင်း မရှိစေရန် KNU အာဏာပိုင်များတွင် တာဝန်ရှိသည်။

# အခန်း ၅။ မြေယာလုပ်ပိုင်ခွင့် စီမံခန့်ခွဲခြင်း (Administration of Tenure)

## အပိုဒ် ၅.၁။ မှတ်ပုံတင်ခြင်း (Registration)

**၅.၁.၁။** မြေယာလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းကို KAD ၏ ကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုအောက်တွင် KAD က အခါအားလျော်စွာ သတ်မှတ်ပေးထားသည့် ကော်သူးလေရှိ ရုံးခန်းများ၌ ပြုလုပ်ရမည် ဖြစ်သည်။ မှတ်ပုံတင်ရုံးတခုချင်းစီသည် ၎င်းအကျုံးဝင်သောနေရာအတွက် ဤမူဝါဒ၏လိုအပ်ချက်အရ သင့်တော်သည့် မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရမည့် မြေယာနှင့်ပတ်သက်သည့် မှတ်တမ်းများ အားလုံးအတွက် ထားရှိသည့်နေရာဖြစ်ရမည်။

**၅.၁.၂။** မှတ်ပုံတင်ရုံးခန်းတခုချင်းစီတွင် သက်ဆိုင်ရာရုံးမှ အကျုံးဝင်သည့် အမြဲတမ်း နောက်ဆုံးအနေအထားအားပြသည့် မြေပုံကို ထားရှိရမည်ဖြစ်ပြီး ၎င်းမြေပုံတွင် ထိန်းသိမ်းကန့်သတ်ထားသည့်မြေယာ၊ ဘုံမြေနှင့် အများပိုင်မြေကဲ့သို့သော ရွေးချယ်သတ်မှတ်ထားသည့် အသုံးပြုမှုများနှင့် ခွင့်ပြုထားသည့် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်သည့် တိကျသောတည်နေရာများအား ဖော်ပြထားရမည်။

**၅.၁.၃။** မှတ်ပုံတင်ရုံးခန်းတခုချင်းစီတွင် ရုံးခန်းသို့ လာရောက်ပြုလုပ်ထားသော မြေယာမှတ်တမ်းများကို ဆန်းစစ်သည့်အညွှန်းတခု ထားရှိရမည်ဖြစ်သည်။ မှတ်ပုံတင်ရုံးခန်းရှိ မှတ်တမ်းအားလုံးသည် အများပြည်သူ ဝင်ရောက်ကြည့်ရှုနိုင်သော မှတ်တမ်းများဖြစ်ပြီး လုံခြုံပြီး၊ စနစ်တကျ ထားရှိရမည်ဖြစ်သည်။

**၅.၁.၄။** KFD နှင့် KAD တို့သည် ဗဟိုမြေယာကော်မတီမှတဆင့် ၎င်းတို့နှင့် သက်ဆိုင်သည့် နေရာများမှ မြေနေရာချထားမှုများနှင့် အသုံးချမှုပုံစံမျိုးစုံတို့ အား ခွင့်ပြုရန် ဆုံးဖြတ်ချက်များနှင့် ပတ်သက်သော မှတ်တမ်းများ ရှိစေနိုင် ရန် လိုအပ်သလို ညှိနှိုင်းတိုင်ပင်ပြီး ပူးပေါင်းဆောင်ရွက်သွားရမည်။

**၅.၁.၅။** မှတ်ပုံတင်ရုံးခန်းများရှိ မှတ်တမ်းများအား ကရင်ဘာသာနှင့် ဗမာ ဘာသာ နှစ်မျိုးစလုံးဖြင့် ရရှိရမည်။

**၅.၁.၆။** မှတ်ပုံတင်ကြေးများအား KAD က သတ်မှတ်မည်ဖြစ်ပြီး မှတ်ပုံတင်ရုံး၏ ကိုယ်ပိုင်ရပ်တည်မှုအား အထောက်အပံ့ပေးနိုင်ရန်အတွက် နှုန်းထားများအား သတ်မှတ်မည်ဖြစ်ကာ ပုံမှန်မှတ်ပုံတင်ကြေးများ မတတ်နိုင်သူများအတွက် သက်ညှာခွင့် (Waiver) များ စီမံပေးမည် ဖြစ်သည်။

**၅.၁.၇။** မှတ်ပုံတင်ရုံးများသည် မြေယာလုပ်ပိုင်ခွင့်များအား အကျိုးသက်ရောက် သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် မှတ်တမ်းများအတွက် ပြည့်စုံစွာ ရရှိနိုင်သောနေရာများဖြစ်လာရန် ရည်ရွယ်သည်။ သို့ဖြစ်၍ အထူးတလည်ရည်ရွယ်၍ ဖော်ပြထားသည် ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ မြေယာလုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်သည့်အကြောင်းအရာများ၏ မှတ်တမ်း များအား သက်ဆိုင်ရာ မှတ်ပုံတင်ရုံးများတွင် မှတ်တမ်းတင်ထားရမည် ဖြစ် သည်။

## အပိုဒ်၅.၂။ တန်ဖိုးဖြတ်ခြင်း (Valuation)

**၅.၂.၁။** ဤမူဝါဒပါ ရည်ရွယ်ချက်များအတွက် မြေယာ၊ သစ်တောများ၊ ရေ လုပ်ငန်း၊ ရေနှင့် ဆက်စပ်သည့် သဘာဝသယံဇာတများအား တန်ဖိုးဖြတ် သတ်မှတ်ခြင်းအတွက် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများသည် ဗဟိုမြေယာ ကော်မတီတွင် ရှိသည်။ ဗဟိုမြေယာကော်မတီသည် KAD၊ ပြည်သူများနှင့် မိရိုးဖလာအရ အာဏာပိုင်များနှင့် ဆွေးနွေးတိုင်ပင်၍ လက်ရှိမူဝါဒများ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် အခြေခံသဘောတရားတို့နှင့်အညီ KNU

အာဏာပိုင်များ၏ တန်ဖိုးဖြတ်ခြင်း မူဝါဒအား ဆုံးဖြတ်ရန် စီမံကိန်းနှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

## အပိုဒ်၅.၃။ အခွန်ကောက်ခံခြင်း (Taxation)

**၅.၃.၁။** KNU အာဏာပိုင်များအား ပေးရန်ရှိသည့်အခွန်များကို တရားဝင် ဝင်ရောက်နေထိုင်ပြီး အသုံးချနေသော မြေယာများအပေါ် တွက်ချက်သွားမည် ဖြစ်ပြီး အသုံးချခွင့် ကိုင်ဆောင်ထားသူမျိုးစုံတို့က ပေးသွင်းရမည် ဖြစ် သည်။

**၅.၃.၂။** ဝင်ရောက်နေထိုင်ပြီး အသုံးချနေသည့် မြေဧရိယာအပေါ် အခြေခံပြီး အခွန်များအား တွက်ချက်သွားမည်ဖြစ်သည်။

**၅.၃.၃။** မြေဧရိယာအား အခြေခံပြီး တွက်ချက်ထားသည့် အခွန်များအပြင် – (က) လစ်လပ်နေသည့် မြေယာအသုံးချပိုင်ခွင့် ကိုင်ဆောင်ထားသူများနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ မစိုက်ပျိုးရသေးသော စိုက်ပျိုးရေး မြေယာများအတွက် အခွန်ကောက်သည့် အာဏာပိုင်များက စိုက်မျိုးမှု မပြုလုပ်သည့်ကာလများသည် အလှည့်ကျစိုက်ပျိုးခြင်း၏ အရေးကြီးသည့် အစိတ်အပိုင်း ဖြစ်သောကြောင့် တောင်ယာစိုက်ပျိုးရေးသမားများ၏ ပလပ်မြေ များအား ထိုနည်းတူ ဆောင်ရွက်၍ မရနိုင်သော်လည်း သင့်လျော်သလို "Weed Tax" အား တန်ဖိုးဖြတ်နိုင်သည်။ (ခ) စိုက်ပျိုးထားသည့် မြေယာများအတွက် အခွန်ကောက်သည့် အာဏာပိုင်များသည် အခွန်များအား မြေဧရိယာ (သို့မ ဟုတ်) ထုတ်လုပ်ခြင်းတို့အပေါ် မူတည်၍ တန်ဖိုးဖြတ်နိုင်သည်။

**၅.၃.၄။** အခွန်များအား အခွန်သတ်မှတ်သည့်ကာလအတွင်းတွင် တန်ဖိုးဖြတ် နိုင်ပြီး အခွန်ကောက်ခံသည့် အာဏာပိုင်များ သတ်မှတ်ထားသည် အချိန်ဇယား အရ ပေးဆောင်ရမည်ဖြစ်သည်။ ကော်သူးလေရှိ နေရာမျိုးစုံတို့တွင် ဒေသ တခုနှင့်တခု၏ အခြေအနေများ မတူညီသောကြောင့် အခွန်ကောက်ခံသည့် ကာလနှင့် အချိန်ဇယားများသည်လည်း ကွဲပြားခြားနားမည်ဖြစ်သည်။

**၅.၃.၅။** အခွန်များ သတ်မှတ်ရာတွင် အခွန်ကောက်ခံသည့် ကာလတခုချင်း၏ အခွန်နှုန်းထားများအား အခွန်ကောက်ခံသည့် အာဏာပိုင်များက အခါ အားလျော်စွာ သတ်မှတ်သွားမည် ဖြစ်သည်။

**၅.၃.၆။** အခွန်များပေးဆောင်မှုအတွက် အခွန်ကောက်ခံသည့် အာဏာပိုင်များ၏ ဆုံးဖြတ်ချက်အရ ငွေသား (သို့မဟုတ်) ရိတ်သိမ်းချိန်မှ လက်ရှိဈေးကွက် အရ သီးနှံတန်ဖိုးဖြင့် ကောက်ခံနိုင်သည်။

**၅.၃.၇။** ပျိုးပင်တမျိုးတည်းအား ကျယ်ပြန့်စွာ စိုက်သည့်လယ်မြေများ (ဧက ၂၀ အထက်) အား အခွန်ကောက်ခံရာတွင် စုစုပေါင်းရိတ်သိမ်းထားသည့် ပမာဏ၏ 'ခုနစ်' ၇ ရာခိုင်နှုန်းအား KAD က ကောက်ခံမည်။ အသေးစား ပိုင်ဆိုင်သူများ၊ ပျိုးပင်များအား ရောထွေးပြီး စိုက်ထားသည့် လယ်မြေများအား KAD က အခွန်ကောက်ခံရာတွင် အခွန်ကောက်ခံသည့် အာဏာပိုင်များ သတ်မှတ်သည့်အတိုင်း တနှစ်စီ၏ မြေယာအရွယ်အစားအား အခြေခံ၍ ကောက်ခံသွားမည် ဖြစ်သည်။

**၅.၃.၈။** အခွန်ကောက်ခံသည့် အာဏာပိုင်များသည် သင့်လျော်ပြီး ပွင့်လင်းမြင် သာကာ တရားမျှတသည့် အခွန်ကောက်ခံမှုစနစ်ကို အကောင်အထည်ဖော်ရန် သင့်လျော်သည်ထင်သည့်အတိုင်း ပုံစံများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်း များ ချမှတ်ရမည်ဖြစ်သည်။ ထိုအထဲတွင် ပြစ်မှုငယ်များအတွက် ပေးဆောင် ရမည့်နှုန်းနှင့် မပေးဆောင်ရသေးသော အခွန်များအတွက် နှုန်းထားများ သတ်မှတ်ခြင်း၊ လျှော့ပေါ့မှုတောင်းဆိုရန် နစ်နာမှုရှိသော အခွန်ဆောင်သူများ အတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် အခွန်များ မဆောင်ခြင်း အတွက် မြေယာလုပ်ပိုင်ခွင့်များ သိမ်းယူခြင်းတို့ပါဝင်သည်။

## အပိုဒ်၅.၄။ နေရာချထားရေးအစီအစဉ်အား ထိန်းညှိခြင်း

(Regulated Spatial Planning)

**၅.၄.၁။** ဇဟိုမြေယာကော်မတီသည် ပြည်သူများနှင့် မိရိုးဖလာအရ အာဏာပိုင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ကော်သူးလေတွင် မြေနေရာများ ချထားရေးအစီအစဉ်အား ထိန်းညှိမှု လိုအပ်သည့်အခါ ဆုံးဖြတ်ချက်ချရန် နှင့် စနစ်ကျပြီး ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ပြီး စောလျင်စွာ ဤမူဝါဒပါ ဦးတည်ချက်များ၊ အခြေခံသဘောတရားများနှင့်အညီ အဆိုပါ အစီအစဉ်အား ဖော်ထုတ်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားရှိရမည် ဖြစ်သည်။

## အပိုဒ် ၅.၅။ မြေယာလုပ်ပိုင်ခွင့်များနှင့် မြေယာလုပ်ပိုင်ခွင့်များနှင့်ပတ်သက်သော အငြင်းပွားမှုများအား ဖြေရှင်းခြင်း

(Resolution of Tenure rights and Tenure Rights related Disputes)

**၅.၅.၁။** ဤမူဝါဒအား အကောင်အထည်ဖော်ဆောင်ခြင်းသည် ကျေးရွာတခုနှင့်တခုအကြား (သို့မဟုတ်) ရွာအတွင်းရှိ ရွာသားများအကြား မြေယာလုပ်ပိုင်ခွင့်များနှင့် ပတ်သက်သည့် အငြင်းပွားမှုအား ဖြေရှင်းပေးခြင်းများ လိုအပ်နိုင်သည်။

၅.၅.၂။ ရွာသားအချင်းချင်းအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများအား တတ်နိုင်သမျှ ၎င်းရွာ၏ ဓလေ့ထုံးတမ်းများနှင့်အညီ ဖြေရှင်းသွားရမည် ဖြစ်သည်။ မိရိုးဖလာအရ အာဏာပိုင်များသည် ပဋိပက္ခများအား ဖြေရှင်းနိုင်ခြင်း မရှိသည့်အခါမျိုးတွင် ရွာသားများသည် သီးခြားမြေယာ ပဋိပက္ခများအား ဖြေရှင်းရန် အမှုတမှုချင်းစီအတွက် ဖွဲ့စည်းထားသော မြေယာပဋိပက္ခဖြေရှင်းရေး ကော်မတီထံသို့ သွားရမည် ဖြစ်သည်။ ထိုကော်မတီအား စုစုပေါင်း လူ(၅)ဦးမှ (၇)ဦး (အမျိုးသမီး၂–၃) ဖြင့် ဖွဲ့စည်းထားပြီး– ဒေသခံ မိရိုးဖလာအရ အာဏာပိုင်၊ ကျေးရွာအုပ်ချုပ်ရေး ခေါင်းဆောင်၊ KAWU အဖွဲ့ဝင် ၁ ဦးမှ ၂

ဦး (သင့်တော်သလို)၊ အမျိုးသမီးအဖွဲ့အစည်းနှင့် လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တဦးစီတို့ပါဝင်သည်။ သင့်လျော်သည့် စီမံအုပ်ချုပ်ရေး အဆင့်တွင် KNU အရာရှိများနှင့် ဆွေးနွေးတိုင်ပင်ကာ ရွာသားများသည် ပထမ ဦးဆုံး ကျေးရွာအဆင့်ရှိ အာဏာပိုင်များကို ချည်းကပ်မည်ဖြစ်သည်။ ဖြေရှင်းမှု မရရှိခဲ့လျှင် အမှုကို နောက်ထပ်တဆင့်မြင့်သည့် အုပ်ချုပ်ရေးအဆင့်သို့ ဆက်တက်မည်ဖြစ်သည်။ ဤကိစ္စတွင် ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်တို့ဖြစ်သည်။ မြို့နယ်အုပ်ချုပ်မှုအဆင့်နှင့်အထက်တွင် ရွာသားများသည် KAD ၏ တရားဝင်ကိုယ်စားပြုခြင်းဖြင့် ၎င်းတို့၏အမှုအား KNU အာဏာပိုင်များ၏ တရားရုံးစနစ်ဆီသို့ တင်သွင်းမည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျန်ရှိသည့် သက်ဆိုင်ရာဌာနအားလုံး (KJD၊ KFD၊ KMD၊ KFiD) ပါဝင်မည်ဖြစ်သည်။ အုပ်ချုပ်မှုအဆင့်အားလုံးတွင် ရွာသားများနှင့် အာဏာပိုင်များသည် ဗဟိုမြေယာကော်မတီနှင့် ကရင်စိုက်ပျိုးရေးအလုပ်သမားများ သမဂ္ဂ (KAWU) တို့နှင့် ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်သည်။

**၅.၅.၃။** ကျေးရွာများအကြား အငြင်းပွားမှုများနှင့်စပ်လျှင်းပြီး ကော်သူးလေ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်အောက်တွင် ထိခိုက်ခံစားရသည့် ကျေးရွာများမှ ခေါင်းဆောင်များနှင့် ကရင်စိုက်ပျိုးရေး အလုပ်သမားများ သမဂ္ဂ (KAWU) မှ ကိုယ်စားလှယ်များဖြင့်ဒေသတွင်း မြေယာအငြင်းပွားမှု ဖြေရှင်းရေး ကော်မတီတခုအား ဖွဲ့စည်းသွားမည်ဖြစ်သည်။ ၎င်းကော်မတီသည် အတိုင်းအတာတခုအထိ သက်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေများကို အသုံးပြုကာ ယှဉ်ပြိုင် တောင်းဆိုချက်များအပေါ် မျှတမှုနှင့် အများဆန္ဒရရှိရန် ကြိုးပမ်းရမည်။ အများသဘောတူညီချက်အား မရနိုင်ပါက (သို့မဟုတ်) ၎င်းကဲ့သို့သော သမဂ္ဂတခု ထိုမြို့နယ်များတွင် မရှိပါက ထိုကိစ္စအား ဗဟိုမြေယာကော်မတီ၊ KAD နှင့်/ သို့မဟုတ် မြို့နယ်အဆင့် တရားရုံးများကဲ့သို့သော အငြင်းပွားမှုဖြေရှင်းရေး ကော်မတီတခုခုထံ သွားရောက်ရမည်ဖြစ်သည်။

**၅.၅.၄။** အငြင်းပွားမှုအားလုံးအား မျှတပြီး လိင်ခွဲခြားမှုမရှိဘဲ လက်လှမ်းမီပြီး အငြင်းပွားမှု ဖြေရှင်းရန် တာဝန်ပေးအပ်ထားသော အဖွဲ့ဝင်များသည် မိမိအကျိုးစီးပွားအတွက်မဟုတ်ဘဲ ဖြေရှင်းသွားရမည်ဖြစ်သည်။

**၅.၅.၅။** မိရိုးဖလာအရ အာဏာပိုင်များ၊ KAD နှင့် ဗဟို မြေယာကော်မတီတို့က ဖြေရှင်းမပေးနိုင်သော လူအများပါဝင်သည့် တောင်းဆိုမှုနှင့် သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့် အငြင်းပွားခြင်းများအား မြို့နယ်အဆင့်တရားရုံးမှ စတင်ရမည်ဖြစ်သည်။ အငြင်းပွားမှုတွင် ကြီးမားသည့်လုပ်ငန်း (သို့မဟုတ်) စီးပွားရေးစီမံကိန်းတခု ပါဝင်နေပါက ၎င်းအငြင်းပွားမှုအား အဖြေရှာရန် ခရိုင်အဆင့် တရားရုံးနှင့် ထိုမှတဆင့် ဗဟိုတရားရုံးဆီသို့ လွှဲပြောင်းပေးရမည် ဖြစ်သည်။

**၅.၅.၆။** အငြင်းပွားမှု၏ ဖြေရှင်းခြင်းလုပ်ငန်းစဉ်သည် ဆိုင်းငံ့နေပါက ထိုအငြင်းပွားမှုဖြစ်နေသည့် မြေယာနှင့်ပတ်သက်ပြီး မည်သည့်မြေယာအသုံးချပိုင်ခွင့်မှ ပေးအပ်ခြင်း မပြုလုပ်ရပါ။

# အခန်း၆။ အကောင်အထည်ဖော်ဆောင်ခြင်း (Implementation)

## အပိုဒ်၆.၁။ သင်တန်းပို့ချခြင်း (Training)

**၆.၁.၁။** ဤမူဝါဒတွင် ပါဝင်သည့်အကြောင်းအရာများအား ဆက်လက်အကောင်အထည် ဖော်ဆောင်သွားရန် KNU အာဏာပိုင်များသည် ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ရန်နှင့် မြေယာမှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် သင်တန်းများ ပို့ချရန်အတွက် အစီအစဉ်များရေးဆွဲသင့်ပြီး ၎င်းတွင် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်မည့်ပုဂ္ဂိုလ်များနှင့် စာရွက်စာတမ်းများ ပြင်ဆင်ခြင်း၊ မြေပုံဆွဲခြင်းနှင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်မည့် ဝန်ထမ်းများအတွက် သင်တန်းအစီအစဉ်များ ပါဝင်သည်။

**၆.၁.၂။** ကြီးမားသော တရားဝင်မဟုတ်သည့် မြေယာပိုင်ဆိုင်မှုစနစ်တခုအား ပိုမိုတရားဝင်ဖြစ်သည့်စနစ်တခုသို့ ပြောင်းလဲရန် ခက်ခဲပြီးရှုပ်ထွေးသည်ကို အသိအမှတ် ပြုထားသည်။ သို့ဖြစ်၍ ပြည်သူများအကြား ပညာရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများ ပြင်ဆင်ခြင်းနှင့် ဆောင်ရွက်ခြင်းအပြင် ပုဂ္ဂိုလ်တဦးချင်း ပါဝင်လာအောင်ကူညီပေးရန်နှင့် ပိုမိုတရားဝင်သည့် စနစ်တခု၏ အကျိုးကျေးဇူးများ ရှိလာစေရန် သာမန် တရားရေးအထောက်အကူပေးသူများအား သင်တန်းပေးခြင်းအတွက် အစီအစဉ်များ ရေးဆွဲခြင်းတို့သည် KNU အာဏာပိုင်များ၏ တာဝန်များ ဖြစ်သည်။

**၆.၁.၃။** သယံဇာတများက အတိုင်းအတာတခုအထိ ခွင့်ပြုထားသည့်အတိုင်း

မြေယာ၊ သစ်တောများ၊ ရေလုပ်ငန်းများနှင့် ရေတို့အတွက် တာဝန်ရှိသည့် အရည်အချင်းရှိသော အဖွဲ့အစည်းများသည် လူသား၊ ရုပ်ဝတ္ထု၊ ဘဏ္ဍာရေးနှင့် အခြားစွမ်းဆောင်မှုများ ရှိစေရန်နိုင်ငံများက ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်အား စီမံအုပ်ချုပ်ရန်အတွက် တာဝန်ဝတ္တရားများအား လွှဲပြောင်းပေးသည့်အခါများတွင် လက်ခံရရှိသူများသည် ထိုတာဝန်ဝတ္တရား များအားစွမ်းဆောင်နိုင်ရန်အတွက် သင်တန်းများနှင့်အခြားအထောက်အပံ့ များ ရရှိသင့်သည်။

## အပိုဒ် ၆.၂။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation)

**၆၇.၂.၁။** ဆက်လက်စုံစမ်းစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် တုံ့ပြန်ခြင်းများ လိုအပ်သည့် ကိစ္စများလည်း သဘာဝအလျောက် ပေါ် ပေါက်လာမည်ဖြစ်သည်။ ဗဟိုမြေယာကော်မတီ၏ မြေယာအငြင်းပွားမှုဆိုင် ရာ အလုပ်အမှုဆောင်အုပ်စုသည် ဦးဆောင်သည့် အခန်းကဏ္ဍကိုယူပြီး မိရိုး ဖလာအရ အာဏာပိုင်များနှင့် လူမှုအဖွဲ့အစည်း အဖွဲ့များနှင့် ပူးပေါင်း ဆောင် ရွက်ကာ ဖြေရှင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းများနှင့် အကဲဖြတ်ခြင်းများ အား လိုအပ်သည့် ကိစ္စများအား စောလျင်စွာ တုံ့ပြန်သွားမည်ဖြစ်သည်။

**၆.၂.၂။** နိုင်ငံများသည် အစားအစာလုံခြုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ခြင်း တို့အပေါ် လိင်ခွဲခြားပြီးဆက်ဆံမှု၏ အကျိုးသက်ရောက်မှုများနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက်များအပေါ် အကျိုးသက်ရောက် မှုများ အပါအဝင် မြေယာခွဲဝေခြင်းအစီအစဉ်များ၏ ရလဒ်များအား စောင့် ကြည့်လေ့လာရမည်ဖြစ်ပြီး လိုအပ်ပါက ပြန်လည်တည့်မတ်ပေးသည့် အရေး ယူ ဆောင်ရွက်မှုများကိုလည်း ထည့်သွင်းလုပ်ဆောင်ရမည် ဖြစ်သည်။

**၆.၂.၃။** ဗဟိုမြေယာကော်မတီသည် KAD၊ မိရိုးဖလာအရ အာဏာပိုင်များနှင့် လူမှုအဖွဲ့အစည်းအုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်ကာ ၎င်းတို့၏တိုင်တန်းမှု

ယန္တရားမှတဆင့် အဂတိလိုက်စားခြင်းအား စွပ်စွဲမှုများအတွက် အချက်အချာကျသည့်နေရာဖြစ်သည်။

♦ ♦ ♦

ဒီဇင်ဘာ ၂၀၁၅ ခုနှစ်
ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးမှ ပြန်လည်ပြင်ဆင် အတည်ပြုသည်။

## အင်္ဂလိပ်စာလုံးအတိုကောက်များ

KNU - Karen National Union

KAD - Karen Agriculture Department

KFD - Karen Forestry Department

KJD - Karen Judicial Department

KFiD - Karen Fisheries Department

KAWU - Karen Agricultural Worker Union

DOI - Department of Interior

KNU EPC - KNU Environment Protector Committee

FPIC - Free, Prior and Informed Consent

IAIA - International Association for Impact Assessments

IDP - Internally Displaced Person